မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက်၊ ၂၀၁၀ခုနှစ်၊ ဧပြီ ၂၄ ရက်၊ စနေနေ့၊ အတွဲ (၄၉)၊ အမှတ် (၂၀၁)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အစည်းအဝေး(၂၁/၂၀၁၀)ကျင်းပ

နေပြည်တော် ဧပြီ ၂၃

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အစည်းအဝေး(၂၁/၂၀၁၀)ကို ယနေ့နံနက် ၉နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် ကော်မရှင်အဖွဲ့ဝင်များ စုံညီစွာတက်ရောက်ကြသည်။ ရှေးဦးစွာ ကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက အဖွင့်အမှာစကားပြောကြားပြီး နိုင်ငံရေးပါတီတည်ထောင်ခွင့် လျှောက်ထားချက်များအား စိစစ်ခြင်းကိစ္စရပ်များကို ဆောင်ရွက်ကြသည်။ ထို့နောက် ကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အစည်းအဝေး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အစည်းအဝေး(၂၁/၂၀၁၀)ကို နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ကျင်းပစဉ်။ (သတင်းစဉ်)

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးအဖြစ် ပေါ်ထွန်းလာရေး အမျိုးသားပညာရည်မြင့်မားရေးလုပ်ငန်း အဓိကကျသည့်အခန်းကဏ္ဍမှ ပါဝင်လျက်ရှိ

ယခင်က တက္ကသိုလ်၊ ကောလိပ် ၃၂၃ ရှိခဲ့ရာမှ ယခု ၁၅၉ ခုအထိ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် ငါးဆတိုးတက်လာ

နေပြည်တော် ဧပြီ ၂၃

ပညာရေးဝန်ကြီးဌာန ၂၀၁၀ခုနှစ် အမျိုးသားပညာရည်မြင့်မားရေး နီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် နေပြည်တော်ပျဉ်းမနားမြို့နယ်ရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်ရွှေရတုခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာချမ်းငြိမ်းတက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

တက်ရောက်

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ အခြေခံပညာဦးစီးဌာနနှင့် အဆင့်မြင့်ပညာဦးစီးဌာနတို့မှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

စာမျက်နှာ ၆ ကော်လံ ၁ ❍

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် ဧပြီ ၂၄ ရက်)

ပြည်ထောင်စုအနှံ့ လမ်း၊တံတားများ ကွန်ရက်သဖွယ် ဖြစ်ထွန်းပေါ်ပေါက်ခဲ့ပြီ

ယနေ့ နိုင်ငံတော်အစိုးရသည် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်နေခြင်းသည် မျက်မှောက်ကာလအတွက်သာမက အနာဂတ်ကာလတွင်ပါ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဘက်စုံဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။

ရတနာသိင်္ဃတံတား တည်ဆောက်ရေးစီမံကိန်း ပန္နက်တော်တင်မင်္ဂလာအခမ်းအနားကို ဧပြီလ ၁၆ ရက်နေ့က စစ်ကိုင်းတိုင်း ကျောက်မြောင်းဘက်ကမ်း စီမံကိန်းရှင်းလင်းဆောင်အနီး မင်္ဂလာမဏ္ဍပ်၌ ကျင်းပခဲ့သည်။

ရတနာသိင်္ဃတံတားသည် ဧရာဝတီမြစ်ကူးတံတားတစ်စင်းဖြစ်ပြီး စစ်ကိုင်းတိုင်းမှ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့သို့ ဆက်သွယ်သွားလာမှု လွယ်ကူလျင်မြန်စေရန်ရည်ရွယ်၍ တည်ဆောက်ခြင်းဖြစ်သည်။

ဧရာဝတီမြစ်အရှေ့ဘက်ကမ်းရှိ စဥ့်ကူးမြို့မှတစ်ဆင့် မန္တလေး-မတ္တရာ-ဗန်းမော်-မြစ်ကြီးနားလမ်းသို့ ရောက်ရှိပြီး ယင်းလမ်းမကြီးမှတစ်ဆင့် မိုးကုတ်၊ မိုးမိတ်နှင့် မဘိမ်းမြို့များသို့ ဆက်သွယ်သွားလာနိုင်မည်ဖြစ်သည်။ ဧရာဝတီမြစ်အနောက်ဘက်ကမ်းရှိ နွယ်ငြိမ်း-ကျောက်မြောင်း-ရွှေဘိုမှတစ်ဆင့် မန္တလေး-ရွှေဘို-မြစ်ကြီးနားလမ်းသို့လည်းကောင်း၊ ရွှေဘို-ခင်ဦး-ရေဦး-ကလေးဝလမ်းသို့လည်းကောင်း၊ ရွှေဘို-အရာတော်-မုံရွာ-ယာကြီး-ကလေးဝ-ကလေးမြို့လမ်းမှတစ်ဆင့် ချင်းပြည်နယ်သို့လည်းကောင်း ဆက်သွယ်သွားလာနိုင်မည်ဖြစ်သည်။

ယခင်ကာလက ဧရာဝတီမြစ်ကူးတံတားအဖြစ် အင်းဝတံတားတစ်ခုသာရှိခဲ့ရာမှ ၁၉၈၈ခုနှစ်မှ ယနေ့အထိ ဧရာဝတီမြစ်ကူးတံတားသစ်ကြီး ရှစ်စင်းကို တည်ဆောက်ခဲ့ပြီးဖြစ်သည်။ ယခုအခါ ဧရာဝတီမြစ်ကူးတံတားသစ်ကြီးများဖြစ်သည့် စင်းခန်းတံတား၊ ပခုက္ကူတံတား၊ မလွန်တံတား၊ ညောင်တုန်းတံတားနှင့် ရတနာသိင်္ဃတံတားဟူသည့် တံတားသစ်ကြီးငါးစင်းကို တစ်ပြိုင်တည်း တည်ဆောက်လျက်ရှိရာ ယင်းစီမံကိန်းတံတားများ တည်ဆောက်ပြီးစီးပါက ဧရာဝတီမြစ်ကူးတံတားသစ်ကြီး စုစုပေါင်း ၁၃စင်းအထိ ဖြစ်တည် အသုံးပြုလာနိုင်တော့မည်ဖြစ်သည်။

ရတနာသိင်္ဃတံတားသည် ၂၈ပေအကျယ်ရှိ နှစ်လမ်းသွား ကားလမ်းနှင့် တစ်ဖက်လျှင် သုံးပေစီရှိသည့် လူသွားလမ်းများပါရှိမည်ဖြစ်ပြီး တံတားအရှည်မှာ ပေ ၂၄၈၀ ရှိမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုတစ်ဝန်း ရထားလမ်းများ၊ ကားလမ်းမကြီးများ၊ တံတားများကို ကွန်ရက်သဖွယ် လက်ယှက်ထိုးဖောက်လုပ်တည်ဆောက်ပေးလျက်ရှိရာ ပြည်နယ်နှင့်တိုင်းများသို့ အချိန်တိုအတွင်း လွယ်လင့်တကူသွားလာနိုင်ပြီဖြစ်၍ တိုင်းရင်းသားပြည်သူများကလည်း ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ညီညာဖြိုဖြို လက်တွဲပါဝင်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန် ကလေးဆေးရုံကြီးသို့ ဆေးရုံသုံးပစ္စည်းကိရိယာများ လှူဒါန်း

ရန်ကုန် ဧပြီ ၂၃

ရန်ကုန်ကလေးဆေးရုံကြီးသို့ ဆေးရုံသုံးပစ္စည်းကိရိယာများနှင့် သွေးလွန်တုပ်ကွေးကုသဆောင် ပြင်ဆင်မွမ်းမံရန်အတွက် အလှူငွေ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲ ၂နာရီက ရန်ကုန်မြို့ရှိ ရန်ကုန်ကလေးဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Bansarn Bunnag က လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ထိုင်းနိုင်ငံ ထိုင်းဘုရင့်သမီးတော် မဟာချက်ကရီ သီရိန္ဒုမင်းသမီး လှူဒါန်းသည့် ဆေးရုံသုံး ပစ္စည်းကိရိယာများနှင့် သွေးလွန်တုပ်ကွေးကုသဆောင်ပြင်ဆင်မွမ်းမံမှုတို့အတွက် လှူဒါန်းငွေ အမေရိကန်ဒေါ်လာ ၅၆၉၀၀ကို ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Bansarn Bunnag က ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာအောင်ကြည်ဝင်းက လက်ခံပြီး ကျေးဇူးတင်စကားပြောကြားသည်။ (သတင်းစဉ်)

ညအိပ်ရာဝင်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်။

(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်း လုံးဝမပြုလုပ်ပါနှင့်။

(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်၊ လေထွက် ကောင်းမွန်စေရေး စီမံထားရှိရန်။

ကြည့်ရှုစစ်ဆေး

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ပုသိမ်-သလပ်ခွာ-မော်တင်စွန်းကားလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (ဆောက်လုပ်ရေး)

ပုသိမ်- သလပ်ခွာ-မော်တင်စွန်းကားလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း

ဆောက်လုပ်ရေးဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၂၃

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၂၀ရက် နံနက် ၇နာရီခွဲက မော်တင်စွန်းမှ မော်တော်ယာဉ်များဖြင့် ပုသိမ်-သလပ်ခွာ-မော်တင်စွန်းကားလမ်း မိုင်တိုင်အမှတ် (၉၆/၀)မှ (၉၀/၄)အထိ မိုးရတနာထွန်းကုမ္ပဏီ၏ ကတ္တရာခင်းခြင်းလုပ်ငန်း၊ ကျောက်ခင်းခြင်းလုပ်ငန်းနှင့် တံတားတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဝန်ကြီးသည် မိုင်တိုင်အမှတ် (၉၀/၄)နှင့် (၈၄/၄) အကြားတွင် လမ်းသား အကျယ် ၃၄ပေ၊ ကတ္တရာလမ်း အကျယ် ၁၂ပေ၊ လမ်းပခုံး ဘယ်၊ ညာ သုံးပေစီ စံချိန်စံညွှန်း ပြည့်မီခြင်းရှိမရှိ တိုင်းတာဆောင်ရွက်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး I.G.C ကုမ္ပဏီက ဆောင်ရွက်လျက်ရှိသော ကတ္တရာခင်းခြင်းလုပ်ငန်းနှင့် ကတ္တရာကျိုနေသည့်လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ မိုင်တိုင်အမှတ် (၈၄/၄)မှ (၇၈/၄)အကြား လုပ်ငန်းဆောင်ရွက်လျက်ရှိသော Same Sky ကုမ္ပဏီ ရှင်းလင်းဆောင်၌ ကုမ္ပဏီမှ ရှင်းလင်းတင်ပြချက်အပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ဝန်ကြီးသည် မိုင်တိုင်အမှတ် (၇၂/၄)နှင့် (၆၆/၄)အကြား ရွှေတောင်ကုမ္ပဏီမှ လုပ်ငန်းဆောင်ရွက်နေမှုများကို လည်းကောင်း၊ မိုင်တိုင်အမှတ် (၆၆/၄)မှ (၆၀/၄)အတွင်း Golden Harp ကုမ္ပဏီမှ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ပြီး စိုးမိုးရတနာတံတားတည်ဆောက်ရေးကုမ္ပဏီမှ တည်ဆောက်နေသော အရှည်ပေ ၂၄၀၊ အကျယ် ၂၄ပေရှိ ပိုးလောင်းချောင်းတံတား တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ မွန်းလွဲပိုင်းတွင် ငရုတ်ကောင်းတောင်ကျေးရွာရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ရှင်းလင်းဆောင်၌ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ကုမ္ပဏီဝန်ထမ်းများနှင့်တွေ့ဆုံ၍ လုပ်ငန်းများကို ညှိနှိုင်းဆောင်ရွက်ရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးသည် ကားလမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး ညနေပိုင်းတွင် အောင်ကမ္ဘာကုမ္ပဏီ ရှင်းလင်းဆောင်၌ လမ်း၊ တံတားလုပ်ငန်းဆိုင်ရာများကို ဖြည့်ဆည်းမှာကြားခဲ့ကာ လမ်းပိုင်းအစမှ မိုင်တိုင်အမှတ် (၈/၆) အထိ ဆောင်ရွက်လျက်ရှိသော Asia World ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၄-၄-၂၀၁၀

(စနေနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်
၅:၁၅ MRTV-4 သတင်း
၆:၀၀ **သူတော်ကောင်းနှင့် တွေ့ပါရစေ** တရားတော် (သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ)
၆:၅၅ ဆုတောင်းပြည့် အဓိဋ္ဌာန်အောင် **မဟာရွှေသိမ်တော်**
၇:၀၀ MRTV-4 သတင်း
၇:၄၅ ရန်ကုန်မြင်ကွင်းကျယ် (ဂျပန်ရိုးရာ လက်ဖက်ရည်ကြမ်းပွဲတော်နှင့် ဂျပန်နိုင်ငံ၏ စာသင်ကြားမှုအတွေ့အကြုံများ ဟောပြောပွဲအခမ်းအနား)
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၉၀)
၈:၃၀ Sports World
၈:၅၅ Activities in the City (မင်္ဂလာဒုံမြို့နယ်ပညာရေးမိသားစု၏ စုပေါင်းရှင်ပြုအလှူတော်)
၉:၀၅ အင်းလေးသစ်ခွပန်းများမှသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆီသို့
၉:၃၀ Global Panorama (ဦးကိုကိုလှိုင်၊ မျိုးမြတ်သူ)
၁၀:၂၅ သာသနာ့အောင်ပွဲ....ခြိမ့်ခြိမ့်သဲ
၁၀:၃၅ Global ကြော်ငြာရိုက်ကွင်း အမှတ်တရ
၁၁:၀၀ သွားမယ်စားမယ် (The SEOUL Korean Restaurant)
၁၁:၃၅ အနုပညာကြယ်ပွင့်များနှင့် သားအိမ်ခေါင်းကင်ဆာ စကားဝိုင်း
၁၂:၀၅ လှပသစ်ဆန်း ဖန်စီဖိနပ်လုပ်ငန်း
၁၂:၁၅ ရွှေနန်းဆန်ဆန် ပုဂံဟန်ပန် Aureum Palace အသွင်သဏ္ဍာန်
၁၂:၄၅ သာသနာ့အောင်ပွဲ....ခြိမ့်ခြိမ့်သဲ
၁:၀၀ **သူတော်ကောင်းနှင့် တွေ့ပါရစေ** တရားတော် (သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ)
၂:၀၀ MRTV-4 သတင်း
၂:၄၅ Fashion Music Festival (Pop Fashion- 1)
၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၉၀)
၄:၀၅ အကြားအာရုံ၏ အားကိုးရာ
၄:၂၅ ကြိုးစားခြင်း၏....ရလဒ်
၄:၄၅ မန္တလာမြေမှ Diamond Plaza
၅:၀၀ Global ကြော်ငြာရိုက်ကွင်း အမှတ်တရ
၅:၁၅ Activities in the City (မင်္ဂလာဒုံမြို့နယ်ပညာရေးမိသားစု၏ စုပေါင်းရှင်ပြုအလှူတော်)
၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
၆:၀၀ MRTV-4 သတင်း
၆:၂၀ သွားမယ် စားမယ် (The SEOUL Korean Restaurant)
၆:၅၀ သင်ကြားရေးလမ်းညွှန် (Singapore JCU)
၇:၀၅ Fashion Music Festival (Pop Fashion-1)
၇:၄၀ လှပသစ်ဆန်း ဖန်စီဖိနပ်လုပ်ငန်း
၈:၀၀ MRTV-4 သတင်း
၈:၃၀ ရန်ကုန်မြင်ကွင်းကျယ် (ဂျပန်ရိုးရာ လက်ဖက်ရည်ကြမ်းပွဲတော်နှင့် ဂျပန်နိုင်ငံ၏စာသင်ကြားမှု အတွေ့အကြုံများ ဟောပြောပွဲ အခမ်းအနား)
၈:၅၅ မန္တလာမြေမှ Diamond Plaza
၉:၀၅ သင်ကြားရေးလမ်းညွှန် (Singapore JCU)
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၉၀)
၁၀:၀၀ အင်းလေးသစ်ခွပန်းများမှသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆီသို့
၁၀:၂၅ ဖွံ့ဖြိုးတိုးတက်ဝေဆာနေ....တောင်ကုတ်အလှမြေ
၁၀:၄၀ သစ်သီးဝလံပေါပြည့်ဝေဆာတို့မြေမှာ (ဒူးရင်း၊ မင်းကွတ်၊ ကြက်မောက်)
၁၀:၅၅ **ကျော်သွားမှာလား.... ဖော်စားမှာလား** ခန့်စည်သူ၊ ဦးစောနိုင် (ရှမ်းပြည်)၊ ပုလဲဝင်း၊ သက်မွန်မြင့်၊ မယ်လိုဒီ၊ ဟေမာန်အောင်အောင်၊ (ဒါရိုက်တာ-အကယ်ဒမီ မလိခ စိုးထိုက်အောင်)
၁၁:၀၀ Barclays Premier League Arsenal Vs Man City
၁:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို
ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်
ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။
မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်
UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်းများ
၆:၁၀	Man U-Tottenham	ESPN (Live)
၈:၂၅	West Ham-Wigan	ESPN (Live)
	Hull City -Sunderland	Star Sports (Live)
၁၀:၃၀	Wolverhampton-Blackburn	Star Sports (SDD)
၁၀:၅၅	Arsenal-Man City	ESPN (Live)

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး တိုင်းရင်းဆေးတက္ကသိုလ် ခေတ္တပါမောက္ခချုပ်နှင့် ပါမောက္ခ ဌာနမှူးများအား တွေ့ဆုံ၍ ဆေးပညာသင်ကြားရေးဆိုင်ရာများ မှာကြားစဉ်။ (သတင်းစဉ်)

ထိရောက်သော တိုင်းရင်းဆေးကုထုံးများကို သုတေသနပြုလုပ် အရည်အသွေးထက်မြက်သည့် တိုင်းရင်းဆေးပညာရှင်များ မွေးထုတ်

နေပြည်တော် ဧပြီ ၂၃

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးသည် ဧပြီ ၁၉ရက် နံနက်ပိုင်းက မန္တလေးမြို့ရှိ တိုင်းရင်းဆေးတက္ကသိုလ်သို့ သွားရောက်၍ တိုင်းရင်းဆေးတက္ကသိုလ် ခေတ္တပါမောက္ခချုပ်နှင့် ပါမောက္ခဌာနမှူးများအားတွေ့ဆုံရာ ခေတ္တပါမောက္ခချုပ်က တက္ကသိုလ်နှင့် စပ်လျဉ်းသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

လေ့ကျင့်မွေးထုတ်

ထို့နောက် ဒုတိယဝန်ကြီးက သင်ရိုးညွှန်းတမ်းများကို စဉ်ဆက်မပြတ်သုံးသပ်၍ ပိုမိုကောင်းမွန်အောင်ပြုပြင်ရန်၊ ထိရောက်သော တိုင်းရင်းဆေးကုထုံးများကို သုတေသနပြုလုပ်သွားကြရန်နှင့် အတွေးအခေါ်နှင့် အရည်အသွေးထက်မြက်သည့် တိုင်းရင်းဆေးပညာရှင်များ လေ့ကျင့်မွေးထုတ်ပေးရန်တို့ကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ဆေးတက္ကသိုလ်(မန္တလေး)သို့ သွားရောက်၍ အစည်းအဝေးခန်းမ၌ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပါမောက္ခ/ ဌာနမှူးများ၊ ဆရာဆရာမများနှင့် တွေ့ဆုံ၍ ဆေးပညာသင်ကြားရေးကို ကောင်းမွန်သည်ထက်ကောင်းအောင် ပိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး၊ ကျောင်းသား ကျောင်းသူများအား ဆေးပညာရှင်တို့၏ကျင့်ဝတ်ကို လိုက်နာတတ်အောင် သင်ကြားပေးရေးတို့နှင့် စပ်လျဉ်း၍ အကျယ်တဝင့် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်သို့လည်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်ချက်များကို ဖြည့်ဆည်း မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၄-၄-၂၀၁၀ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ **မြတ်ဂုဏ်တော်သခင်** (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
- ၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈:၀၀ ၆။ အတီးပြိုင်ပွဲ
- ၈:၁၀ ၇။ ကဗျာပန်းဥယျာဉ်
- ၈:၂၀ ၈။ **လက်ဆေးပြီးပြီလား**
- ၈:၂၅ ၉။ တေးဂီတအစီအစဉ်
- ၈:၄၀ ၁၀။ International News
- ၈:၄၅ ၁၁။ Connect With English (Episode-41) (Un Expected Offers)
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၂၅ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၁:၅၀ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၂:၃၀ ၅။ Yan Can Cook
- ၁၂:၄၅ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **မပြယ်သောချစ်ခြင်း၊ မနွမ်းသောမေတ္တာ**(အပိုင်း-၁)
- ၁၃:၅၀ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၁၃:၅၅ ၈။ အတီးပြိုင်ပွဲ
- ၁၄:၁၅ ၉။ တေးဂီတအစီအစဉ်
- ၁၄:၃၀ ၁၀။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၁၄:၄၅ ၁၁။ International News
- ၁၅:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၃:၄၅ ၁။ Myanmar National League MNL Cup 2010 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (မကွေး FC အသင်းနှင့် ဒယ်လ်တာယူနိုက်တက် FC အသင်း)
- ၅:၄၅ ၂။ တေးဂီတအစီအစဉ်
- ၆:၀၀ ၃။ ညနေခင်းသတင်း
- ၆:၁၅ ၄။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၅။ အလှရှာမယ်လှကမ္ဘာဝယ်
- ၆:၃၅ ၆။ ယဉ်တစ်ကိုယ်မယ်
- ၇:၀၀ ၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်မိတာခွင့်လွှတ်ပါ** (အပိုင်း-၁)
- ၈:၀၀ ၈။ ပြည်တွင်းသတင်း
- ၉။ နိုင်ငံတကာသတင်းများ
- ၁၀။ မိုးလေဝသအခြေအနေ
- ၁၁။ ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (အပိုင်း-၁၈)
- ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **အရွယ်လွန်ချစ်အိပ်မက်** (အပိုင်း-၁)
- ၁၃။ ဂီတတံခါးလေးဖွင့်ပါဦး
- ၁၄။ အစီအစဉ်ပြီး၏။

မြန်မာနိုင်ငံပြန်တမ်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန (တောင်ပိုင်း)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်အား ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ သန်လျင်နှင့် ကျောက်တန်းမြို့နယ်တို့၌ စည်ပင်သာယာရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၂၃

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး တင်ငွေသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သို့ရောက်ရှိလာရာ သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးက မြို့ပြ/ကျေးလက်စည်ပင်သာယာရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်များအတွင်း ဆောင်ရွက်ပြီးစီးသော လုပ်ငန်းများနှင့် ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

မှာကြား

ထို့နောက် ဒုတိယဝန်ကြီးက ဆောင်ရွက်ပြီးသောလုပ်ငန်းများကို ပြန်လည်စစ်ဆေးပြီး လိုအပ်သည်များရှိက ပြုပြင်သွားရန်၊ လက်ရှိဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့်လုပ်ငန်းများကို မဆောင်ရွက်မီ ဆောင်ရွက်မည့် အစီအစဉ်များကို စနစ်တကျရေးဆွဲ၍ ဆောင်ရွက်သွားရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဝန်ကြီးသည် မြို့မ ရေစက်ရုံသို့ သွားရောက်စစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့သည်။

ဆက်လက်၍ သန်လျင်မြို့နယ် အဝင်ဆိုင်းဘုတ်နှင့် ပတ်ဝန်းကျင်ရှိ ပန်းအလှပြုပြင်ထားရှိမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် ကျောက်တန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သို့ ရောက်ရှိလာရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးသော မြို့ပြ/ကျေးလက် စည်ပင်သာယာရေးလုပ်ငန်းများနှင့် ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်း တင်ပြကြသည်။

ချွေတာဖြန့်ဝေ

ဆက်လက်၍ ဒုတိယဝန်ကြီးသည် စံချိန်မီရပ်ကွက်ရှိ မြေသားရေလှောင်ကန်ကြီးကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရေအဝင်ပြ အမှတ်အသားဆိုင်းဘုတ်များ ရေးသားစိုက်ထူထားရန်၊ ရေစက်များကြံ့ခိုင်ရေး စစ်ဆေးရန်နှင့် ရေကန်ပတ်ဝန်းကျင် သန့်ရှင်းရေးဆောင်ရွက်ရန်တို့ကို မှာကြားသည်။ ထို့နောက် ဒုတိယဝန်ကြီးသည် ဂါလန် ၂၀၀၀၀ဆံ့ ရေစုကန်နှင့် ဆင်ကန်မြေသားရေလှောင်ကန်တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး သန့်ရှင်းရေးဆောင်ရွက်ရန်၊ ရေအဝင်ပြအမှတ်အသားများ ရေးသားစိုက်ထူထားရန်၊ ရေစက်များကြံ့ခိုင်ရေး စနစ်တကျဆောင်ရွက်ရန်နှင့် နွေရာသီတွင် ရေကိုချွေတာဖြန့်ဝေပေးရန်တို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မီးမလောင်မီ (ပြည်သူတို့၏တာဝန်)

- (က) မီးဘေးကြိုတင်ကာကွယ်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့၊ မီးသတ်တပ်ဖွဲ့မှ မီးဘေးလုံခြုံရေးအတွက် ချမှတ်ထားသော စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ပါ။
- (ခ) ရပ်ကွက်များတွင် မီးဘေးလုံခြုံရေးအတွက် မီးကင်းများ ချထားရာတွင် ကူညီဆောင်ရွက်ပါ။
- (ဂ) မီးသတ်တပ်ဖွဲ့မှ မီးဘေးလုံခြုံရေးအတွက် လာရောက်စစ်ဆေးသည့်အခါ ကူညီပေးရန်နှင့် အကြံပြုချက်များအတိုင်း လိုက်နာဆောင်ရွက်ပါ။
- (ဃ) မီးဘေးတားဆီးရေးအတွက် ပြည်သူလူထုမှ ကူညီဆောင်ရွက်ကြပါ။
- (င) မိမိအိမ်မှ စတင်ပြီး မီးမလောင်စေရေး၊ ကြိုတင်ကာကွယ်ရေး အစီအစဉ်များ ဆောင်ရွက်ထားပါ။
- (စ) အိမ်တိုင်းတွင် မီးသတ်ဆေးဘူး၊ မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲပုံးများကို အသင့်ထားရှိပါ။
- (ဆ) မီးလောင်ကြောင်း အချက်ပေးနိုင်ရန်အတွက် သံချောင်း၊ အုန်းမောင်း၊ ကုလားတက်၊ ဖားစည်၊ မောင်း အစရှိသည့် ပစ္စည်းများ အသင့်ထားရှိပါ။
- (ဇ) ပူပြင်းသော ရာသီအချိန်များတွင် တဲအိမ်များ၌ မြေစိုက်မီးဖိုများ ပြုလုပ်သုံးစွဲပါ။
- (ဈ) အရိပ်ရပင်၊ လေကာပင်များ စိုက်ပျိုးထားရှိပါ။
- (ည) မီးသတ်ယာဉ်များ အစဉ်ကောင်းမွန်စေရေးအတွက် လှူဒါန်းပံ့ပိုးပေးကြပါ။

အထူးအယူခံခုံရုံး နေပြည်တော်၌ ရုံးထိုင်ကြားနာ

နေပြည်တော် ဧပြီ ၂၃

တရားရုံးချုပ်(မန္တလေး)မှ ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊ တရားရုံးချုပ် (မန္တလေး)မှ တရားရုံးချုပ် တရားသူကြီးများဖြစ်ကြသော ဦးစန်းတင့်ရီနှင့် ဦးကျော်ဝင်းတို့ ပါဝင်သော အထူးအယူခံခုံရုံးသည် ယနေ့ နံနက်၁၀နာရီတွင်တရားရုံးချုပ်(နေပြည်တော်)တရားခွင်အမှတ်(၁)၌ရုံးထိုင်၍ ၂၀၀၀ပြည့်နှစ် တရားစီရင်ရေးဥပဒေ ပုဒ်မ (၇)အရ တင်သွင်းသည့် တရားမ အထူးအယူခံမှုငါးမှုကိုကြားနာကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ချောက်မြို့နယ်အသင်း(ရန်ကုန်)၏ (၂၄)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် အသင်းနှစ်ပတ်လည်အစည်းအဝေးကို ဧပြီ ၄ ရက်က ကြားတောရလမ်း ဗဟန်းမြို့နယ် တရားရုံးချုပ်ဓမ္မာရုံ၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးညိုမောင်က ခြောက်ဘာသာဂုဏ်ထူးရှင်တစ်ဦးအား ဆုချီးမြှင့်စဉ်။ (၁၂၇)

ကချင်ပြည်နယ် ကြက်ခြေနီအသင်း စုပေါင်းသွေးလှူဒါန်း

နေပြည်တော် ဧပြီ ၂၃

ကချင်ပြည်နယ် ကြက်ခြေနီအသင်းမှ စေတနာသွေးသန့်အလှူရှင်များ၏ (၃၅)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို ဧပြီ ၁၇ရက် (မြန်မာနှစ်ဆန်းတစ်ရက်နေ့) နံနက်ပိုင်းက မြစ်ကြီးနားမြို့ ပြည်နယ်အထွေထွေရောဂါကုဆေးရုံကြီးရှိ သွေးလှူဘဏ်၌ကျင်းပရာ စေတနာ သွေးသန့်အလှူရှင်များက နှစ်ဦးဒါန ဥပပါရမီအဖြစ် သွေးအမျိုးအစားစုံ ၄၆ပုလင်းကို လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကုန်သည်စက်မှုအသင်းချုပ်၏ နှစ်ပတ်လည်အသင်းသား စုံညီအစည်းအဝေး နေပြည်တော်၌ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၃

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ (၁၉)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးကို ဧပြီ ၃၀ရက် (သောကြာနေ့) မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ မြို့တော်ခန်းမ၌ ကျင်းပမည် ဖြစ်သည်။

ဖိတ်ကြား

အဆိုပါအစည်းအဝေးသို့ ကုန်သည်စက်မှုအသင်းချုပ်မှ အကြံပေးပုဂ္ဂိုလ်များ၊ ဗဟိုအလုပ်အမှုဆောင်များ၊ အလုပ်အမှုဆောင်များနှင့် အသင်းဝင်များ၊ ညီနောင်အသင်းအဖွဲ့များမှ အမှုဆောင်များနှင့် အသင်းဝင်များသည် ဖိတ်ကြားစာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန် ဖြစ်သည်။

ဆက်သွယ်စုံစမ်း

ယင်းအစည်းအဝေးသို့ အထူးယာဉ်များဖြင့် ရန်ကုန်မြို့မှ နေပြည်တော်သို့ နေ့ချင်းပြန်သွားရောက်ရန် စီစဉ်ထားရာ ဧပြီ ၃၀ရက်(သောကြာနေ့) နံနက် ၆ နာရီတွင် အမှတ်၂၉ မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ရှိ ကုန်သည်စက်မှုအသင်းချုပ်ရုံးမှ စတင်ထွက်ခွာမည်ဖြစ်သဖြင့် လိုက်ပါလိုသူများသည် ဧပြီ ၂၈ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီ နောက်ဆုံးထား၍ UMFCCI သို့ စာရင်းပေးသွင်းနိုင်ကြောင်းနှင့် ဖုန်း-၂၁၄၃၄၄ မှ ၂၁၄၃၄၉ အထိနှင့် ၂၁၇၂၁၃ မှ ၂၁၇၂၁၆ အထိသို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ ***(သတင်းစဉ်)***

ဈျူကလီးယားအရေး ဆွေးနွေးရန် ဘရာဇီးသမ္မတ အီရန်သို့ သွားရောက်မည်

ဘရာဆီးလီးယား မေ ၂၃

အီရန်အစိုးရနှင့် နိုင်ငံတကာအသိုင်းအဝိုင်းအကြား နျူကလီးယားကိစ္စရပ်နှင့်စပ်လျဉ်း၍ အငြင်းပွားနေမှုအပေါ် ညှိနှိုင်းစေ့စပ်ပေးရန်အတွက် အီရန်နိုင်ငံသို့ လာမည့် မေလအတွင်း သွားရောက်မည်ဖြစ်ကြောင်း ဘရာဇီးသမ္မတ လူးဝစ်အင်နာကို လူလာဒါဆီးဗားက ပြောကြားသည်။

ဘရာဇီးအစိုးရအနေဖြင့် အီရန်နိုင်ငံ၏ နျူကလီးယားပြဿနာအပေါ် စေ့စပ်ညှိနှိုင်းမှုဖြင့် ဖြေရှင်းနိုင်မည့်နည်းလမ်းကို ရှာဖွေပေးမည့်အပြင် နျူကလီးယားအစီအစဉ်ကို ငြိမ်းချမ်းစွာအသုံးပြုရေး အီရန်၏မှန်ကန်သော ဆုံးဖြတ်ချက်ကို ရပ်တည်ကာကွယ်ပေး သွားမည်ဖြစ်ကြောင်း လက်ဘနွန်သမ္မတမိုက်ကယ်ဆေလ်မန်နှင့် တွေ့ဆုံပြီးနောက်လူလာဒါဆီးဗားက သတင်းထောက်များအား ပြောကြားသည်။

ထို့ပြင် အီရန်အစိုးရနှင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီအပါအဝင် အိုင်အေအီးအေတို့အကြား၌ ကြားဝင်ဖျန်ဖြေပေးရန် ကြိုးစားသွားမည်ဟု ၎င်းကဆက်လက်ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ပြည်တွင်းရင်းနှီးမြှုပ်နှံမှုကို အားပေးရန်လိုအပ်

ပြည်ပရင်းနှီးမြှုပ်နှံမှုထက် ပိုမိုစိတ်ချရဟု အင်ဒိုသမ္မတတိုက်တွန်း

ဂျကာတာ မေ ၂၃

အင်ဒိုနီးရှားပြည်တွင်းရင်းနှီးမြှုပ်နှံသူများအနေဖြင့် မိမိတို့ဆိုင်ရာဒေသများအတွင်းရှိ စီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံနိုင်ရေးအတွက် လုပ်ကိုင်ခွင့်များ ပိုမိုပေးကြရန် အင်ဒိုနီးရှားသမ္မတ ဆူစီလိုဘန်ဘန်းယူဒိုယိုနိုက ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့များအား မေ ၂၂ရက်က တိုက်တွန်းလိုက်ကြောင်း ဂျကာတာပို့စ်တွင် ဖော်ပြလိုက်သည်။

အင်ဒိုနီးရှားအစိုးရ စီးပွားရေးဆိုင်ရာ လုပ်ငန်းအဖွဲ့၏ သုံးရက်ကြာ အစည်းအဝေး အပိတ်မိန့်ခွန်းတွင် သမ္မတယူဒိုယိုနိုက အထက်ပါအတိုင်း တိုက်တွန်းပြောကြား လိုက်ခြင်း ဖြစ်သည်။

ရှင်းလင်းပြောကြား

ဗဟိုအစိုးရအဖွဲ့ရော ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့များပါ ပြည်တွင်းရင်းနှီးမြှုပ်နှံသူများ ပိုမိုပါဝင်လာစေရန် ကူညီပံ့ပိုးပေးနိုင်ရမည်ဖြစ်ကြောင်း၊ ယင်းသို့ အစိုးရက လုပ်ဆောင်ပေးခြင်းအားဖြင့် ပြည်ပရင်းနီးမြှုပ်နှံမှုထက် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုက ပိုမိုစိတ်ချရပြီး ကမ္ဘာ့

အင်ဒိုနီးရှားသမ္မတ ဆူစီလိုဘန်ဘန်းယူဒိုယိုနို

စီးပွားရေးဂယက်ကို ပိုမိုခံနိုင်ကြောင်း သမ္မတယူဒိုယိုနိုက ရှင်းလင်းပြောကြားသည်။

အခြေခံအဆောက်အအုံ

လုံလောက်သည့် အခြေခံအဆောက်အအုံ ချမှတ်တည်ဆောက်ရေးအတွက် လာမည့်ငါးနှစ်အတွင်း ရင်းနှီးမြှုပ်နှံရန် အနည်းဆုံးဒေါ်လာ ၁ဒသမ ၁၁ထရီလီယံ လိုအပ်ကြောင်း၊ ရင်းနှီးမြှုပ်နှံရေးကို ဟန့်တားသည့်စည်းမျဉ်းစည်းကမ်းအားလုံးကို ပယ်ဖျက်ရမည်ဖြစ်ကြောင်း သမ္မတ ယူဒိုယိုနိုက ထည့်သွင်းပြောကြားသည်။ **(အင်တာနက်)**

တရုတ်နိုင်ငံ ကွမ်စီကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဒေါင်လန်း၌ ဘတ်စ်ကားတစ်စီး မီတာ ၄၀နက်သည့် ချောက်ထဲသို့ ထိုးကျနေသည်ကို မေ ၂၂ရက်က တွေ့ရစဉ်။ (ယင်းကားထိုးကျခဲ့၍ ခုနစ်ဦးသေဆုံးပြီး ၃၁ဦး ဒဏ်ရာရရှိခဲ့သည်။) **(ဆင်ဟွာဓာတ်ပုံ)**

တရုတ်နှင့်ဗီယက်နမ် စစ်ရေး ပူးပေါင်းမှုမြှင့်တင်မည်

ပေကျင်း မေ ၂၃

တရုတ်အစိုးရအနေဖြင့် ဗီယက်နမ်အစိုးရနှင့်စစ်ရေးပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရုတ်ကာကွယ်ရေးဝန်ကြီး လင်ကွမ်လီက ဗီယက်နမ်ကာကွယ်ရေးဝန်ကြီး ဖုန်ကွမ်သန်နှင့်တွေ့ဆုံစဉ် မေ ၂၂ရက်၌ ပြောကြားသည်။ နှစ်နိုင်ငံစစ်ရေးပူးပေါင်းဆောင်ရွက်မှုသည် တရုတ်အစိုးရနှင့် ဗီယက်နမ်အစိုးရတို့၏ ပြည့်စုံသည့် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု၏ တစ်စိတ်တစ်ဒေသဖြစ်ကြောင်း လင်က ဆက်လက်ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

တရုတ်နှင့်အီကွေဒေါ စိုက်ပျိုးရေး ပူးပေါင်းဆောင်ရွက်မည်

ကွီတို မေ ၂၃

တရုတ်အစိုးရနှင့် အီကွေဒေါအစိုးရတို့အနေဖြင့် စိုက်ပျိုးရေးကဏ္ဍ၌ ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်သွားရန် မေ ၂၀ ရက်က သဘောတူညီလိုက်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

သဘောတူညီ

နှစ်နိုင်ငံအနေဖြင့် နှစ်ဦးနှစ်ဖက်အကျိုးတူပူးပေါင်း ဆောင်ရွက်ရာတွင် နည်းပညာပိုင်းနှင့် စီးပွားရေးဆိုင်ရာ ကူညီထောက်ပံ့မှု တိုးမြှင့်ရေးအပါအဝင် စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ သိပ္ပံနည်းကျ သုတေသနပြုမှုနှင့် စပ်လျဉ်း၍ ပိုမိုပူးပေါင်းဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြသည်။ ထို့အပြင် တရုတ်-အီကွေဒေါ ကော်မတီဖွဲ့စည်း၍ တာဝန်ပေးအပ်သွားမည်ဖြစ်သည်ဟု ဆိုသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ရေနံတင်သွင်းမှု အင်ဒိုနီးရှား ရပ်ဆိုင်းမည်

ဂျကာတာ မေ ၂၃

အင်ဒိုနီးရှားနိုင်ငံ၏ ရေနံထုတ်လုပ်မှုပမာဏကို တစ်နေ့လျှင် ရေနံစည်ပေါင်း ၁ ဒသမ ၅သန်းကျော် ထုတ်လုပ်နိုင်ရန် မျှော်မှန်းထားသည့်အလျောက် ၂၀၁၅ ခုနှစ် အရောက်၌ ရေနံဝယ်ယူတင်သွင်းမှုများ ရပ်ဆိုင်းမည်ဖြစ်ကြောင်း နိုင်ငံပိုင်ပတာမီနာရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအကြီးအကဲကာရင်က မေ ၂၂ ရက်၌ ပြောကြားသည်။

နုတ်ထွက်ခဲ့

ယခုနှစ်အတွင်း ရေနံတွင်းသစ်များ စူးစမ်းရှာဖွေလျက်ရှိပြီး အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၉၈၈ ဘီလီယံရင်းနှီးမြှုပ်နှံကာ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၁၁ ခုနှစ်တွင် တစ်နေ့လျှင် ရေနံစည်ပေါင်း တစ်သန်းထုတ်လုပ်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ အင်ဒိုနီးရှားနိုင်ငံ၏ ရေနံဝယ်လိုအား မြင့်တက်လာပြီး ရေနံထုတ်လုပ်မှု လျော့ကျလာသည့်အတွက် ၂၀၀၈ ခုနှစ်ကတည်းက ရေနံတင်သွင်းရသည့် နိုင်ငံတစ်နိုင်ငံဖြစ်လာသည်။ သို့ဖြစ်ရာ အင်ဒိုနီးရှားနိုင်ငံသည် (အိုပက်)အဖွဲ့မှ နုတ်ထွက်ခဲ့ရသည်ဟု ဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

မူးယစ်ဆေးဝါးမှောင်ခိုသူ ၁၉၅ဦးအား ဆော်ဒီအာရေဗျ အာဏာပိုင်များက ဖမ်းဆီးမိ

ရီယာ့ဒ် မေ ၂၃

ဆော်ဒီအာရေဗျအာဏာပိုင်များက ၎င်းနိုင်ငံအတွင်းမှ မူးယစ်ဆေးဝါးမှောင်ခိုသူ လူမျိုးပေါင်းစုံ ၁၉၅ဦးအား ဖမ်းဆီးလိုက်နိုင်ကြောင်း နိုင်ငံပိုင်စပါသတင်းဌာနက မေ ၂၂ရက်၌ ဖော်ပြသည်။

အဖမ်းခံရ

အဖမ်းခံရသူများမှာ ဆော်ဒီနိုင်ငံသား ၁၀၈ဦး၊ ပါကစ္စတန် ၂၉ဦး၊ ယီမင် ၁၇ဦး၊ ဆီးရီးယား ကိုးဦး၊ တပ်ခ်တစ်ဦး၊ ဆူဒန်တစ်ဦး၊ အီဂျစ်တစ်ဦး၊ အိန္ဒိယတစ်ဦးနှင့် အခြား ၂၈ဦးတို့ဖြစ်သည်ဟု ဆော်ဒီပြည်ထဲရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ အယ်လ်-တာကီက ပြောကြားသည်။

သိမ်းဆည်း

မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ဆင်နွှဲစဉ်ကာလအတွင်း အာဏာပိုင်များက ကက်တာဂွန်မူးယစ်ဆေးဝါးအလုံး ရှစ်သန်း၊ ဆေးခြောက် ၂ဒသမ ၇တန်နှင့် ဘိန်းဖြူ ကီလိုဂရမ် ၂၀တို့ သိမ်းဆည်းခဲ့သည်ဟု အယ်လ်-တာကီက ပြောကြားသည်။ **(အင်တာနက်)**

ဘဂ္ဂဒက်မြို့ အီရန်သံရုံးအနီး၌ မေ ၂၁ရက်က ကားဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

နိုင်ငံတကာစာအုပ်ပွဲတော်

ဟန်ဂေရီနိုင်ငံ ဘူဒါပက်မြို့၌ နိုင်ငံတကာစာအုပ်ပွဲတော် ကျင်းပနေသည်ကို မေ ၂၂ရက်က တွေ့ရစဉ်။ (ယင်းစာအုပ်ပွဲတော်တွင် နိုင်ငံအများအပြား လာရောက်ခင်းကျင်းပြသကြောင်း သိရသည်။) **(အင်တာနက်ဓာတ်ပုံ)**

အီရတ်နိုင်ငံ၌ ဗုံးပေါက်ကွဲ ရဲအရာရှိနှစ်ဦး သေဆုံး

ဘဂ္ဂဒက် မေ ၂၃

အီရတ်နိုင်ငံအလယ်ပိုင်းဒေသရှိ ဘာဘီပြည်နယ်၌ လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် အီရတ်ရဲအရာရှိနှစ်ဦး သေဆုံးကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

ပေါက်ကွဲ

ဘာဘီပြည်နယ်၏အနောက်မြောက်ပိုင်း ကီလိုမီတာ ၅၀အကွာရှိ အယ်လ်-မူဆေယက်ခရိုင် အယ်လ်မူလာမင်းမြို့တွင် လမ်းဘေးဗုံးပေါက်ကွဲသည်ဟု ဒေသခံရဲတပ်ဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက အီရတ်သတင်းဌာနသို့ ပြောကြားသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များက ဗုံးပေါက်ကွဲပြီးနောက် ယင်းနေရာအား အသွားအလာပိတ်ပင်ခဲ့ပြီး ဗုံးပေါက်ကွဲသည့်အကြောင်းအရင်းကို စုံစမ်းစစ်ဆေးလျက်ရှိသည်။ **(အင်တာနက်)**

ပါကစ္စတန်၌ ပစ်ခတ်မှု ငါးဦးသေဆုံး

အစ္စလမ္မာဘတ် မေ ၂၃

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း၌ မေ ၂၂ရက် နံနက်ပိုင်းတွင် တိုက်ခိုက်မှုဖြစ်ပွားရာ ပြည်နယ်ကိုယ်စားလှယ်လောင်းတစ်ဦး အပါအဝင် ငါးဦးထက်မနည်း သေဆုံးခဲ့ကြောင်းရဲတပ်ဖွဲ့က ပြောကြားသည်။

ဖော်ပြ

မတည်မငြိမ်ဖြစ်လျက်ရှိရာ အဆိုပါပြည်နယ်ရှိ ခါဆာဒါခရိုင်၌ ဒေသဆိုင်ရာ ပါတီခေါင်းဆောင်နှင့် ပြည်နယ်ကိုယ်စားလှယ်လောင်းတစ်ဦး အလမ်ဇာအမ်မာဇီ၏ မော်တော်ယာဉ်ကို စစ်သွေးကြွများက သေနတ်ဖြင့်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အမ်မာဇီမှာ ပွဲချင်းပြီးသေဆုံးခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

တိုက်ခိုက်

အဆိုပါပစ်ခတ်မှုတွင် ၎င်းနှင့်အတူ လိုက်ပါလာသူ အခြားလေးဦးကိုလည်း ဆေးရုံသို့ တင်ပို့ကုသထားသည်ဟုဆိုသည်။ စစ်သွေးကြွများသည် ခိုင်ဘာ-ပါစတန်ခါဝါနှင့်အနီးရှိ လူမျိုးစုဒေသများ၌ ထကြွသောင်းကျန်းလျက်ရှိသည့်အပြင် ဒေသဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များအပါအဝင် လုံခြုံရေးဝန်ထမ်းများအား အကြမ်းဖက်တိုက်ခိုက်လျက်ရှိသည်။

ပါကစ္စတန်လုံခြုံရေးတပ်ဖွဲ့အနေဖြင့် အဆိုပါဒေသအတွင်းရှိ အယ်လ်ခိုင်ဒါနှင့် တာလီဘန်စစ်သွေးကြွများအား ချေမှုန်းသုတ်သင်လျက်ရှိသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဗုံးထုတ်လုပ်သည့်စက်ရုံ အီရတ်အနောက်ပိုင်း၌ တွေ့ရှိ

ဘဂ္ဂဒက် မေ ၂၃

အီရတ်နိုင်ငံအနောက်ပိုင်း အန်ဘာပြည်နယ်၌ ကားဗုံးနှင့် လမ်းဘေးဗုံးများ ထုတ်လုပ်သည့် စက်ရုံတစ်ရုံကို အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှာဖွေတွေ့ရှိကြောင်း မေ ၂၁ရက်က အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

တွေ့ရှိ

ပြည်သူများထံမှ သတင်းရရှိပြီးနောက် လုံခြုံရေးတပ်ဖွဲ့ဝင်များ ရှာဖွေခဲ့ရာ ယင်းစက်ရုံကို တွေ့ရှိခဲ့ခြင်းဖြစ်သည်ဟု အီရတ်သတင်းဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

တစ်ချိန်ကစစ်သွေးကြွများ ကြီးစိုးခဲ့သည့် အန်ဘာပြည်နယ်သည် ယခုအခါတွင် အယ်လ်ခိုင်ဒါအကြမ်းဖက်ကွန်ရက်အားဆန့်ကျင်သည့် လူမျိုးစုအတိုက်အခံများ စိုးမိုးသည့်နေရာဖြစ်လာသည်။ ***(အင်တာနက်)***

24-4 (04).pmd 1 4/24/2010, 1:40 AM

စဥ့်ကိုင်ဖလံပိုလ်ကျေးရွာ၌ ပြည်တော်သာကွန်ကရစ်တံတားသစ်ဖွင့်

စဥ့်ကိုင် ဧပြီ ၂၃

မန္တလေးတိုင်း ကျောက်ဆည်ခရိုင် စဥ့်ကိုင်မြို့နယ် သစ်ခေါက်ကျေးရွာအုပ်စု ဖလံပိုလ်ကျေးရွာ ပြည်တော်သာ ကွန်ကရစ်တံတားသစ်ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၉ ရက် နံနက် ၈ နာရီက အဆိုပါတံတားမင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

ရှင်းလင်း

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးဇော်ဝင်းနိုင်က အဖွင့်အမှာစကားပြောကြားပြီး တံတားဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဘိုလေးက တံတားဆောက်လုပ်ထားရှိမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်ပြီး တံတားဆောက်လုပ်ရာတွင် လှူဒါန်းကြသော အလှူရှင်များအား မြို့နယ်အတွင်းရေးမှူး ဦးဇော်ဝင်းနိုင်က ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ရာ အလှူရှင်များကိုယ်စား ရပ်မိရပ်ဖ ဦးခင်မောင်လတ်က လက်ခံယူသည်။

ဖွင့်လှစ်

ထို့နောက် ပြည်တော်သာ ကွန်ကရစ်တံတားသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးဇော်ဝင်းနိုင်၊ တံတားဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဘိုလေးနှင့် သစ်ခေါက်ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးနန်းဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါ ပြည်တော်သာ ကွန်ကရစ်တံတားသည် အလျား ပေ ၄၀× အနံ ၆ ပေရှိပြီး ငွေကျပ် ၂၅ သိန်းကျော် အကုန်အကျခံ၍ ပြည်သူများစုပေါင်း ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

(မြို့နယ် ပြန်/ဆက်)

ရန်ကင်းမြို့နယ် (၇)ရပ်ကွက် ငွေလမင်းရိပ်သာ ကမ္ဘာအေးဘုရားလမ်း အမှတ်(၅၆) (က/၁)နေ ဦးကျော်ညွန့်-ဒေါ်မြမြမိသားစုက မိခင်ကြီးဒေါ်တင့် (၂၅)နှစ်မြောက်အား ရည်စူး၍ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ အတွင်းရေးမှူးဦးထွန်းအေးက လက်ခံယူစဉ်။

(ကင်ဆာဖောင်ဒေးရှင်း)

အင်းလေးဒေသခရီးသွားလာရေးလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး စာတမ်းဖတ်ပွဲနှင့် စာအုပ်စာစောင်များလှူဒါန်းပွဲ ညောင်ရွှေ၌ကျင်းပ

ညောင်ရွှေ ဧပြီ ၂၃

အင်းလေးဒေသခရီးသွားလာရေးလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး စာတမ်းဖတ်ပွဲနှင့် စာအုပ်စာစောင်များ လှူဒါန်းပွဲ အခမ်းအနားကို ညောင်ရွှေမြို့ ဟူပင်ဟိုတယ်၌ ဧပြီ ၄ ရက် မွန်းလွဲ ၂ နာရီက ကျင်းပသည်။

အခမ်းအနားတွင် စာတမ်းရှင်လေးဦးက မိမိတို့တင်သွင်းသည့် စာတမ်းများကို ဖတ်ကြားပြီး တက်ရောက်လာသူများ၏ စာတမ်းအလိုက် မေးမြန်းချက်များကို စာတမ်းရှင်များက ပြန်လည်ဖြေကြားကြသည်။

လှူဒါန်း

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ ဖွင့်လှစ်ခဲ့သော ညောင်ရွှေမြို့နယ်အတွင်းရှိ ကျေးရွာစာကြည့်တိုက်များအတွက် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူနှင့် ဇနီး ပါမောက္ခ ဒေါက်တာဒေါ်ခင်ဆွေမြင့်တို့က သုတ/ရသ၊ ဝတ္ထု၊ မဂ္ဂဇင်းစာအုပ် စုစုပေါင်းအုပ် ၁၀၅၀ကို ပေးအပ်လှူဒါန်းရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးထင်အောင် **(အပေါ်ပုံ)**က လက်ခံယူသည်။

အလားတူ မော်လမြိုင်မြို့ အထက(၂)စာကြည့်တိုက်၊ မော်လမြိုင်မြို့ ဒိုင်းဝန်ကွင်း စပ်တန်းရပ်စာကြည့်တိုက်၊ ဘီလူးကျွန်းရွာလွတ်စာကြည့်တိုက်၊ ပဲခူးတိုင်း မင်းလှမြို့နယ် စာကြည့်တိုက်၊ တောင်သာမြို့နယ် မီးပေါက်ကျေးရွာစာကြည့်တိုက်နှင့် ကနောင်မြို့ ကနောင်မင်းသားကြီးစာကြည့်တိုက်များသို့လည်း ဝတ္ထုများ၊ မဂ္ဂဇင်းများ၊ ဝိဇ္ဇာပညာရပ်ဆိုင်ရာစာအုပ်များ၊ ဘာသာရေးစာအုပ်များ စုစုပေါင်းအုပ်၂၀၀၀ လှူဒါန်းကြသည်။

(မြို့နယ် ပြန်/ဆက်)

ဇီဝလုံခြုံမှုမြှင့်တင်ရေး အသိပညာပေးဟောပြောပွဲနှင့် ပိုးသတ်ဆေးများ အခမဲ့ဖြန့်ဖြူးပွဲ တောင်ကြီး၌ ကျင်းပ

တောင်ကြီး ဧပြီ ၂၃

ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်း ကြက်ငှက်တုပ်ကွေးရောဂါ မဖြစ်စေရေးအတွက် ကြိုတင်ကာကွယ်မှုအနေဖြင့် ကြက်မွေးမြူရေးလုပ်ငန်းရှင်များအား ဇီဝလုံခြုံမှု မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲနှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရုံးချုပ်က ပံ့ပိုးပေးသော ပိုးသတ်ဆေးများအား မွေးမြူရေးလုပ်ငန်းရှင်များသို့ အခမဲ့ ဖြန့်ဖြူးပေးပွဲ အခမ်းအနားကို ဧပြီ ၆ရက်က မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံး၌ ကျင်းပသည်။

သုံးစွဲနည်း

ရှေးဦးစွာ ရှမ်းပြည်နယ်(တောင်ပိုင်း) မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါက်တာဝင်းမြင့်က ကြက်ခြံများအား ဇီဝလုံခြုံမှုမြှင့်တင်ခြင်းဆိုင်ရာ တောရိုင်းငှက်၊ စာကလေး၊ ကြီးကန်း စသည့် ကြက်ခြံအတွင်း မဝင်ရောက်စေရေး၊ ကြက်ခြံများ စနစ်တကျ ပုံမှန်သန့်ရှင်းရေးပြုလုပ်ခြင်း၊ စွန့်ပစ်အညစ်အကြေးများ စနစ်တကျ စွန့်ပစ်ခြင်း၊ မိမိတို့၏ ကြက်ခြံများအဝင်ဝတွင် ပိုးသတ်ဆေးကန်ပြုလုပ်ပြီး ခြေထောက်ပိုးသတ်ဆေးစိမ်စနစ် ကျင့်သုံးရေး စသည့်ဇီဝလုံခြုံမှုမြှင့်တင်ရေးဆိုင်ရာများအား အသိပညာပေးဟောပြော၍လည်းကောင်း၊ ခရိုင်ဦးစီးမှူး ဒေါက်တာနေလင်းနှင့် ဒေါက်တာသက်နိုင်မိုးတို့က ပိုးသတ်ဆေး သုံးစွဲနည်းနှင့် ဆောင်ရွက်ရမည့် အခြေအနေများကို ရှင်းလင်းဟောပြောကြသည်။ **(အောက်ပုံ)**

ဖြန့်ဖြူး

ထို့နောက် မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနကပံ့ပိုးပေးသော ပိုးသတ်ဆေးအရည်နှင့် ပိုးသတ်ဆေးအမှုန့်များကို ကြက်မွေးမြူရေးလုပ်ငန်းရှင်များအား အခမဲ့ ဖြန့်ဖြူးပေးကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

ချိန်ခါမရွေး သတိပေး မီးဘေး ကင်းဝေးမှာ

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

အဲချိုင်းနား အမြတ်ငွေ ပိုမိုမြင့်တက်လာ

တရုတ်နိုင်ငံ၏ အကြီးဆုံးလေကြောင်းကုမ္ပဏီ အဲချိုင်းနားသည် ၂၀၁၀ခုနှစ် ပထမသုံးလအတွင်း ယွမ် ၂ဒသမ ၁၇ဘီလီယံ(အမေရိကန်ဒေါ်လာ ၃၁၇ဒသမ ၈၉သန်းခန့်) အမြတ်ငွေ ပိုမိုရရှိခဲ့သည်ဟု ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

မက္ကဆီကို၌ မူးယစ်ခေါင်းဆောင် ဖမ်းမိ

မက္ကဆီကိုအစိုးရသည် မက္ကဆီကိုနိုင်ငံ အရှေ့ပိုင်း ဟူကျီလူကန်မြို့၌ မူးယစ်မှောင်ခိုသုံးဦးအား ပစ်ခတ်ဖမ်းဆီးပြီး မူးယစ်ခေါင်းဆောင် အယ်လ်ဗာရက်ဇ် အပါအဝင် ၁၅ဦးကို ဧပြီ ၂၁ရက်က ဖမ်းမိခြင်းနှင့်စပ်လျဉ်း၍ အမေရိကန်အစိုးရက ဂုဏ်ယူပါကြောင်း မက္ကဆီကိုအစိုးရထံသို့ ဧပြီ ၂၂ရက်၌ သဝဏ်လွှာ ပေးပို့ခဲ့သည်။

နီပေါ၌ဂြိုဟ်တုရုပ်မြင်သံကြားလိုင်းချပေးမှု ရပ်ဆိုင်း

နီပေါနိုင်ငံတွင် ပုဂ္ဂလိကများအား ဂြိုဟ်တုရုပ်မြင်သံကြားလိုင်းလုပ်ငန်းများချထားပေးမှုကို ရပ်ဆိုင်းထားလိုက်ကြောင်း၊ နီပေါနိုင်ငံအတွင်း၌ ဂြိုဟ်တုရုပ်မြင်သံကြားလိုင်း ၁၀ခု ချထားပေးပြီးဖြစ်ကြောင်း နီပေါအရာရှိများက ဧပြီ ၂၃ရက်၌ ပြောကြားသည်။

အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေး ဆောင်ရွက်မည်

အရှေ့အလယ်ပိုင်းဒေသ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်ပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ထိရောက်မှုရှိရေး ဘရာဇီးနှင့်လက်ဘနွန်တို့ လက်တွဲပူးပေါင်းဆောင်ရွက်သွားကြမည်ဟု နှစ်နိုင်ငံကိုယ်စားလှယ်များက ဧပြီ ၂၃ရက်၌ပြောကြားသည်။

ကျူးဘားခေါင်းဆောင် ဗင်နီဇွဲလားသို့ ခရီးထွက်မည်

ကျူးဘားခေါင်းဆောင် ရာေလ်ကက်စထရိုသည် အလုပ်သဘောခရီးစဉ်အဖြစ် ဗင်နီဇွဲလားနိုင်ငံသို့ မကြာမီ ခရီးထွက်မည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံကိစ္စရပ်များ ဆွေးနွေးမည်ဖြစ်ကြောင်း ကျူးဘားအရာရှိများက ဧပြီ ၂၃ရက်၌ပြောကြားသည်။

ကမ္ဘာတစ်ဝန်း ဓာတ်ငွေ့သုံးစွဲမှု မြင့်တက်လာ

ကမ္ဘာတစ်ဝန်းတွင် သဘာဝဓာတ်ငွေ့ သုံးစွဲမှုမှာ လွန်ခဲ့သည့်နှစ်ပေါင်း ၂၀ကထက် နှစ်ရာခိုင်နှုန်း မြင့်မားလာကြောင်း၊ တစ်ကမ္ဘာလုံးအတိုင်းအတာအနေဖြင့် တစ်နှစ်လျှင် သဘာဝဓာတ်ငွေ့ ၄ဒသမ ၅ထရီလီယံကုဗမီတာ လိုအပ်လျက်ရှိကြောင်း ပြင်သစ်နိုင်ငံ ပါရီမြို့၌ ဧပြီ ၂၃ရက်က ကျင်းပသော ရေနံနှင့်သဘာဝဓာတ်ငွေ့ဆိုင်ရာ ညီလာခံ၌ ကျွမ်းအင်ပညာရှင်များက ပြောကြားသည်။

ကမ္ဘာ့ဈေးကွက်၌ ဒေါ်လာတန်ဖိုး တန့်နေ

ကမ္ဘာ့ငွေကြေးဈေးကွက်၌ အမေရိကန်ဒေါ်လာတန်ဖိုးများ အတက်အကျမရှိ တန့်လျက်ရှိရာ ဂျပန်ဈေးကွက်တွင် ဧပြီ ၂၃ရက် ဈေးပိတ်ချိန်၌ ဂျပန်ငွေ ၉၃ယန်းလျှင် အမေရိကန် တစ်ဒေါ်လာသာ ရှိနေဆဲဖြစ်ကြောင်း ဂျပန်အရာရှိများက ပြောကြားသည်။

ကူဝိတ်က နေ့စဉ် ရေနံစည်သုံးသန်း ထုတ်လုပ်နေ

ကမ္ဘာ့ရေနံသုံးစွဲမှု တိုးမြင့်လာမှုကြောင့် ကူဝိတ်နိုင်ငံက တစ်နေ့လျှင် ရေနံစည်ပေါင်း သုံးသန်းအထိ ထုတ်လုပ်ပေးနေကြောင်း ရေနံရောင်းနိုင်ငံများအဖွဲ့(အိုပက်)က ဧပြီ ၂၃ရက်၌ သတင်းထုတ်ပြန်သည်။

နိုင်ရီဘီအနောက်မြောက်ပိုင်း၌ ယာဉ်မတော်တဆမှု ဖြစ်ပွား

ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့ အနောက်မြောက်ပိုင်း ကီလိုမီတာ ၉၀ အကွာ နီကာရှာမြို့၌ ဧပြီ ၂၃ ရက် နံနက်ပိုင်းက ခရီးသည်တင်ဘတ်စ်ကားတစ်စီး အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ရာ ကိုးဦးသေဆုံးပြီး ၄၅ ဦးဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

(အောက်ပုံ) (အင်တာနက်)

(ရှေ့ဖုံးမှ)

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာချမ်းငြိမ်းက အဖွင့်အမှာစကားပြောကြားရာတွင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးအဖြစ် ပေါ်ထွန်းလာရေးအတွက် အမျိုးသားပညာရည်မြင့်မားရေး လုပ်ငန်းသည် အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ အမျိုးသားပညာရည်မြင့်မားရေး နှစ်(၃၀) နှစ်ရှည်စီမံကိန်းကို အခြေခံပညာနှင့် အဆင့်မြင့်ပညာကဏ္ဍအလိုက် ညှိနှိုင်းရေးဆွဲပြီး စီမံကိန်းလုပ်ငန်းစဉ်များကို ၂၀၀၁-၂၀၀၂ ပညာသင်နှစ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယခုဆိုလျှင် နှစ်ရှည်စီမံကိန်း၏ ဒုတိယနှစ်တို ငါးနှစ်စီမံကိန်း၏ စတုတ္ထနှစ်ကို လွန်မြောက်ခဲ့ပြီး ပဉ္စမနှစ်စီမံကိန်းလုပ်ငန်းများကို ချမှတ်အကောင်အထည်ဖော်ရမည့် အချိန်ကာလသို့ ရောက်ရှိလာပြီဖြစ်ကြောင်း။

တိုးတက်လာ

ကဏ္ဍအလိုက် ပညာရေး ဖွံ့ဖြိုးတိုးတက်မှုများကို ၁၉၈၈ ခုနှစ်က ဖြစ်တည်ခဲ့သည့် အခြေအနေနှင့် နှိုင်းယှဉ်လေ့လာကြည့်မည်ဆိုလျှင် တစ်နိုင်ငံလုံး အတိုင်းအတာအရ အဆင့်မြင့်ပညာကဏ္ဍတွင် ယခင်က တက္ကသိုလ်၊ ကောလိပ် ၃၂ ခု ရှိခဲ့ရာမှ ယခုအခါ တက္ကသိုလ်၊ ကောလိပ် ၁၅၉ခုအထိ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် ငါးဆတိုးတက်လာပြီဖြစ်ကြောင်း။

လေ့လာသင်ယူနိုင်

ပညာရေးဝန်ကြီးဌာန လက်အောက်၌ ယခင်က တက္ကသိုလ်၊ ကောလိပ် ၂၇ ခု ရှိခဲ့ရာမှ ယခုအခါ တက္ကသိုလ်၊ ကောလိပ် ၆၄ ခုအထိ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီး ဆရာဆရာမအင်အားသည်လည်း ၅၆၀၀ ကျော်မှ ၁၁၈၀၀ကျော်အထိ တိုးတက်လာခဲ့ကြောင်း၊ ယခင်က တက္ကသိုလ်သင်တန်းသားသင်တန်းသူ ၁ ဒသမ ၃၄ သိန်းကျော်ရှိခဲ့ရာမှ ယခုအခါမှာ တက္ကသိုလ်သင်တန်းသားသင်တန်းသူ ၄ ဒသမ ၅ သိန်းကျော် တက်ရောက် လေ့လာသင်ယူနိုင်ကြပြီဖြစ်ကြောင်း။

အခြေခံပညာကဏ္ဍတွင်လည်း ၁၉၈၈ ခုနှစ်က အခြေခံပညာကျောင်း ၃၃၀၀၀ ကျော်ရှိခဲ့ရာမှ ယခုအခါတွင် ၄၀၇၀၀ကျော်အထိ တိုးတက်လာပြီး ယခင်က ဆရာဆရာမ ၁ ဒသမ ၇၃သိန်းကျော်က ကျောင်းသား ကျောင်းသူ ၅ ဒသမ ၂၄သန်းခန့်ကို လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ရာမှ ယခုအခါ ဆရာ ဆရာမ ၂ ဒသမ ၆၆သိန်းကျော်က ကျောင်းသား ကျောင်းသူ ရှစ်သန်းကျော်ကို တိုးတက်လေ့ကျင့် သင်ကြားပေးလျက်ရှိကြောင်း တွေ့ရှိရကြောင်း။

ပိုမိုမြှင့်တင်ပေးနိုင်

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မိန့်ကြားချက်နှင့်အညီ အမျိုးသားပညာရည်မြင့်မားရေးအတွက် ကဏ္ဍအလိုက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် ပညာရေးဝန်ကြီးဌာန လက်အောက်ရှိ တက္ကသိုလ်၊ ကောလိပ်များ၌ ၁၉၉၈ခုနှစ်က သင်ကြားရေးအစီအစဉ် ၇၉ခု ရှိခဲ့ရာမှ ယခုအခါတွင် မဟာဘွဲ့၊ မဟာသုတေသနဘွဲ့နှင့် ပါရဂူဘွဲ့သင်တန်းများ အပါအဝင် သင်ကြားရေးအစီအစဉ် ၂၁၅ခုအထိ တိုးချဲ့ဖွင့်လှစ် သင်ကြားပေးနိုင်ခဲ့သည့်အတွက် ပညာရေးဝန်ကြီးဌာန လက်အောက်ရှိ တက္ကသိုလ်များ၌ ပါရဂူဘွဲ့ရ ၃၃၀၀ကျော် လေ့ကျင့်မွေးထုတ်ပေးနိုင်ခဲ့ပြီး ပါရဂူဘွဲ့ သင်တန်းသား ၂၈၀၀ကျော် တက်ရောက် ဆည်းပူးနေဆဲဖြစ်ကြောင်း၊ လက်ရှိ တက္ကသိုလ် ဆရာ ဆရာမများအနက် ပြည်တွင်းပြည်ပ ပါရဂူဘွဲ့ရနှင့် ပါရဂူဘွဲ့ သင်တန်းတက်ဆဲ အင်အားသည် ဆရာဆရာမအင်အား၏ ထက်ဝက်ရှိပြီဖြစ်သည့်အတွက် ဆရာများ၏ သင်ကြားမှု အရည်အသွေးကို ပိုမိုမြှင့်တင်ပေးနိုင်ပြီ ဖြစ်ကြောင်း။

တက္ကသိုလ်ကြီးများတွင် မဟာသုတေသနဘွဲ့နှင့် ပါရဂူဘွဲ့သင်တန်းများ တိုးချဲ့ဖွင့်လှစ်ပေးနိုင်သကဲ့သို့ တက္ကသိုလ်၊ ဒီဂရီကောလိပ်အလိုက် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာနများ တိုးချဲ့ဖွင့်လှစ်ပေးပြီး ကျွမ်းကျင်မှုဆိုင်ရာဘွဲ့၊ ဒီပလိုမာသင်တန်းများကို တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိကြောင်း။

လေ့ကျင့်သင်ကြား

၂၀၀၆ခုနှစ်မှစတင်၍ အဆင့်မြင့်ပညာ သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများကို နိုင်ငံတကာအဆင့်မီ မြှင့်တင်ရေးဆွဲပြီး လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း၊ တက္ကသိုလ်အလိုက် သင်ရိုးညွှန်းတမ်း ဖွံ့ဖြိုးရေးအဖွဲ့(Curriculum Development Team) များဖွဲ့စည်းပြီး နိုင်ငံတကာ သင်ရိုးမာတိကာများနှင့် နှိုင်းယှဉ်လေ့လာ သုံးသပ်ခြင်း၊ အဆင့်မြှင့်တင်လေ့ကျင့် သင်ကြားပေးခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ မဟာဘွဲ့၊ မဟာသုတေသနဘွဲ့နှင့် ပါရဂူဘွဲ့သင်တန်းများတွင်လည်း ဘာသာရပ်ဆိုင်ရာ သုတေသနလုပ်ငန်းများနှင့် အသုံးချသုတေသနလုပ်ငန်းများကို ထိရောက်စွာ ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း။

တိုးတက်သင်ယူခွင့်ရရှိ

အခြေခံပညာ ကဏ္ဍတွင်လည်း ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေးအတွက် မိဘပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် မြို့နယ်အလိုက် ကျောင်းအပ်နှံရေးလုပ်ငန်းများကို လှုပ်ရှားဆောင်ရွက်ခဲ့ရာ၌ ပြီးခဲ့သည့် ပညာသင်နှစ်တွင် သူငယ်တန်းကျောင်းနေအရွယ် ကလေးဦးရေ၏ ၉၈ ဒသမ ၂၅ရာခိုင်နှုန်းကျော် တက်ရောက်လာနိုင်ခဲ့ကြောင်း၊ မူလတန်းပညာပြီးဆုံးသည့် ကျောင်းသား ကျောင်းသူများအတွက် အလယ်တန်းပညာသင်ယူမှု အခွင့်အလမ်း ပိုမိုရရှိရေးအတွက် မူလတန်းလွန်ကျောင်းပေါင်း ၆၅၀၀ကျော် တိုးချဲ့ဖွင့်လှစ်ပေးခဲ့သည့်အတွက် အလယ်တန်းအဆင့်သင် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂ဒသမ ၂၁သန်းကျော်အထိ တိုးတက်သင်ယူခွင့် ရရှိနေပြီဖြစ်ကြောင်း။

တိုးချဲ့ဖွင့်လှစ်

နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံပညာကျောင်းများ တိုးချဲ့ဖွင့်လှစ် ပေးလျက်ရှိရာ အခြေခံပညာကျောင်းပေါင်း ၁၀၄၉ကျောင်း၌ ဆရာဆရာမဦးရေ ၆၆၀၀ကျော်က ကျောင်းသားကျောင်းသူ နှစ်သိန်းကျော်ကိုလေ့ကျင့် သင်ကြားပေးလျက်ရှိကြောင်း။

နိုင်ငံတကာအဆင့်မီ မြှင့်တင်ရေးဆွဲထားသည့် အထက်တန်းအဆင့် သင်ရိုးမာတိကာနှင့် ကျောင်းသုံးစာအုပ်များဖြင့် ကျွမ်းကျင်ပိုင်နိုင်စွာ လေ့ကျင့်သင်ကြားပေးနိုင်ရေးအတွက် အထက်တန်းအဆင့် ဘာသာရပ်သင်ကြားရေး ဉာဏ်သစ်လောင်းသင်တန်းများဖွင့်လှစ် လေ့ကျင့်ပေးခဲ့ပြီး ၂၀၀၈-၂၀၀၉ ပညာသင်နှစ်မှ စတင်ပြီး အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများကို နိုင်ငံတကာအဆင့်မီ သင်ရိုးမာတိကာများဖြင့် လေ့ကျင့်သင်ကြားပေးနိုင်ပြီဖြစ်ကြောင်း။

အထက်တန်းအဆင့်တွင် သင်ကြားနေသည့် ဘာသာရပ်များနှင့် ကိုက်ညီသော မဟာဘွဲ့ရများကို ပညာရေးနည်းပညာအထူးသင်တန်းများ ဖွင့်လှစ်လေ့ကျင့်ပေးပြီး အထက်တန်းပြများအဖြစ် ထပ်ဆောင်းဖြည့်ဆည်း တာဝန်ပေးအပ်ခဲ့ကြောင်း။

နည်းပြသင်တန်း

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ အခြေခံပညာမူလတန်းအဆင့် စတုတ္ထတန်းနှင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများအတွက် အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲများကို ၂၀၀၈-၂၀၀၉ပညာသင်နှစ်မှ စတင်ကျင်းပပေးခဲ့ရာ၌ ပြီးခဲ့သည့် ပညာသင်နှစ်တွင် ဒုတိယအကြိမ်အဖြစ် စွမ်းရည်ပြိုင်ပွဲများကို အောင်မြင်စွာ ကျင်းပပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း။ ဆက်လက်၍ အင်္ဂလိပ်စာနှင့် သင်္ချာဘာသာရပ် သင်ကြားမှုစွမ်းရည်မြင့်မားရေး ဗဟိုအဆင့် နည်းပြသင်တန်းကို အခြေခံပညာအဆင့်အလိုက် ၂၀၀၉ခုနှစ် အောက်တိုဘာ လလယ်ပိုင်းတွင် လည်းကောင်း၊ ပြည်နယ်/တိုင်း အဆင့် အင်္ဂလိပ်စာနှင့် သင်္ချာဘာသာရပ်သင်ကြားမှု စွမ်းရည်မြင့်မားရေး မွမ်းမံသင်တန်းများကို နိုဝင်ဘာလကုန်ပိုင်းမှ ဒီဇင်ဘာလဆန်းပိုင်း အထိလည်းကောင်း ဖွင့်လှစ်လေ့ကျင့်ပေးခဲ့ရာတွင် ဆရာ ဆရာမ ၇၁၀၀ကျော် တက်ရောက်ခဲ့ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဝန်ကြီးဒေါက်တာချမ်းငြိမ်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းနှင့် ဧည့်သည်တော်များသည် ကဏ္ဍအလိုက် ခင်းကျင်းပြသထားသည့် ပညာရေး ဖွံ့ဖြိုးမှုဆိုင်ရာ ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

တက်ရောက်အားပေး

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဝန်ကြီးဒေါက်တာချမ်းငြိမ်းသည် အဆိုပါခန်းမ၌ ဆက်လက်ကျင်းပသည့် အဆင့်မြင့်ပညာကဏ္ဍ နှီးနှောဖလှယ်ပွဲနှင့် စာတမ်းဖတ်ပွဲသို့ တက်ရောက်အားပေးသည်။

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး ပဲခူးတိုင်းရှိ မြို့နယ်ရဲတပ်ဖွဲ့စခန်းများကို စစ်ဆေးစဉ်။ (သတင်းစဉ်)

ပဲခူးတိုင်းအတွင်းရှိ မြို့နယ်ရဲတပ်ဖွဲ့စခန်းများ ပြည်ထဲရေးဝန်ကြီး ဗိုလ်ချုပ်မောင်ဦး စစ်ဆေး

နေပြည်တော် ဧပြီ ၂၃

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးသည် ဧပြီ ၂၁ရက် နံနက်ပိုင်းက တာဝန်ရှိသူများလိုက်ပါလျက် ပဲခူးမြို့နယ် အင်းတကော်ရဲတပ်ဖွဲ့စခန်းသို့ ရောက်ရှိကာ လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုံခြုံရေးစနစ်တကျရှိစေရေး၊ စည်းကမ်းကောင်းမွန်ရေးတို့ကိုမှာကြားကာ တပ်ဖွဲ့ဝင် အိမ်ထောင်သည်လိုင်းအတွင်း ကြည့်ရှုစစ်ဆေး၍ မိသားစုဝင်များအား အားပေးစကား ပြောကြားခဲ့သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် ပဲခူးမြို့နယ် အမှတ်(၁)ရဲစခန်း၊ ဒိုက်ဦးမြို့နယ် ရဲတပ်ဖွဲ့စခန်း၊ ပြွန်တန်ဆာမြို့နယ် ရဲတပ်ဖွဲ့စခန်း၊ ညောင်လေးပင်မြို့နယ် ရဲတပ်ဖွဲ့စခန်း၊ ကျောက်တံခါးမြို့နယ် ရဲတပ်ဖွဲ့စခန်း၊ ကညွတ်ကွင်း ရဲတပ်ဖွဲ့စခန်းနှင့် အုတ်တွင်းမြို့နယ် ရဲတပ်ဖွဲ့စခန်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေး၍ တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအားတွေ့ဆုံကာ လုံခြုံရေးစနစ်တကျရှိစေရေး၊ စည်းကမ်းကောင်းမွန်စွာဖြင့် ရိုးသားကြိုးစားစွာ လုပ်ဆောင်ရေးတို့ကို မှာကြားကာ အိမ်ထောင်သည်လိုင်းခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ထို့အတူ အခြေခံပညာကဏ္ဍ အမျိုးသားပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲနှင့် စာတမ်းဖတ်ပွဲကို ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်စုဝေးခန်းမ၌ ဆက်လက်ကျင်းပရာ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းတက်ရောက်၍ အမှာစကားပြောကြားသည်။

ဆွေးနွေးညှိနှိုင်း

ထို့နောက် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် နှစ်ရှည်စီမံကိန်း အကောင်အထည်ဖော်မှု အစီရင်ခံစာနှင့် စီမံကိန်းအထောက်အကူပြုစာတမ်းများကို ဆွေးနွေးညှိနှိုင်းကြသည်။

အဆိုပါ ၂၀၁၀ခုနှစ် အမျိုးသားပညာရည် မြင့်မားရေး နှီးနှောဖလှယ်ပွဲကို အဆင့်မြင့်ပညာနှင့် အခြေခံပညာကဏ္ဍအလိုက် ဧပြီ ၂၅ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

မီးဖို မီးကြွင်း မီးကျန် သတိပြုရန် နှိုးဆော်ချက်

- သင့်ရဲ့အိမ်မှာ မီးဖို မီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုများ ဖြစ်ပွားတတ်သဖြင့် မီးဖိုများ သုံးစွဲပြီးပါက မီးငြိမ်းသတ်ခြင်းကို မမေ့မလျော့ဘဲ ပြုလုပ်ရန်။
- သင့်မိသားစုဝင်အားလုံး အပြင်သွားမည်ဆိုပါက သုံးစွဲနေသော လျှပ်စစ်ပစ္စည်းများရှိပါက မီးကိုပိတ်၊ ပလပ်ကိုဖြုတ်၊ မိန်းခလုတ် (Main Switch)တို့ကို ချထားပြီးမှ အပြင်သို့ ထွက်သွားခြင်းအား သတိထားပြီး အလေ့အကျင့် ပြုလုပ်ပါ။
- မီးဖို မီးကြွင်း မီးကျန်များကို မေ့လျော့ပေါ့ဆစွာ မငြိမ်းသတ်ထားခြင်းနှင့် အိမ်တွင် လူစောင့်မထားဘဲ တစ်အိမ်လုံး အပြင်သို့သွားစဉ် မီးအားမြှင့်စက်နှင့် မိန်းခလုတ်တို့အား ချမထားခြင်းတို့ကြောင့် မီးလောင်မှုများ ဖြစ်ပွားတတ်သည်ကို အသိတရားဖြင့် သတိထားရန်။

မတ် ၂၅ရက်က မြောက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မင်းသားကြီး ရွှေဘန်းလမ်းသွယ် ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကျင်းပရာ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးမင်းဇော်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သန်းလင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဦးချစ်မောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (၁၁၃)

၂၀၀၉ခုနှစ် ဒီဇင်ဘာလူထုအားကစားလအတွက် ဆုချီးမြှင့်ပွဲ ကျင်းပမည်

နေပြည်တော် ဧပြီ ၂၃

၂၀၀၉ခုနှစ် ဒီဇင်ဘာလူထု အားကစားလအတွင်း လူထုအားကစားလှုပ်ရှားမှုများကို အတက်ကြွဆုံး ပါဝင်ဆင်နွှဲခဲ့ကြသော ပြည်နယ်နှင့်တိုင်း၊ မြို့နယ်များနှင့် ၂၀၀၉ခုနှစ် လူထုအားကစားလ အထိမ်းအမှတ် ဝတ္တုတို၊ ဆောင်းပါးနှင့် ဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဧပြီ ၂၆ရက် မွန်းလွဲ ၁နာရီတွင် နေပြည်တော်ရှိ အားကစားဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသွားမည်ဖြစ်သည်။

သူတို့ရရှိ

၂၀၀၉ခုနှစ် လူထုအားကစားလ အထိမ်းအမှတ်ဝတ္တုတိုပြိုင်ပွဲတွင် မောင်မောင်မိုးအောင်က ပထမ၊ တိမ်ပုံ့ဝင်းလက်က ဒုတိယ၊ ဟိုပင်မောင်ရွှေထွန်းက တတိယရရှိပြီး ထွန်းနိုင်က နှစ်သိမ့်ဆုကို လည်းကောင်း၊ ဆောင်းပါးပြိုင်ပွဲတွင် ခင်မောင်ချို (ကညွတ်ကွင်း)က ပထမ၊ မျိုးမျိုး(ဥပဒေ) က ဒုတိယ၊ တင်ဏီသိဏ်းက တတိယရရှိပြီး ငွေငွေ(လူထု/ပညာ) က နှစ်သိမ့်ဆုကို လည်းကောင်း၊ ဓာတ်ပုံပြိုင်ပွဲတွင် ဇော်လေး(အား/ကာ)က ပထမ၊ အောင်မျိုးသန့် (မြောက်ဥက္ကလာ)က ဒုတိယ၊ စိုင်းခမ်းလင်း (ရန်ကင်းမြို့နယ်)က တတိယနှင့် အောင်ကျော်ထွန်း (ပုသိမ်ကြီး)က နှစ်သိမ့်ဆုကို လည်းကောင်း အသီးသီးရရှိကြသည်။

အတက်ကြွဆုံးဆု

၂၀၀၉ ခုနှစ် လူထုအားကစားလှုပ်ရှားမှု အတက်ကြွဆုံးဆုရ ပြည်နယ်၊ တိုင်းများအဖြစ် စစ်ကိုင်းတိုင်းက ပထမ၊ ရန်ကုန်တိုင်းက ဒုတိယနှင့် မွန်ပြည်နယ်က တတိယ၊ အတက်ကြွဆုံးဆုရ မြို့နယ်များအဖြစ် လားရှိုးမြို့နယ်က ပထမ၊ ချမ်းအေးသာစံမြို့နယ်က ဒုတိယနှင့် သရက်မြို့နယ်က တတိယ အသီးသီးရရှိသွားကြသည်။

နှိုးဆော်ထား

သို့ဖြစ်ပါ၍ ဖော်ပြပါ ဆုရရှိကြသူများနှင့် ဆုရ ပြည်နယ်နှင့်တိုင်း၊ မြို့နယ်ကိုယ်စားလှယ်များသည် ဧပြီ ၂၅ရက် ရုံးချိန်အတွင်း အားကစားဝန်ကြီးဌာန (နေပြည်တော်) လူထု/ပညာဌာနခွဲသို့ လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်း-၀၆၇-၄၀၆၀၂၇သို့ ဆက်သွယ်၍ဖြစ်စေ ဆုပေးပွဲတက်ရောက်မည့်အကြောင်း မပျက်မကွက်သတင်းပို့ကြရန် သတိပေးနှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

"ခရီးသွား ပြည်သူတွေ သွားလာရေး အဆင်ပြေအောင် စီစဉ်ပြေးဆွဲပေးနေပါတယ်"
ဦးစိန်သောင်း။

● *ကျောဖုံးမှ*

တောင်ကြီးမြို့နှင့် ဝန်းကျင်ဒေသများသို့ ဒေသခံပြည်သူများ ခရီးသွားလာရေး အဆင်ပြေစေရန် မည်သို့ ဆောင်ရွက်ပေးထားသည်ကို သိရှိနိုင်ရန်အတွက် မော်တော်ယာဉ်လိုင်းပေါင်းစုံ ကြီးကြပ်ထိန်းသိမ်းရေးအဖွဲ့(တောင်ကြီး)ရုံးသို့ ရောက်ရှိခဲ့သည်။

ရုံးခန်းအတွင်း မော်တော်ယာဉ်လိုင်းပေါင်းစုံ ကြီးကြပ်ထိန်းသိမ်းရေး

"ကျောင်းတက် ကျောင်းဆင်း ကားစီးရတာ အဆင်ပြေပါတယ်"
မမေဇင်ဦး (ဒုတိယနှစ်ကျောင်းသူ)။

အဖွဲ့(တောင်ကြီး)ဥက္ကဋ္ဌဖြစ်သူ ဦးစိန်သောင်းနှင့် အဆင်သင့်ပင် တွေ့ဆုံခဲ့ပြီး ၎င်းကပင် တောင်ကြီးမြို့ပေါ်နှင့် အနီးဝန်းကျင်ဒေသများသို့ နေ့စဉ် မော်တော်ယာဉ် ပြေးဆွဲနေမှုများကို စိတ်ရှည်စွာ ရှင်းပြသည်။

"မော်တော်ယာဉ် ပြေးဆွဲမှုနဲ့ စည်းကမ်းထိန်းသိမ်းရေးမှာ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနဲ့ တာဝန်ရှိအဖွဲ့အစည်းတွေရဲ့ ညွှန်ကြားမှုကို ခံယူဆောင်ရွက်နေပါတယ်။ အဓိကရည်ရွယ်ချက်ကတော့ ခရီးသွားပြည်သူတွေ သွားလာမှု အဆင်ပြေစေရေး၊ ပြေးဆွဲနေတဲ့ ယာဉ်တွေနဲ့ပတ်သက်တဲ့ ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်းမိသားစုတွေ စားဝတ်နေရေး ပြေလည်စေရေးအတွက် ဖြစ်ပါတယ်"ဟု ဥက္ကဋ္ဌ ဦးစိန်သောင်းက ရှင်းပြသည်။

ယာဉ်နှင့်လူ အချိုးကျမျှတ

တောင်ကြီးမြို့တွင်း၌ ယာဉ်လိုင်းများ ပြေးဆွဲနေမှုနှင့် ပတ်သက်၍လည်း "မော်တော်ယာဉ်လိုင်း ၂၁လိုင်း ရှိပါတယ်။ အမှတ်(၁)လိုင်းကနေပြီး အမှတ်(၂၁)အထိ အစဉ်အတိုင်း ထားရှိပြီး နေ့စဉ် ပြေးဆွဲပေးနေပါတယ်။ နေ့စဉ် မော်တော်ယာဉ် အစီး ၄၀၀ကျော်နဲ့ ခရီးသည်တစ်သိန်းခွဲခန့် ပို့ဆောင်ပေးနေပါတယ်"ဟု ၎င်းက ဆက်လက်ရှင်းပြသည်။

ဈေးကိုဗဟိုပြု

မော်တော်ယာဉ် ဂိတ်များကို တောင်ကြီးမြို့မဈေး အနီးဝန်းကျင်၌ ထားရှိပေးထားသည်။ မြို့မဈေးကို အလယ်ဗဟိုထားရှိကာ ယာဉ်လိုင်းများ ဖြန့်ကြက်ပြေးဆွဲပေးနေခြင်း ဖြစ်သည်။ ခရီးသွားများ ဝန်စည်စလည်နှင့်တကွ အဆင်ပြေစွာ သွားလာနိုင်ရန် ထိုသို့ ထားရှိပေးခြင်းလည်း ဖြစ်ကြောင်း သိရသည်။

"အမှတ်(၁)လိုင်းက မြို့မဈေး-ပင်စိမ်းကုန်း-ပန်းတင်အထိ တစ်နေ့ ယာဉ်အစီး ၃၀ ပြေးဆွဲပေးနေသလို အမှတ်(၂) ယာဉ်လိုင်းကတော့ မြို့မဈေး-မင်္ဂလာဦးရပ်ကွက်-ခြောက်လုံးတန်းအထိနဲ့ မောချယ်ရီ-သစ်တောဂိတ်(အရှေ့မြို့ပတ်)အတိုင်း တစ်နေ့ ယာဉ် ၁၉စီးနဲ့ ပြေးဆွဲပေးနေပါတယ်။ ခရီးတိုပေမယ့် စီးတဲ့ခရီးသည် များပါတယ်"ဟု ဦးစိန်သောင်းက ပြောပြသည်။

မော်တော်ယာဉ်လိုင်း ကွန်ရက်ကြီးတစ်ခု

မော်တော်ယာဉ်များအနက် အမှတ်(၃)၊ အမှတ်(၄)နှင့် အမှတ်(၅) ယာဉ်လိုင်းများကို တစ်အုပ်စု သီးခြားစုစည်းပေးထားသည်။ အမှတ်(၃) ယာဉ်လိုင်းမှာ မြို့မဈေးမှ စဝ်စံထွန်းဈေး၊ အမှတ်(၄)လိုင်းမှာ မြို့မဈေးမှ ကရင်မရေထွက် (တိုက်ရိုက်ခရီးစဉ်) နှင့် အမှတ်(၅) ယာဉ်လိုင်းမှာ မြို့မဈေး-တက္ကသိုလ်-ဆောဆီရွာခရီးစဉ်များကို နေ့စဉ် ပြေးဆွဲပေးနေသည်။ ထို့အပြင် အမှတ်(၅) ယာဉ်လိုင်းတွင် မြို့မဈေး-တောင်ကြီးဘူတာ-ကန်ကြီးခရီးစဉ်နှင့် မောချယ်ရီ-ဂနိုင်ရေး အနောက်မြို့ပတ် တိုက်ရိုက်ခရီးစဉ်များကိုလည်း ဟိုင်းလပ်ယာဉ်များဖြင့် ပြေးဆွဲပေးနေသည်။ တစ်ဖန် တောင်ကြီး-ကွန်ပျူတာတက္ကသိုလ်ခရီးစဉ်ကိုလည်း တက္ကသိုလ်ကျောင်းသားကျောင်းသူများ ကျောင်းတက်ကျောင်းဆင်း သွားလာရေး အဆင်ပြေစေရန်

"အမှတ်(၁)လိုင်းမှာ ခရီးသည်စီးတာ အတော်များပါတယ်"
ဦးလှဌေး။

နေ့စဉ် ဟိုင်းလပ်မော်တော်ယာဉ်များဖြင့် ပြေးဆွဲပေးနေသည်ကို တွေ့ရသည်။

"အမှတ်(၆) ယာဉ်လိုင်းကတော့ မြို့မဈေးနဲ့ တပ်ဈေးကို တစ်နေ့ ၁၅စီးနဲ့ ပြေးဆွဲပေးနေသလို မောချယ်ရီ-သစ်တောဂိတ်(အနောက်မြို့ပတ်) တိုက်ရိုက်ခရီးစဉ်ကို တစ်နေ့ မော်တော်ယာဉ် ၁၃စီးနဲ့ ပြေးဆွဲပေးနေပါတယ်။ တောင်ကြီးမြို့ရဲ့ အရှေ့၊ အလယ်၊ အနောက်နေရာတွေကို သွားနိုင်ဖို့ တိုက်ရိုက်ယာဉ်လိုင်းခရီးစဉ်တွေလည်း ထားရှိပေးထားပါတယ်။ အမှတ်(၇)လိုင်းကတော့ တောင်ကြီး-နောင်ကားရွာ၊ အမှတ်(၈)လိုင်းက တောင်ကြီး-တောင်နီရွာကို တစ်နေ့ ဟိုင်းလပ်ယာဉ် ၁၈စီးနဲ့ ပြေးဆွဲပေးနေပါတယ်"ဟု ဦးစိန်သောင်းက ဆက်လက်ရှင်းပြသည်။

စီးလုံးလည်းငှားနိုင်

အမှတ်(၉)ယာဉ်လိုင်းမှာ တောင်ကြီး မြို့ပတ်ခရီးစဉ်ဖြစ်ပြီး မောချယ်ရီမှ အရှေ့မြို့ပတ်၊ မောချယ်ရီမှ အနောက်မြို့ပတ်အတိုင်း ပြေးဆွဲပေးသည်။ အမှတ်(၁၀)လိုင်းမှာ ဘီအမ်ကားများဖြင့် တောင်ကြီး-အေးသာယာစက်မှုဇုန်၊ အမှတ်(၁၁) လိုင်းမှာ ရွှေညောင်-တောင်ကြီး ခရီးစဉ်ဖြစ်သည်။

တစ်ဖန် အမှတ်(၁၂)လိုင်းမှာ တောင်ကြီး-ပင်ဖျစ်၊ အမှတ်(၁၃) လိုင်းမှာ တောင်ကြီး-အေးသာယာစက်မှုဇုန်၊ အမှတ်(၁၄)လိုင်းမှာလည်း ဒိုင်နာကားများဖြင့် တောင်ကြီး-အေးသာယာစက်မှုဇုန်၊ အမှတ်(၁၅) လိုင်းမှာ တောင်ကြီး-နမ့်ဆီး-နောင်လေ၊ အမှတ်(၁၆)လိုင်းမှာ တောင်ကြီး-ဟမ်းဆီး၊ အမှတ်(၁၇)လိုင်းမှာ တောင်ကြီး - ကျောက်တစ်လုံး၊ အမှတ်(၁၈)လိုင်းမှာ ယာဉ်စီးလုံးငှား အထူးယာဉ်လိုင်းဖြစ်သည်။ ယာဉ်အစီးပေါင်း ၅၂၀ဖြင့် ပြေးဆွဲပေးနေသည်။

ထို့အပြင် အမှတ်(၁၉)လိုင်းမှာ တောင်ကြီး - ဖက်ကွန် - လင်းလေ၊ အမှတ်(၂၀)လိုင်းမှာတောင်ကြီး-စလဲရွာ၊ အမှတ်(၂၁)လိုင်းမှာ တောင်ကြီး-ကျောက်တန်း ခရီးစဉ်များဖြစ်ပြီး ဒိုင်နာယာဉ်ငါးစီးဖြင့် ပြေးဆွဲပေးလျက်ရှိသည်။ ယာဉ်လိုင်းအသီးသီးတွင် ပြေးဆွဲနေသော မော်တော်ယာဉ်တိုင်း၌ ခရီးသည်များ အဆင်ပြေချောမွေ့စွာ စီးနင်းသွားလာနေကြသည်ကို တွေ့ရသည်။

ကြပ်မတ်ထိန်းသိမ်း

လိုင်းအသီးသီးတွင် ကားက ခရီးသည်ကို စောင့်ရမည်ဟူသည့် စကားအတိုင်း ခရီးသည်များ စိတ်အနှောင့်အယှက်ကင်းစွာ စီးနင်းနိုင်ရန်လည်း စည်းကမ်းချက်များ ထုတ်ပြန်ထားသည်။ အသိပညာပေးမှုများ၊ အစည်းအဝေးများ မပြတ်တမ်းပြုလုပ်ကာ ကြပ်မတ်ထိန်းသိမ်းပေးလျက်ရှိသည်။

ထို့ကြောင့် တောင်ကြီးမြို့တစ်ခွင်နှင့် ဝန်းကျင်ဒေသကို ခရီးသွားလာရေး အဆင်ပြေရန်နှင့် ပြည်ပဧည့်သည်များအပါအဝင် ပြည်တွင်းမှ ခရီးသွားများအတွက်ပါ မော်တော်ယာဉ်လိုင်းများ စီစဉ်ပေးထားခြင်းကို စိတ်ချမ်းမြေ့ဖွယ်ရာ မြင်တွေ့ မှတ်သားခဲ့ရပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

တောင်ကြီးမြို့မဈေး-ပင်စိမ်းကုန်း-ပန်းတင်အထိ ပြေးဆွဲပေးနေသော အမှတ်(၁) မော်တော်ယာဉ်လိုင်းဂိတ်မှ မော်တော်ယာဉ်ငယ်များကို ဤသို့တွေ့ရသည်။

နိုင်ငံရေးပါတီ တည်ထောင်ခွင့် လျှောက်ထားခြင်းများကို စိစစ်ခွင့်ပြုပေးလျက်ရှိ

နေပြည်တော် ဧပြီ ၂၃

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသော ပါတီအမည်ကို ဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားလျက်ရှိကြရာ ယင်းသို့ လျှောက်ထားသည့်အဖွဲ့များအနက် အောက်ပါအဖွဲ့သုံးဖွဲ့သည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ကော်မရှင်က ၂၀၁၀ပြည့်နှစ်၊ ဧပြီ ၂၃ရက်တွင် နိုင်ငံရေးပါတီတည်ထောင်ခွင့် လျှောက်ထားချက်ကို ခွင့်ပြုလိုက်ကြောင်း သိရှိရသည် -

(က) ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)
(ခ) တအာင်း(ပလောင်) အမျိုးသားပါတီ
(ဂ) ဝံသာနု NLD (ပြည်ထောင်စုမြန်မာနိုင်ငံ)

ပါတီတည်ထောင်ခွင့်ရရှိသော ဖော်ပြပါအဖွဲ့သုံးဖွဲ့သည် ခွင့်ပြုချက်ရရှိသည့်နေ့မှစ၍ ရက်ပေါင်း ၃၀အတွင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၇ နှင့်အညီ ကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားရမည်ဖြစ်ကြောင်း၊ ပါတီတည်ထောင်ခွင့်လျှောက်ထားသည့် ကျန်အဖွဲ့များကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ယနေ့အထိ နိုင်ငံရေးပါတီ တည်ထောင်ခွင့်ပြုပြီးသည့်အဖွဲ့ ငါးဖွဲ့ရှိပြီဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံရေးပါတီ တည်ထောင်ခွင့်နှင့် နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့်များ လျှောက်ထားလျက်ရှိ

နေပြည်တော် ဧပြီ ၂၃

နိုင်ငံရေးပါတီတည်ထောင်လိုသူများက ယင်းတို့ တည်ထောင်လိုသော ပါတီ၏ အမည်ကိုဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားလျက်ရှိကြရာ ၂၀၁၀ပြည့်နှစ်၊ ဧပြီ ၂၃ရက်တွင် အောက်ဖော်ပြပါအဖွဲ့များ လာရောက်လျှောက်ထားခဲ့ကြသည်-

(က) ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီ
(ခ) ရှမ်းပြည်နယ်မြောက်ပိုင်း တိုးတက်ရေးပါတီ (NORTHERN SHAN STATE PROGRESSIVE PARTY)
(ဂ) ချင်းတိုးတက်ရေးပါတီ (Chin Progressive Party)

ယနေ့အထိ နိုင်ငံရေးပါတီတည်ထောင်ခွင့် လျှောက်ထားသည့်အဖွဲ့ ၁၉ဖွဲ့ရှိပြီဖြစ်ကြောင်း၊ အဆိုပါအဖွဲ့များအနက် (၅)ဖွဲ့ကို နိုင်ငံရေးပါတီတည်ထောင်ခွင့်ပြုပြီးဖြစ်ကြောင်းနှင့် ကျန်လျှောက်ထားသည့်အဖွဲ့များကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ထို့ပြင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ တွင် အကျုံးဝင်သော လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီသည် ၂၀၁၀ ပြည့်နှစ်၊ ဧပြီ ၂၃ရက်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့် လာရောက်လျှောက်ထားခဲ့ရာ ယင်းသို့ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့် လျှောက်ထားသည့် ပါတီပေါင်း (၄)ပါတီရှိပြီဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၂၄-၄-၂၀၁၀ (စနေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	တရားတော်
၇:၁၀	၃။	ဓမ္မပူဇာတေး
၇:၂၀	၄။	မျိုးချစ်တပ်မတော်
၇:၂၅	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၆။	မြန်မာသံစဉ် ချိုနားဝင်
၇:၄၀	၇။	ခါသကြံန် အဆို၊ အကများ
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁:၀၀	၁။	မြဝတီအဖွင့်
၁၁:၀၅	၂။	အဖွင့်သီချင်း
၁၁:၁၀	၃။	မျိုးချစ်တပ်မတော်
၁၁:၂၅	၄။	ကာတွန်းအစီအစဉ် **လပြည့်ညရဲ့ စိန်ခေါ်သံ** (အပိုင်း-၄၃)
၁၂:၀၀	၅။	မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် **စာမျက်နှာ(၁၆)** လူမင်း၊ နန္ဒ၊ မိုးဟေကို (ဒါရိုက်တာ-အာယု)
၁၃:၃၀	၆။	သာယာသီကြွေး ခေတ်ဆန်းတေး
၁၄:၀၀	၇။	ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **ကြင်နာသူရဲ့ ချစ်ရိပ်** (အပိုင်း-၂၈)

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	ချစ်သူစုံတွဲ တူယှဉ်နွဲ
၄:၃၅	၄။	မြတ်နိုးကြစေ အမျိုးသားအမွေ
၄:၄၅	၅။	မြန်မာသံစဉ် ချိုနားဝင်
၄:၅၅	၆။	မျိုးချစ်တပ်မတော်
၅:၀၀	၇။	တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၅:၂၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၅:၄၀	၉။	ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၆:၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၂၀	၁၁။	အမျိုးသားရေးတေးကဗျာ
၆:၂၅	၁၂။	လျှပ်တစ်ပြက်
၆:၃၀	၁၃။	**စားဖို့ဆောင်ချစ်သူ**
၆:၄၅	၁၄။	ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား
၇:၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **စိမ်းရောင်ခြယ်လှည်းကလေး** (အပိုင်း-၂)
၈:၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	နိုင်ငံတကာသတင်း
	၁၈။	မိုးလေဝသသတင်း
	၁၉။	အမျိုးသားရေးတေးကဗျာ
	၂၀။	လူရွှင်တော်စတား
	၂၁။	အင်္ဂလိပ်စာသုတ
	၂၂။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြည်နူးဖွယ်ရာပျိုကညာ** (အပိုင်း-၃၁)
	၂၄။	**နှစ်ခေတ်ပြိုင်ချစ်သူ** (အပိုင်း-၂၀)

ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက်စီမံကိန်း

သတင်းဆောင်းပါး - မောင်မောင်ထွေး (သတင်းစဉ်) ★ ဓာတ်ပုံ မှတ်တမ်း - ရန်ကင်းစိုးမင်း ★ စာမျက်နှာဖွဲ့စည်းမှု - မာမာစိုး (မြန်မာ့အလင်း)

နေပြည်တော် ဧပြီ ၂၃

စက်ယာဥ်ယန္တရားကြီးတို့၏ အသံများကား မိုးခြိမ်းသံအလား ဟိန်းကာဟိန်းကာ ထွက်ပေါ်နေ၏။ မြေစေးအထိသာ ရှိသေးသော မြေသားလမ်းပေါ် လျှောက်ရင် ချော်မလဲမိအောင် ကြိုးစား၍ ထိန်းလျှောက်နေမိ၏။

အချိန်ကား ဧရာဝတီတိုင်းအတွင်း နာဂစ်မုန်တိုင်း တိုက်ခတ်ပြီး တစ်လအကြာ ဖြစ်၏လ။ နေရာကား ဘိုကလေးမြို့တစ်ဖက်ကမ်းရှိ ဘိုကလေး-ကြိမ်ချောင်း-ကဒုံကနီလမ်းပိုင်း စီမံကိန်းလုပ်ငန်းခွင်။

လမ်းကွန်ရက်

အဆိုပါ လမ်းပိုင်းများကို ဖောက်လုပ်သည့် ရည်ရွယ်ချက်ကား နိုင်ငံတော်အကြီးအကဲက ``ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသရှိ ဖျာပုံ၊ လပွတ္တာ၊ မြောင်းမြခရိုင်တို့မှာ ရေလမ်းကြောင်းတစ်ခုတည်းကိုသာ အားကိုးပြီး သွားလာရသော ဒေသများဖြစ်၍ ဒေသဖွံ့ဖြိုးမှု၊ လမ်းပန်းဆက်သွယ်မှု၊ ကုန်စည်စီးဆင်းမှုအတွက်သာမက အရေးကြုံပါက ခိုလှုံရာ တာပေါင်များအဖြစ်ပါ အသုံးပြုနိုင်ရေးအတွက် မြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက်စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ရန်'' လမ်းညွှန်မြွက်ကြားချက်နှင့်အညီ ဆောက်လုပ်ရေးဝန်ကြီး

ဖျာပုံ-ကျုံကဒွန်း-ဒေါ်ငြိမ်း-အမာလမ်း

ဖျာပုံ-ကျုံကဒွန်း-ဒေါ်ငြိမ်း-အမာလမ်းကို ဤသို့ တွေ့ရသည်။

ဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက လမ်းကွန်ရက်များကို မုန်တိုင်းအပြီး လပိုင်းအတွင်းမှာပင် ရည်မှန်းချက်ပါအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်နေခြင်း ဖြစ်ပေသည်။

ဒေသခံပြည်သူများ ရွှင်လန်းဝမ်းမြောက်

ထိုစဉ်က လမ်းပိုင်းစီမံကိန်းလုပ်ငန်းခွင်အနီးရှိ ကျေးရွာများသို့ ကျွန်တော် သွားရောက်ခဲ့ပြီး သူတို့၏အသံများကို နားစွင့်ခဲ့၏။ ဒေသခံပြည်သူများ အလွန်ဝမ်းမြောက်ကြ၏။

ဘိုကလေးမြို့တစ်ဖက်ကမ်း သာပေါင်းကျေးရွာနေ ဦးမိုးကျော်က ``ဒီလမ်းကြီးကို နောင် လေဘေး၊ ရေဘေးတွေ ကြုံတွေ့ခဲ့ရင် ခိုလှုံနိုင်အောင် လမ်းအမြင့်ကြီးလုပ်မယ်လို့ ကြားသိကတည်းက ကျွန်တော်အပါအဝင် ရွာသူရွာသားတွေအားလုံး အလွန်ဝမ်းသာနေကြပါတယ်။ ကျွန်တော်တို့ အသက်အန္တရာယ်တွေကို ကာကွယ်ပေးနိုင်တော့မှာဖြစ်သလို ဆက်သွယ်သွားလာရေးမှာလည်း အားကိုးရာတစ်ခုဖြစ်တဲ့အတွက် ကျေးဇူးလည်း တင်မိပါတယ်''ဟု ဆိုခဲ့ဖူး၏။

ညီနောင်ကျေးရွာနေ ဦးမောင်ကြီးကလည်း ``မုန်တိုင်းတိုက်စဉ်တုန်းက ရေတက်လာလို့ ကျွန်တော်တို့ မသေရုံတစ်မယ်ပါဘဲ၊ အခုဒီလမ်းကြီးမှာ ရေဘေးခိုလှုံလို့ရတဲ့ လမ်းပိုင်းအမြင့်ကြီးတွေပါတယ်လို့ ကြားသိရတဲ့အတွက် အကုန်လုံး ဝမ်းသာနေကြတယ်။ ကဒုံကနီအထိပါတော့ သွားရေးလာရေးကလည်း ပိုအဆင်ပြေသွားတာပေါ့''ဟု ဆိုရှာသည်။

အဆိုပါကျေးရွာနေ ဦးမိုးကျော်နှင့် ဦးမောင်ကြီးတို့ ဒေသခံပြည်သူများနည်းတူ မြစ်ဝကျွန်းပေါ်ဒေသတစ်ဝန်းရှိ ဒေသခံပြည်သူများလည်း ရွှင်လန်းဝမ်းမြောက်ကြပေလိမ့်မည်။

ကွန်ရက်လမ်း(၁၀)လမ်း

မြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက်စီမံကိန်းတွင် လမ်းမကြီး (၁၀)လမ်း ပါဝင်ပြီး မြစ်ဝကျွန်းပေါ်ဒေသတစ်ခုလုံးကို လက်ယှက်ထိုး ဆက်စပ်ဖောက်လုပ်ထားခြင်း ဖြစ်ပေသည်။

အမှတ် (၁) လမ်းကွန်ရက်

အမှတ်(၁) လမ်းဖြစ်သော မအူပင်-ရေလဲကလေး-ရွှေတောင်မှော်-ကျိုက်ပိ-မော်လမြိုင်ကျွန်းလမ်းမှာ (၄၃/၅)မိုင်ရှိပြီး ပေ ၁၈၀အထက် စီမံကိန်းဝင်တံတား နှစ်စင်းပါရှိသည်။ ရာဇူဒိုင်တံတား အမှတ်(၂) မှာ ဖွင့်လှစ်ပြီး၍ ရာဇူဒိုင်တံတား အမှတ်(၁)ကို မကြာမီဖွင့်လှစ်တော့မည်။ မြေပြင်မှ အမြင့် ရှစ်ပေရှိ ရေလွတ်အသက်ကယ်ကုန်းမြင့် (Hillock)နှစ်ခု ပါဝင်သည်။

အမှတ် (၂) လမ်းကွန်ရက်

အမှတ်(၂) လမ်းဖြစ်သော မော်လမြိုင်ကျွန်း-လှိုင်းဘုန်း-သစ်ပုတ်-ကွင်းပေါက်-ပြင်စလူလမ်းမှာ (၆၉/၃) မိုင်ရှိပြီး တံတား ၄၅စင်းပါရှိကာ ၂၇စင်း တည်ဆောက်ပြီးစီးသွားပြီဖြစ်သည်။ တည်ဆောက်ဆဲ ကိုးစင်း၊ အကြိုအင်ဂျင်နီယာလုပ်ငန်းဆောင်ရွက်ဆဲ ငါးစင်းနှင့် တည်ဆောက်ရန် လေးစင်းသာ ကျန်ရှိတော့၏။ မြေပြင်မှအမြင့် ၈ပေမှ ၁၀ပေအထိရှိသော ရေလွတ်အသက်ကယ်ကုန်းမြင့် (Hillock)စုစုပေါင်း ၂၁ခု ပါဝင်သည်။

အမှတ် (၃) လမ်းကွန်ရက်

အမှတ်(၃) လမ်းဖြစ်သော လပွတ္တာ-သင်္ကန်းကြီး-ပြင်စလူလမ်းမှာ (၃၅/၂)မိုင်ရှိပြီး တံတား၁၂စင်းပါရှိကာ အကြိုအင်ဂျင်နီယာလုပ်ငန်းဆောင်ရွက်ဆဲ တံတား တစ်စင်းနှင့် တည်ဆောက်ရန်တံတား နှစ်စင်းသာ ကျန်ရှိတော့၏။ မြေပြင်မှအမြင့်ပေ ၁၀ပေမှ ၁၆ပေအထိရှိသော ရေလွတ်အသက်ကယ်ကုန်းမြင့် (Hillock)၁၈ခု ပါဝင်သည်။

အမှတ် (၄) လမ်းကွန်ရက်

အမှတ်(၄) လမ်းဖြစ်သော လပွတ္တာ-သုံးခွ-အုတ်တွင်း-ထိပ်စွန်းလမ်းမှာ (၃၉/၀)မိုင်ရှိပြီး တံတား၁၃စင်းပါရှိကာ တည်ဆောက်ဆဲ ငါးစင်းနှင့် တည်ဆောက်ရန် တစ်စင်းသာကျန်ရှိတော့၏။ မြေပြင်မှအမြင့် ၁၂ပေ၊ ၁၅ပေနှင့် ၁၈ပေစီရှိ ရေလွတ်အသက်ကယ်ကုန်းမြင့် (Hillock) သုံးခုပါဝင်သည်။

အမှတ် (၅) လမ်းကွန်ရက်

အမှတ်(၅) လမ်းဖြစ်သော ဘိုကလေး-ကြိမ်ချောင်း-ကဒုံကနီလမ်းမှာ (၄၁/၂)မိုင်ရှိပြီး ဘိုကလေးမြစ်ကိုဖြတ်၍ တည်ဆောက်မည့် အရှည် ၂၂၂၆ပေရှိ ဘိုကလေး တံတားအပါအဝင် တံတားပေါင်း ၃၇စင်းပါရှိကာ အကြိုအင်ဂျင်နီယာလုပ်ငန်း ဆောင်ရွက်ဆဲတံတား ခြောက်စင်းသာ ကျန်ရှိတော့၏။ မြေပြင်မှ အမြင့် ၁၀ပေမှ ၁၅ပေအထိရှိသော အသက်ကယ်ကုန်းမြင့် (Hillock) ၁၁ခု ပါဝင်သည်။

ဆားကျင်းတံတား

လပွတ္တာ-သင်္ကန်းကြီး-ပြင်စလူလမ်းရှိ ဆားကျင်းတံတားကို ဤသို့ တွေ့ရသည်။

လပွတ္တာ-သုံးခွ-အုတ်တွင်း-ထိပ်စွန်းလမ်း

လပွတ္တာ-သုံးခွ-အုတ်တွင်း-ထိပ်စွန်းလမ်းကို ဤသို့ တွေ့ရသည်။

အမှတ် (၆) လမ်းကွန်ရက်

အမှတ်(၆) လမ်းဖြစ်သော ဘိုကလေး-စက်ဆန်း-ထော်ပိုင်-အမာလမ်းမှာ (၅၁/၅)မိုင်ရှိပြီး တံတား ၁၆စင်းပါရှိကာ တည်ဆောက်ဆဲ သုံးစင်းနှင့် တည်ဆောက်ရန် သုံးစင်းသာ ကျန်ရှိတော့၏။ မြေပြင်မှအမြင့် ၈ပေမှ ၁၀ပေအထိရှိသော ရေလွတ်အသက်ကယ်ကုန်းမြင့် (Hillock) ခုနစ်ခု ပါဝင်သည်။

အမှတ် (၇) လမ်းကွန်ရက်

အမှတ်(၇) လမ်းဖြစ်သော ဖျာပုံ-ကျုံကဒွန်း-ဒေါ်ငြိမ်း-အမာလမ်းမှာ (၅၁/၅)မိုင်ရှိပြီး တံတားများမပါဝင်ကြောင်း သိရသည်။

အမှတ် (၈) လမ်းကွန်ရက်

အမှတ် (၈) လမ်းဖြစ်သော ကျုံကဒွန်း-စက်ဆန်းလမ်းမှာ (၁၉/၁)မိုင်ရှိပြီး တံတားတစ်စင်းသာပါဝင်ပြီး တံတားမှာ ရာနှုန်းပြည့်ပြီးစီးသွားပြီဖြစ်သည်။

အမှတ် (၉) လမ်းကွန်ရက်

အမှတ်(၉) လမ်းဖြစ်သော ပုသိမ်-သလပ်ခွာ-မော်တင်စွန်းလမ်းမှာ (၉၆/၀)မိုင်ရှိပြီး တံတားပေါင်း ၃၈စင်းပါဝင်သည်။ တံတားတစ်စင်း ပြီးစီးလျက်ရှိကာ ၃၇စင်းကို တည်ဆောက်ဆဲဖြစ်ကြောင်း သိရသည်။

အမှတ် (၁၀) လမ်းကွန်ရ

အမှတ်(၁၀) လမ်းဖြစ်သော ဘိုကလေး-မေ
မြောင်းမြလမ်းမှာ (၆၆/၀)မိုင်ရှိကာ တံတား သုံးစင်
ဖြစ်သည်။

အရှည်မိုင် (၄၉၉/၇)မိုင်

အဆိုပါမြစ်ဝကျွန်းပေါ်ဒေသလမ်းကွန်ရက်
အင်ဂျင်နီယာချုပ် ဦးစိုးတင့်က လုပ်ငန်းဆောင်ရွ
ကွန်ရက်စီမံကိန်းဝင် (၁၀)လမ်း၏ စုစုပေါင်းအ
ရှိကြောင်း၊ လမ်းအကျယ်မှာ ၃၄ပေရှိပြီး အမြင့်မှာ
ဒေသများတွင် အနည်းဆုံး အမြင့် ရှစ်ပေရှိကြေ
ဒီရေအမြင့်ဆုံး တက်သည့်အပေါ်ရှိ အမြင့် သုံးပေမြ
ကြောင်း''ဖြင့် ရှင်းလင်းပြောကြားသည်။

မိုးတွင်းကာလမှာပင်စတ

ဆက်လက်၍ ``မြစ်ဝကျွန်းပေါ်ဒေသ လမ်
တောများတွင် ဖောက်လုပ်ရခြင်းဖြစ်၍ ကုန်းပေါ်တွင်
နှင့်မတူကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်
ဝန်ကြီးဌာန ဝန်ကြီး၏ ဦးဆောင်မှုဖြင့် မိုးတွင်းကာ
ဆောင်ရွက်ခဲ့ကြကြောင်း''။

မအူပင်-ရေလဲကလေး-ရွှေတောင်မှော်-ကျ
လမ်းကို ဤသို့ တွေ့ရသည်။

အချောသပ်လုပ်ငန်းများဆော

အမှတ်(၁)လမ်းနှင့် အမှတ်(၇)လမ်းတို့မှာ
ဖြစ်ကြောင်း၊ အမှတ်(၂)လမ်းမှာ (၁၂/၀)မိုင်၊ အမှ
အမှတ်(၄)လမ်းမှာ (၄/၃)မိုင်၊ အမှတ်(၅)လမ်းမှ
လမ်းမှာ (၃/၂)မိုင်၊ အမှတ်(၈)လမ်းမှာ (၅/၆)
(၁၇/၇) မိုင်သာ အချောသပ်လုပ်ငန်း ဆောင်ရွက်ရ
အမှတ်(၁၀)လမ်းမှာ လမ်းအသစ် (၁၈/၀)မိုင် ဖောက
ပြီးစီးလျက်ရှိကြောင်း''ဖြင့် ရှင်းလင်းပြောကြား

နတ်လူသာစုခေါ်

အဆိုပါ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ လမ်းကွ
ပြီးစီးသွားပါက စီမံကိန်းဝင်လမ်းကွန်ရက်များမှတ
သည် လိုရာခရီးကို အလွယ်ကူဆုံး ရွေးချယ်သွားလာ
မှုနှင့် ကုန်စည်စီးဆင်းမှုကို ပိုမိုလျင်မြန်လာစေမည့်
ဘေးဒဏ်များမှလည်း ကာကွယ်နိုင်မည်ဖြစ်ရာ သ
ကျွန်းပေါ် လမ်းကွန်ရက်)၊ သည်စခန်း (ရေလွတ်အ
နတ်လူသာစုခေါ်စေမည့် သမိုင်းတွင်မည့် သမိုင်းဝ
ဟု ခေါ်ဆိုရပါလျှင် လွန်အံ့မထင်ပါချေ။ ။

အမှတ် (၁၀) လမ်းကွန်ရက်

အမှတ်(၁၀) လမ်းဖြစ်သော ဘိုကလေး-မော်လမြိုင်ကျွန်း-ဝါးခယ်မ-မြောင်းမြလမ်းမှာ (၆၆/၀)မိုင်ရှိကာ တံတား သုံးစင်းပါဝင်ပြီး တည်ဆောက်ဆဲဖြစ်သည်။

အရှည်မိုင် (၄၉၉/၇)မိုင်

အဆိုပါမြစ်ဝကျွန်းပေါ်ဒေသလမ်းကွန်ရက် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း အင်ဂျင်နီယာချုပ် ဦးစိုးတင့်က လုပ်ငန်းဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ "လမ်းကွန်ရက်စီမံကိန်းဝင် (၁၀)လမ်း၏ စုစုပေါင်းအရှည်မိုင်မှာ (၄၉၉/၇)မိုင်ရှိကြောင်း၊ လမ်းအကျယ်မှာ ၃၄ပေရှိပြီး အမြင့်မှာ ပင်လယ်နှင့် နီးစပ်သောဒေသများတွင် အနည်းဆုံး အမြင့် ရှစ်ပေရှိကြောင်း၊ ကျန်အပိုင်းများမှာ ဒီရေအမြင့်ဆုံး တက်သည့်အပေါ်ရှိ အမြင့် သုံးပေမြင့်အောင် ဆောင်ရွက်ထားကြောင်း"ဖြင့် ရှင်းလင်းပြောကြားသည်။

မိုးတွင်းကာလမှာပင်စတင်

ဆက်လက်၍ "မြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက်စီမံကိန်းမှာ ရွှံ့နွံတောများတွင် ဖောက်လုပ်ရခြင်းဖြစ်၍ ကုန်းပေါ်တွင် ဖောက်လုပ်ရသောလမ်းများနှင့်မတူကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှု၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး၏ ဦးဆောင်မှုဖြင့် မိုးတွင်းကာလမှာပင် စတင်ဖောက်လုပ်ဆောင်ရွက်ခဲ့ကြကြောင်း"။

မအူပင်-ရေလဲကလေး-ရွှေတောင်မှော်-ကျိုက်ပိ-မော်လမြိုင်ကျွန်းလမ်းကို ဤသို့ တွေ့ရသည်။

အချောသပ်လုပ်ငန်းများဆောင်ရွက်

အမှတ်(၁)လမ်းနှင့် အမှတ်(၇)လမ်းတို့မှာ ရာနှုန်းပြည့် ပြီးစီးသွားပြီဖြစ်ကြောင်း၊ အမှတ်(၂)လမ်းမှာ (၁၂/၀)မိုင်၊ အမှတ်(၃)လမ်းမှာ (၂/၆)မိုင်၊ အမှတ်(၄)လမ်းမှာ (၄/၃)မိုင်၊ အမှတ်(၅)လမ်းမှာ (၅/၂)မိုင်၊ အမှတ်(၆)လမ်းမှာ (၃/၂)မိုင်၊ အမှတ်(၈)လမ်းမှာ (၅/၆)မိုင်၊ အမှတ်(၉)လမ်းမှာ (၁၇/၇) မိုင်သာ အချောသပ်လုပ်ငန်း ဆောင်ရွက်ရန်သာ ကျန်ရှိတော့ကြောင်း၊ အမှတ်(၁၀)လမ်းမှာ လမ်းအသစ် (၁၈/၀)မိုင် ဖောက်လုပ်ရန်အနက် လေးဖာလုံ ပြီးစီးလျက်ရှိကြောင်း"ဖြင့် ရှင်းလင်းပြောကြားသည်။

နတ်လူသာရခေါ်

အဆိုပါ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက်စီမံကိန်း ရာနှုန်းပြည့် ပြီးစီးသွားပါက စီမံကိန်းဝင်လမ်းကွန်ရက်များမှတစ်ဆင့် ဒေသခံပြည်သူများသည် လိုရာခရီးကို အလွယ်ကူဆုံး ရွေးချယ်သွားလာနိုင်မည်ဖြစ်ပြီး ဒေသဖွံ့ဖြိုးမှုနှင့် ကုန်စည်စီးဆင်းမှုကို ပိုမိုလျင်မြန်လာစေမည့်အပြင် အရေးပေါ် သဘာဝဘေးဒဏ်များမှလည်း ကာကွယ်နိုင်မည်ဖြစ်ရာ သည်လမ်း (ဧရာဝတီမြစ်ဝကျွန်းပေါ် လမ်းကွန်ရက်)၊ သည်စခန်း (ရေလွတ်အသက်ကယ်ကုန်းမြင့်)တို့ကား နတ်လူသာရခေါ်စေမည့် သမိုင်းတွင်မည့် သမိုင်းဝင် စီမံကိန်းလုပ်ငန်းရပ်များဟု ခေါ်ဆိုရပါလျှင် လွန်အံ့မထင်ပါချေ။ ။

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(တနင်္ဂနွေနေ့-နံနက်+နေ့လယ်+ည)

၂၅-၄-၂၀၁၀

၇:၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇:၀၅	တရားတော် (ပုဗ္ဗဏှသုတ်) ဓမ္မပူဇာတေးပဒေသာ
၇:၂၀	(၃၈)ဖြာမင်္ဂလာ
၇:၃၅	နံနက်ခင်းတေးပဒေသာ
၈:၀၀	စံတော်ချိန် + သတင်း
၈:၁၀	နံနက်ခင်းတေးပဒေသာ
၈:၃၀	ဘဝအသွင် ကဗျာ့အမြင် (ကမ္ဘာ့ကုန်ကျယ်သရွေ့)
၈:၃၅	တေးပဒေသာ
၁၀:၀၀	မင်္ဂလာလက်ဆောင်
၁၀:၃၀	သတင်းစာအာဘော်
၁၀:၃၅	သန့်စွမ်းကျန်းမာကိုယ်ခန္ဓာ (အရိုးအဆစ်သန်မာရေး)
၁၀:၄၀	တေးစီးရီး (စည်တော်ကြီး-တေးသံရှင်များ)
၁၁:၀၀	နေ့လယ်ခင်းသတင်း
၁၁:၁၀	ဆိုကြပျော်ရွှင်တေးသံစဉ်(၈၉)
၁၂:၀၀	စံတော်ချိန် ကလေးအစီအစဉ်(ကလေးများအတွက် တေးကဗျာ-စိတ်ကြွ ရုပ်သွပ်ဆေး)
၁၂:၁၀	ဘဝတစ်ကွေ့အတွေ့အကြုံ (ဆေးခါးတစ်ခွက်) နေ့လယ်ခင်းတေးပဒေသာ
၁၂:၃၀	စာအုပ်စာပေ လူ့မိတ်ဆွေ ၁။ပုံပြင်(၅၀)မှတ်သားဖွယ်-ဦးသန်းထွန်း ၂။မိသားစုသဘောတူစီမံချက်-ဦးကျော်ဇေယျ
၁၂:၅၀	နေ့လယ်ခင်းတေးပဒေသာ
၁၃:၀၀	မွန်းလွဲပိုင်းသတင်း
၁၃:၁၀	သိလိုသမျှမေး ကျန်းမာရေး
၁၃:၂၀	တေးပဒေသာ
၁၃:၃၀	အစီအစဉ်ပြီး၏။
၁၆:၀၀	အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆:၃၀	သောတရှင်လိုရာတေး
၁၇:၀၀	မြတ်နိုးစရာ ကျေးရွာတေးကဗျာ
၁၇:၂၅	သတင်းစာဆောင်းပါး
၁၇:၃၀	ညနေခင်းတေးပဒေသာ
၁၇:၃၅	တို့ပြန်ဖြေကြား အနုပညာရှင်များ (ချမ်းချမ်း)
၁၈:၀၀	ညနေခင်းသတင်း
၁၈:၁၀	တေးချစ်သူရွေးသီ တေးပန်းချီ
၁၈:၃၀	သုတစုံကြွယ်သိစေဖွယ်-အကျင့်စရိုက်လမ်းအတိုင်း-ချစ်နိုင် (စိတ်ပညာ)
၁၈:၄၅	တေးပဒေသာ
၁၉:၀၀	နိုင်ငံတကာသတင်း
၁၉:၁၀	Talk on Line (Bambino) နိုင်ငံရေးဦးတည်ချက်
၁၉:၃၀	တေးပဒေသာ
၂၀:၀၀	ပြည်တွင်းသတင်း
၂၀:၂၀	ဖျော်ဖြေသီကြွေး သူ့အလှည့်တေး (ပန်းအိဖြူ) စီးပွားရေးဦးတည်ချက်
၂၀:၄၀	လယ်ယာစီးပွား (ဆီထွက်သေချာ နေကြာစိုက်ပါ)
၂၀:၅၀	တေးပဒေသာ လူမှုရေးဦးတည်ချက်
၂၁:၀၀	ရင်တွင်းခံစားတေးသီချင်းများ (နော်သန်းငွေ)
၂၁:၁၅	ညချမ်းချိန်ခါ တေးပဒေသာ
၂၁:၃၀	ခေတ်မရွေးသောတေး
၂၂:၀၀	အစီအစဉ်ပြီး၏။

ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ) နှစ်ပတ်လည်အခမ်းအနား ကျင်းပမည်

ရန်ကုန် ဧပြီ ၂၃

ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)၏ တည်ထောင်ခြင်း (၂)နှစ်ပြည့် နှစ်ပတ်လည် အခမ်းအနားကို မေ ၁၂ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီမှ ညနေ ၄နာရီအထိ ရန်ကုန်မြို့ရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပမည်ဖြစ်ရာ မသန်စွမ်း ညီအစ်ကိုမောင်နှမများ တွေ့ဆုံခြင်း၊ အလှူငွေများပေးအပ်ခြင်း၊ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခြင်း၊ အနုပညာရှင်များအား ဂုဏ်ပြုလွှာပေးအပ်ခြင်း၊ အထောက်အကူပြုပစ္စည်းများ ပေးအပ်ခြင်း၊ မသန်စွမ်း ညီအစ်ကို မောင်နှမများ၏ အနုပညာဖြင့် ဖျော်ဖြေခြင်းတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည် ဖြစ်သည်။

ဆက်သွယ်နိုင်

မသန်စွမ်းသူများအတွက် အထောက်အကူပြု ပစ္စည်းများနှင့် အလှူငွေ ထည့်ဝင်လိုသူများသည် ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ) ရုံးခန်းအမှတ် ၇၉၇ အခန်း ၁၀၄-ဘီ ဗိုလ်ချုပ်အောင်ဆန်းလမ်း (ဝါးတန်းလမ်းထောင့်) မြန်မာ့အလှတာဝါ(၂) လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၂၂၈၂၃၊ ၂၂၉၀၈၇၊ ၂၁၅၉၃၉၊ ၀၉-၆၈၁၈၆၉၃နှင့် ၀၉-၅၀-၃၄၄၀၄ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြောက်ပိုင်းစွန်းဒေသများ၌ မိုးထစ်ချုန်းရွာဖွယ်

နေပြည်တော် ဧပြီ ၂၃

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာအနှံ့အပြားနှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ မန္တလေးတိုင်း၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ထက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး ကချင်ပြည်နယ်တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၆ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မချမ်းဘောမြို့တွင် ဝဒသမ ၉၁လက်မ၊ ပူတာအိုမြို့တွင် ဝဒသမ ၄၇လက်မနှင့် မြစ်ကြီးနားမြို့တွင် ဝဒသမ ၂၀လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် သာယာနေသည်။

ဧပြီ ၂၄ရက် ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်ပြီး ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းကာ ကျန်ဒေသများတွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းစွန်းဒေသများတွင် မိုးဆက်လက် ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ဧပြီလနောက်ဆုံး ရက်သတ္တပတ်ကုန် ရက်များအတွက် မိုးလေဝသခန့်မှန်းချက်မှာ လာမည့်သီတင်းပတ်ကုန်ရက်များအတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းနှင့် မန္တလေးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

တိပိဋကဓရ တိပိဋကကောဝိဒ စာအောင်သာသနာ့ အာဇာနည်များအား ချီးကျူးပူဇော်ပွဲ အခမ်းအနား ကျင်းပမည်

နေပြည်တော် ဧပြီ ၂၃

သာသနာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသော (၆၂)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် အရှင်မြတ်များအား အောင်လက်မှတ်ဘွဲ့တံဆိပ်ဆက်ကပ်ပွဲနှင့် ချီးကျူးပူဇော်ပွဲ အခမ်းအနားကို မေ ၈ရက် (၁၃၇၂ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၁ရက်) (စနေနေ့) နံနက် ၈နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သဖြင့် စာအောင် သာသနာ့အာဇာနည် အရှင်မြတ်များအား မေ ၇ရက် ညနေ ၃နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ ဥတ္တရကုရုကျောင်းဆောင်သို့ ကြွရောက်တော်မူပါရန် ပင့်လျှောက်ထားသည်။

ဆက်သွယ်လှူဒါန်းနိုင်

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ တိပိဋကဓရ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်များ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်များ၊ စာထောက်စာမ ဆရာတော်များ၊ ပင့်သံဃာများနှင့် ယခုနှစ်တွင် ပြန်ဆို/ရေးဖြေ အောင်မြင်တော်မူကြသော တိပိဋကဓရ၊ တိပိဋကကောဝိဒ တစ်ပါး၊ မူလအဘိဓမ္မကောဝိဒ တစ်ပါး၊ မူလအဘိဓမ္မိက တစ်ပါး၊ ဒီဃနိကာယကောဝိဒ နှစ်ပါး၊ ဒီဃဘာဏက ငါးပါး၊ ဝိနယကောဝိဒ သုံးပါး၊ ဝိနယဓရ ၂၄ပါး၊ ဥဘတောဝိဘင်္ဂကောဝိဒ ခုနစ်ပါး၊ ဥဘတောဝိဘင်္ဂဓရ ၄၇ပါး စုစုပေါင်း စာအောင်သံဃာ ၉၁ပါး အပါအဝင် ပင့်သံဃာ ၂၅၈ပါးတို့အား လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် ချီးကျူးပူဇော်လှူဒါန်းမည်ဖြစ်ပါသဖြင့် ကြွရောက်ကြည်ညိုကြပါရန်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ကြိုတင်၍ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်း ဖုန်း-၆၅၁၅၇၂၊ စာမေးပွဲဌာနခွဲ ဖုန်း-၆၅၂၇၉၄၊ ၆၆၄၅၇၈နှင့် ၆၆၃၃၂၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

ဧပြီ ၂၂ရက်က မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို) အတွင်းရေးမှူးနှင့်အဖွဲ့ ဖုံးပေါက်ကွဲမှုကြောင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသမှု ခံယူနေသော လူနာများအတွက် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)မှ လှူဒါန်းသည့် ဆေးဖိုးအလှူငွေ ကျပ် ၁၅သိန်းကို ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်နုနုသာ လက်ခံစဉ်။ (သတင်းစဉ်)

လယ်ယာစပါး ပြည့်အားထား တားဆီးကာကွယ် မီးရန်စွယ်

မြန်မာ-တရုတ် ဝူရှူးသရုပ်ပြပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၃

မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်နှင့် တရုတ်ဝူရှူးအဖွဲ့ချုပ်တို့က ကြီးမှူးကျင်းပမည့် မြန်မာ-တရုတ် သံတမန်ထူထောင်ဆက်ဆံသည့် နှစ်(၆၀)ပြည့် အထိမ်းအမှတ် ဝူရှူးသရုပ်ပြပွဲကို ဧပြီ ၂၉ရက် နံနက် ၁၀နာရီခွဲတွင် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ သရုပ်ပြပွဲတွင် တရုတ်နိုင်ငံမှ ကမ္ဘာ့ချန်ပီယံ၊ အာရှချန်ပီယံနှင့် တရုတ်နိုင်ငံမှ ချန်ပီယံများအပါအဝင် ဝူရှူးအားကစားသမား ၂၀ လာရောက် သရုပ်ပြသကြမည်ဖြစ်ပြီး မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်မှလည်း လက်ရွေးစင်ကစားသမား အိမ့်မီမီနှင့် စန္ဒီဦးတို့အပါအဝင် လူငယ် ဝူရှူးအားကစားသမားများက ပါဝင်သရုပ်ပြသကြမည် ဖြစ်သည်။ တရုတ်နိုင်ငံ ဝူရှူးအဖွဲ့မှာ ၂၀၀၆ခုနှစ်ကလည်း လာရောက်သရုပ်ပြသဖူးပြီး မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ ***(မြန်မာ့အလင်း)***

မဂ္ဂဇင်းထုတ်ဝေရေး ညှိနှိုင်းစည်းဝေး

ရန်ကုန် ဧပြီ ၂၃

ဆီမီး ၉၉၀၀အဖွဲ့ (အင်းစိန်)က ကြီးမှူးထုတ်ဝေမည့် ဆီမီး ၉၉၀၀ အဖွဲ့ တတိယအကြိမ် မဂ္ဂဇင်းထုတ်ဝေရေး အပြီးသတ် ညှိနှိုင်းအစည်းအဝေးကို မတ် ၂၈ရက်က အဖွဲ့အစည်းအဝေးခန်းမ၌ ကျင်းပရာ သဘာပတိအဖွဲ့နာယက မဂ္ဂဇင်းအယ်ဒီတာချုပ် ဦးစိုးဝင်း (သတင်းထောက် - စဉ့်ကူစိုးဝင်း) က အဖွင့်အမှာစကား ပြောကြားပြီး မဂ္ဂဇင်းကော်မတီဥက္ကဋ္ဌ ဦးမြင့်စိုး (တရားရုံးချုပ်ရှေ့နေ)က မဂ္ဂဇင်းပြီးစီးမှုအခြေအနေနှင့် အဖွဲ့အတွင်းရေးမှူး၊ မဂ္ဂဇင်းတာဝန်ခံအယ်ဒီတာ ဦးခင်မောင်ညွန့်(တရားရုံးချုပ်ရှေ့နေ)၊ (တက္ကသိုလ်ခိုင်ထွန်းဖျာပုံ)က နာမည်ကျော် စာရေးဆရာကြီး ခြောက်ဦး၏ လက်ရာစာမူများ၊ ဆီမီး ၉၉၀၀အဖွဲ့ အမှုဆောင်များ၏ စာမူများ ထည့်သွင်းထားမှုကို တင်ပြကြသည်။

ရွေးချယ်

ထို့နောက် ဆီးမီး ၉၉၀၀အဖွဲ့ တတိယအကြိမ်မဂ္ဂဇင်းကို စက်တင်ဘာလတွင် ထုတ်ဝေရန် ဆုံးဖြတ်ပြီး အမှုဆောင်အဖွဲ့အသစ်ကို ရွေးချယ်ကြရာ ဥက္ကဋ္ဌ ဦးမြင့်စိုး (တရားရုံးချုပ်ရှေ့နေ)၊ ဒုတိယဥက္ကဋ္ဌ(၁) ဦးအေးသီ (တရားရုံးချုပ်ရှေ့နေ)၊ ဒုတိယဥက္ကဋ္ဌ (၂) ဦးထိန်ဝင်း၊ ဒုတိယဥက္ကဋ္ဌ(၃) ဦးလှသိန်း (ကျောင်းအုပ်ဆရာကြီး)၊ အတွင်းရေးမှူး ဦးခင်မောင်ညွန့်(တရားရုံးချုပ်ရှေ့နေ)၊ တွဲဖက်အတွင်းရေးမှူး ဦးဇော်မင်းနိုင် (အထက်တန်းရှေ့နေ) နှင့် ဘဏ္ဍာရေးမှူး ဒေါ်အေးအေးသိန်း (ကညန)တို့ ပါဝင်သည့် အမှုဆောင်အဖွဲ့ကို ရွေးချယ်ကြသည်။ (၁၁၃)

လည်ချောင်းနာခြင်းအကြောင်း သိကောင်းစရာ

ဒေါက်တာအောင်ကျော်သန်း
(နား၊ နှာခေါင်း၊ လည်ချောင်း)

လည်ချောင်းနာခြင်းမှာ နို့စို့အရွယ်မှ သက်ကြီးရွယ်အိုအထိ ဖြစ်နိုင်သော်လည်း နာရသည့်အကြောင်းအရင်းနှင့် နောက်ဆက်တွဲပြဿနာများမှာ မတူကြပေ။ လည်ချောင်းနာရသည့်အကြောင်းအရင်းများအနက် အများဆုံးမှာ ဗိုင်းရပ်စ်ပိုး (Virus) ကြောင့်ဟု သုတေသီများက မှတ်ချက်ချထားပါသည်။ မိမိနှင့်မတည့်သည့် အစားအစာ၊ အရည်များကို စားသုံးမိလျှင် လည်ချောင်းနာတတ်ပါသည်။ မသန့်ရှင်းသောလက်များဖြင့် ကိုင်တွယ်ထားသော အစားအစာ၊ အရည်များကြောင့် လူများစွာ လည်ချောင်းနာနိုင်ကြောင်း မှတ်တမ်းများက သက်သေခံထားကြပါသည်။

သို့သော် လူနေရာနှင့် သန့်ရှင်းမှုအပေါ်မူတည်၍ လည်ချောင်းနာနိုင်နှုန်းမှာ ကွဲပြားကြပါသည်။ ရာသီဥတုအပြောင်းအလဲနှင့် နေထိုင်ရာဝန်းကျင်၏ အပူချိန်၊ ရေငွေ့သိပ်သည်းဆတို့ ရုတ်တရက်ပြောင်းလဲခြင်းကြောင့်လည်း လည်ချောင်းနာနိုင်ပါသည်။ ဓာတုအငွေ့များ၊ ပြင်းထန်သောအညှော်များ၊ အမှိုက်သရိုက်၊ ဖုန်မှုန့်များနှင့် မီးခိုးငွေ့များကို ရှူရှိုက်မိလျှင် လည်ချောင်းနာရုံသာမက အဆုတ်အတွင်းသို့ ဝင်ရောက်သောကြောင့် ယားယံချောင်းဆိုးပြီး တချို့အသက်ရှူကျပ်သည်အထိ ဖြစ်နိုင်ကြပါသည်။ နှာခေါင်းပိတ်၍ ပါးစပ်ဖြင့် အသက်ရှူရသူများ၊ နှာပုပ်ရောဂါရှိသူများ၊ သွားနှင့်ခံတွင်းမသန့်ရှင်းသူများလည်း မကြာခဏလည်ချောင်းနာတတ်ကြပါသည်။ တချို့၌ အစာအိမ်အချဉ်ရည်သည် လည်ချောင်းထဲသို့ စိမ့်ဝင်ခြင်းကြောင့် လည်ချောင်းနာတတ်ကြပါသည်။

မည်သည့်အကြောင်းကြောင့် လည်ချောင်းနာသည်ဖြစ်စေ စမ်းသပ်သည့်အခါ လည်ချောင်းအတွင်း နီရဲနေသည်ကို တွေ့ရပါသည်။ ဆေးလိပ်၊ အရက်၊ ကွမ်းနှင့် ဆေးရွက်ကြီးသုံးစွဲနေသူများ၏ လည်ချောင်းမှာ အမြဲတစေနီရဲနေသော်လည်း လည်ချောင်းမနာကြပါ။ထိုသူများတွင် သာမန်လည်ချောင်းနာခြင်းကိုသိသော အာရုံကြောများ အလုပ်မလုပ်ကြ၍ဖြစ်သည်။ ယင်းပုဂ္ဂိုလ်များ လည်ချောင်းနာပြီဆိုလျှင် ပြဿနာတော်တော်ကြီးနေနိုင်ပါသည်။

သာမန်လည်ချောင်းနာပါက ဆားရည်နွေးနွေးဖြင့် ငုံထွေးခြင်း၊ ပူရှိန်းသကြားလုံးများ၊ လည်ချောင်းနာသက်သာသည့် ဆေးပြားများငုံခြင်း၊ ပရုတ်ဆီအဖြူကို ရေနွေးထဲထည့်၍ရှူခြင်း၊ ကွမ်းရွက်၊ လျက်ဆား၊ လျှာပွတ်ဆေးများ သုံးစွဲခြင်းတို့အပြင် ပူနွေးသောဟင်းခါး၊ စွပ်ပြုတ်၊ ပျားရည်နှင့်ဖျော်သော သံပရာရည်တို့ကို သောက်ခြင်းစသဖြင့် ဒေသအလိုက် အတွေ့အကြုံနှင့် အကြိုက်အရ သုံးစွဲကြပါသည်။ စာရေးသူငယ်စဉ်က မကြာခဏလည်ချောင်းနာတတ်၍ မိခင်ကြီးက ဒေါနပန်းခြောက်ကို ရေနွေးတွင်စိမ်ပေးသည်ကို သောက်ခဲ့ရပါသည်။ တချို့လည်း ဝမ်းချုပ်၍ အပူများသည်ဟုယူဆကာ၊ ဝမ်းပျော့ဆေး၊ ဝမ်းနုတ်ဆေးများ သုံးစွဲကြပါသည်။ သာမန်ထက်လွန်ကဲသော လည်ချောင်းနာခြင်း (အဖျားရှိပြီးမျိုလျှင်နာခြင်း၊ နင်ခြင်း၊ အသံပြောင်းခြင်း၊ အသံဝင်ခြင်း၊ ချောင်းဆိုးပြီးအသက်ရှူကျပ်ခြင်း) ဖြစ်မှသာ နား၊ နှာခေါင်း၊ လည်ချောင်း ဆရာဝန်များထံ ကုသမှုခံယူကြပါသည်။ စာရေးသူတင်ပြလိုသည်မှာ မှတ်သားစရာကောင်းသော လည်ချောင်းနာခြင်းများအကြောင်းဖြစ်ပါသည်။

၁၉၉၃ ခုနှစ် မလေးရှားနိုင်ငံတွင် အလုပ်လုပ်နေစဉ် ၁၇နှစ်အရွယ်ယောကျ်ားလေးတစ်ဦး အာသီးရောင်ပြီး လည်ချောင်းနာသည့်အတွက် ကုသမှုခံယူနေသည်မှာ သုံးရက်ကြာသော်လည်း မသက်သာ၍ ကျေးလက်ကျန်းမာရေးဌာနမှ စာရေးသူထံလွှဲလာပါသည်။ စမ်းသပ်ကြည့်ရာတွင် လည်ချောင်းတစ်ခုလုံး နီရဲနေသော်လည်း အာသီးမှာအနည်းငယ်သာရောင်ပြီး ပြည်တည်နေခြင်းမရှိပါ။ သို့သော် လူနာသည် အဖျား 104°F ရှိပြီး အသက်ရှူမြန်ကာ ကယောင်ကတမ်းဖြစ်နေပါသည်။ လူနာကိုဆေးရုံတင်ကာ သင့်တော်သော ဆေးများညွှန်ကြားခြင်း၊ ဂလူးကို့ဆေးရည်များ သွင်းခြင်းပြုလုပ်ပြီး အာခေါင်မှ ပိုးမွေးခြင်း (THROAT SWAB) တို့ ပြုလုပ်ပါသည်။ သမားတော်ထံလည်း အခြားအကြောင်းများကြောင့် ဖျားခြင်းဟုတ်မဟုတ် စစ်ဆေးပေးရန် လွှဲစာပို့ထားပါသည်။ နောက်တစ်ရက်တွင် အဖျားမကျသေးဘဲ ဗိုက်နာနေသဖြင့် ခွဲစိတ်ဆရာဝန်ထံ လွှဲရပါသည်။ ဝမ်းဗိုက်ကို အာထရာဆောင်း (ULTRA SOUND) ဓာတ်မှန်ရိုက်ကြည့်ရာ ပုံမှန်ဖြစ်သဖြင့် ခွဲစိတ်ဆရာဝန်က ဆေးပေးထားပြီး ပိုနာလာပါက ခွဲစိတ်ရန်ပြင်ဆင်ထားပါသည်။ တတိယမြောက်နေ့တွင် ဗိုက်ပိုနာလာပြီး အသည်းရောင်အသားဝါဖြစ်ကာ သတိလစ်ချင်သလိုဖြစ်၍ အသည်းအသန်ခန်း (ICU) ထဲသို့ ပို့လိုက်ရပါသည်။ အာသီးအရောင်ကျသွားပြီဖြစ်၍ သမားတော်က ကုသစောင့်ရှောက်မှုကို တာဝန်ယူလိုက်ပါသည်။ စတုတ္ထနေ့မနက်၌ (ICU)ထဲရှိ လူနာအားသွားကြည့်ရာ မနေ့ညကပင်ဆုံးသွားပြီး သွေးအဆိပ်သင့်ရောဂါ (SEPTI-CAEMIA) ဟု အမည်တပ်ကြောင်း၊ ပထမနေ့က စစ်ဆေးထားသော အာခေါင်ထဲမှ ပိုးအဖြေမှာ ဆုံဆို့နာပိုးဟု အဖြေထွက်ထားကြောင်း၊ ထို့ကြောင့် လူနာနှင့် တွေ့ထိခဲ့သူများ ကာကွယ်ဆေးသောက်ကြရမည်ဖြစ်ကြောင်း သမားတော်က ပြောကြားပါသည်။ ပိုးအဖြေကို သေချာအောင်စစ်ဆေးရန် ပစ္စည်းပိုစုံသော ဓာတ်ခွဲခန်းရှိရာ ဆေးရုံကြီးသို့ပို့ရပြီး တစ်ပတ်ခန့်ကြာမည်ဖြစ်၍ စောင့်ဆိုင်းနေစဉ် စာရေးသူအပါအဝင် ဆေးရုံဝန်ထမ်း ၁၃၅ ဦး စိုးရိမ်စွာဖြင့် ကာကွယ်ဆေးငါးရက်သောက်ကြရပါသည်။ နောက်တစ်ပတ်အကြာ ဆေးရုံအစည်းအဝေးတွင် ဆေးရုံဓာတ်ခွဲခန်းမှ အဖြေမမှန်ကြောင်း၊ ဆုံဆို့နာပိုးနှင့်တူသော လည်ချောင်းထဲရှိ သာမန်ပိုးသာဖြစ်ကြောင်း တိုင်းကျန်းမာရေးအရာရှိက ရှင်းလင်းပြောကြားပါသည်။

၂၀၀၈ ခုနှစ် ဒီဇင်ဘာလ၌ မလေးရှားနိုင်ငံ၏မြို့တော် ကွာလာလမ်ပူ (KL) တွင် ကျန်းမာရေးသင်တန်းတက်ရပါသည်။ သင်တန်းကျောင်းပရာ ဟိုတယ်ရှေ့၌ မြို့တော်တွင် ဈေးအကြီးဆုံးနှင့် အသားနားဆုံးပစ္စည်းများရောင်းသည့် ခမ်းနားလှသော ကုန်တိုက်ကြီးရှိပါသည်။ ယင်းကုန်တိုက်ကြီး၏ မြေအောက်ထပ်တွင် ဖွင့်ထားသော တရုတ်စားသောက်ဆိုင်တွင် စာရေးသူတို့ သင်တန်းသားသုံးဦး ညစာစားဖြစ်ပါသည်။ စားသောက်ဆိုင်မှ အချဉ်ရည်ကိုမစားဘဲ COCA COLA အချိုရည်ကို သံဘူးမှ စုပ်တံဖြင့်သောက်နေသော စာရေးသူအား "ဘာကြောင့်လဲ" ဟု အဖွဲ့ဝင်နှစ်ဦးက ပြုံးတုံ့တုံ့ဖြင့်မေးလိုက်ရာ ဗိုက်ကိုပြပြီး "ကြောက်လို့" ဟုသာ ပြန်ဖြေလိုက်ပါသည်။ သူတို့နှစ်ဦးကမူ စားသောက်ဆိုင်မှ ရေခဲတုံးများထည့်ထားသော ဖန်ခွက်ဖြင့် အချိုရည်များသောက်ကာ ဘဲကင်ကို အချဉ်ရည်တို့၍ မြိန်ရေရှက်ရေ စားသောက်နေကြပါသည်။ နောက်တစ်နေ့မနက်၌ မျက်နှာမသာမယာရှိကြ၍ "ဝမ်းသွားနေပြီလား" ဟု မေးရာ "မဟုတ်ဘူး၊ လည်ချောင်းနာပြီး ဖျားလို့" ဟု အသံအက်အက်ဖြင့် ပြန်ဖြေကြပါသည်။

၂၀၁၀ ခုနှစ်၏ ပထမပတ် တနင်္ဂနွေည ရန်ကုန်မြို့တွင် ငါးနှစ်အရွယ်ယောကျ်ားလေးတစ်ဦးကို ကလေးဆရာဝန်က အရေးပေါ်အဖြစ် လွှဲလိုက်ပါသည်။ လည်ချောင်းနာလျက် ဖျားနေသည်မှာ နှစ်ရက်ရှိနေပြီး ပါးစပ်၊ လျှာ၊ အာခေါင်နှင့် လည်ချောင်းအတွင်းရှိ အနာသေးသေးလေးများကြောင့် မစားနိုင်၊ မမျိုနိုင်သည်ကို မိဘများစိုးရိမ်နေကြပါသည်။ ၁၉၉၆ ခုနှစ် မလေးရှားနိုင်ငံ Sibu မြို့တွင်ကြုံခဲ့ရသည့် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်သော လက်၊ ခြေ၊ ပါးစပ်နာရောဂါ (HAND, FOOT AND MOUTH DISEASE) အကြောင်း သတိရသွားပါသည်။ ကလေးပေါင်း နှစ်ထောင်ကျော် ဆေးရုံတက်ရပြီး ၂၃ဦး နှလုံးရပ်သေဆုံးသွားခဲ့ပါသည်။ စောင့်ရှောက် နေကြသော လူကြီးတချို့ လည်ချောင်းနာ၊ ဖျားပြီး ကိုယ်ပေါ်၌ အနီစက်များ ပေါ်လာကြပါသည်။ မလေးရှားနိုင်ငံ၏ တခြားပြည်နယ်များ၌လည်း ဖြစ်ပွားခဲ့ကာ အသေအပျောက်ရှိခဲ့ပါသည်။ ယင်းရောဂါကို အရေးတကြီး အကြောင်းကြားရမည့်ရောဂါ (NOTIFIABLE DISEASE) အဖြစ် ထိုနိုင်ငံတွင် သတ်မှတ်ထားပြီး ဝေဒနာသည်ကိုတွေ့သည်နှင့် ဆရာဝန်များက ချက်ချင်း ကျန်းမာရေးဌာနသို့ အကြောင်းကြားရပါသည်။ အရေးပေါ်တွင် တွေ့ရသော ကလေးမှာ အခြေအနေများစွာကောင်းနေ၍ အထူးဆေးများ မညွှန်တော့ပါ။ ကလေးဆရာဝန် ပေးထားသောဆေးများထဲမှ ပါရာစီတမောကိုသာ မဖျားတော့လျှင် မတိုက်ရန်မှာပါသည်။ ကလေးကြိုက်တတ်သော ရေခဲမုန့်၊ ဂျယ်လီ၊ ပူတင်းများကို ကျွေးရန်၊ 100 Plus အချိုရည်ကို များများတိုက်ရန် ပြောကြားပြီး စိုးရိမ်စရာမရှိကြောင်း၊ နောက်တစ်ရက်တွင် ကောင်းသွားမည်ဖြစ်ကြောင်း အားပေးလိုက်ပါသည်။

နောက်တစ်ဦးမှာ ၂၀၀၅ ခုနှစ်၌ တွေ့ခဲ့ရသော မလေးရှားနိုင်ငံ Sibu မြို့သား အသက် ၅၅နှစ်ရှိ တရုတ်အမျိုးသားပါ။ သံဘူးဘီယာကို မနက်ခြောက်ဘူး၊ နေ့ခင်းခြောက်ဘူး၊ ညနေခြောက်ဘူးနှုန်းဖြင့် အသက်ငါးနှစ်ကြီးသည့် မိတ်ဆွေနှင့် လေးနှစ်ခန့် အတူသောက်ကြသည်ဟု ပြောပါသည်။ ၂၀၀၄ ခုနှစ်၌ အတူသောက်ဖော်မိတ်ဆွေ လျှာကင်ဆာနှင့် ဆုံးသွားပြီး ယခုလူနာက ဆီးချိုရောဂါဖြစ်လာသောကြောင့် ဘီယာဖြတ်ထားသည်မှာ တစ်နှစ်ခန့်ရှိပြီဖြစ်ကြောင်း ပြောပါသည်။ စမ်းသပ်ရာတွင် လည်ချောင်းနီရဲနေပြီး တခြားဘာမှမတွေ့ပါ။ BARIUM SWALLOW ခေါ် အစာရည်မျို စစ်ဆေးရန် ဓာတ်မှန်ရိုက်ကြည့်သည့်အခါ ကင်ဆာဖြစ်နိုင်သည့် ပုံသဏ္ဍာန်တွေ့ရပါသည်။ မှန်ပြောင်းဖြင့်ကြည့်ပြီး အသားစ (BIOPSY) စစ်ဆေးရာတွင် ကင်ဆာဟုအဖြေထွက်သဖြင့် ဓာတ်ရောင်ခြည်ဖြင့် ကုသပြီးနောက် ခြောက်လအကြာတွင် ကွယ်လွန်သွားပါသည်။

လည်ချောင်းနာခြင်းမှာ သာမန်ရောဂါသာဖြစ်တတ်သော်လည်း အဖျားကြီးခြင်း၊ မျိုရန်ခက်ခဲခြင်း၊ အသံဝင်ခြင်း၊ သီးခြင်း၊ အသက်ရှူကျပ်ခြင်းများလည်းပါဝင်ပါက စနစ်တကျဆေးကုသမှုခံယူသင့်ပါသည်။ အဆိပ်ထွက်လည်ပင်းကြီးရောဂါ (TOXIC GOITER) သက်သာစေရန် သောက်ရသောဆေး (NEOMA RCAZOLE)၊ မျက်နှာတစ်ခြမ်းနာခြင်းနှင့် တက်တတ်ခြင်းရောဂါအတွက် သုံးသောဆေး (TEGRETOL)၊ ကင်ဆာရောဂါအတွက် စားဆေးနှင့် သွင်းဆေးများ အသုံးပြုရသည့်လူနာများ လည်ချောင်းနာပါက ရိုးတွင်းခြင်ဆီခန်း၍ သွေးဖြူဉများအလွန်နည်းသွားသော အခြေအနေများ ဖြစ်နိုင်သောကြောင့် ဆရာဝန်နှင့် အမြန်စမ်းသပ် ကုသသင့်ပါသည်။ ဆေးလိပ်၊ အရက်သောက်သူ၊ ကွမ်းစားသူ၊ ဆေးရွက်ငုံသူများ လည်ချောင်းနာပါက ဆိုးရွားသောအခြေအနေများသာဖြစ်နိုင်၍ စပ်ဆေးများကိုသာ သုံးစွဲမနေကြဘဲ စောစောစီးစီးစစ်ဆေးကုသသင့်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းများဖွင့်မည်

ရန်ကုန် ဧပြီ ၂၃

နိုင်ငံတကာရှိ ဟိုတယ်ကြီးများနှင့် အပျော်စီးသင်္ဘောလိုင်းများ၌ ဝင်ရောက်လုပ်ကိုင်လိုသူများအတွက် AKP International Hotel & Tourism Centre က အစားအစာနှင့် အဖျော်ယမကာ တည်ခင်းဝန်ဆောင်မှုသင်တန်း၊ အစားအစာ ချက်ပြုတ်ပြင်ဆင်မှုသင်တန်း၊ ဧည့်ကြိုသင်တန်း၊ အိပ်ခန်းဆောင် ထိန်းသိမ်းရေးဝန်ဆောင်မှုသင်တန်းနှင့် ဟိုတယ်အင်္ဂလိပ်စကားပြောသင်တန်းများကို ထိရောက်စွာ သင်ကြားပေးလျက်ရှိသည်။

ထပ်မံဖွင့်လှစ်မည်

အဆိုပါ သင်တန်းများအနက် အခွင့်အလမ်းကောင်းများစွာရရှိသော ဟိုတယ်သင်တန်းများကို ရွေးချယ်တက်ရောက်လာကြရာတွင် စားဖိုမှူးအလုပ်အကိုင်သည်လည်း လူငယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းတစ်ရပ်ဖြစ်လာသောကြောင့် အဆိုပါသင်တန်းကို စိတ်ဝင်စားသူမြန်မာလူငယ်များအတွက် AKP International Hotel & Tourism Training Centre က Food Safety၊ Personal Hygiene & Grooming၊ Safety at work၊ International Cooking Techniques၊ European Cuisine၊ Asian Cuisine နှင့် International Cuisine သင်တန်းများကို မေ ၃ရက်တွင် သင်တန်းခွဲသစ်တစ်ခု ထပ်မံဖွင့်လှစ်မည်ဖြစ်သည်။

ဆက်သွယ်စုံစမ်း

ဟိုတယ်နှင့် ခရီးလုပ်ငန်းရှင်များအနေဖြင့် မိမိတို့လုပ်ငန်းများတွင် ဝန်ထမ်းများလိုအပ်ပါက အခမဲ့ဝန်ဆောင်မှုပေးမည်ဖြစ်ပြီး စိတ်ပါဝင်စားသူများအနေဖြင့် ဖုန်း- ၂၅၄၅၄၁နှင့် ၂၅၀၄၈၉ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

မီးမရှိသေ သုံးစွဲလေက
မွဲတေဆင်းရဲရပေမည်

ထာဝရငွေပဒေသာပင် လှူဒါန်းပွဲနှင့် သက်ကြီးဝါကြီးပူဇော်ပွဲ ကြည့်မြင်တိုင်၌ ကျင်းပ

ရန်ကုန် ဧပြီ ၂၃

ဧပြီ ၁၇ရက်(မြန်မာနှစ်ဆန်းတစ်ရက်နေ့) နံနက်က ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးလမ်းရှိ မဟာပုညောပကာရမ္မာရုံ၌ (၆၁)ကြိမ်မြောက် ဈေးကြီး၊ တလိုင်းပိုင်း၊ ငါးကြော်ဖိုနှင့် အိုးဘိုရပ်ကွက်လုံးဆိုင်ရာ သက်ကြီးဝါကြီးပူဇော်ပွဲနှင့် ထာဝရငွေပဒေသာပင် လှူဒါန်းပွဲ ကျင်းပသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ထာဝရငွေပဒေသာပင် လှူဒါန်းပွဲကျင်းပရာ သက်ကြီးဝါကြီး ပူဇော်ပွဲ ကျင်းပရေးအဖွဲ့ နာယက၊ (ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးတိုက် ဦးစီးကော်မတီဥက္ကဋ္ဌ) ဗိုလ်မှူးကြီး မျိုးမြင့်(ငြိမ်း)နှင့် ဒုတိယဥက္ကဋ္ဌ ဦးလှမြင့်တို့က အမှာစကားနှင့် ကျေးဇူးတင်စကား ပြောကြားသည်။

လှူဒါန်း

ထို့နောက် အလှူရှင်ဦးကာစီက လှူဒါန်းမှုကုသလ စကားအဖြာဖြာဖြင့် အမျှဝေပြီး ထာဝရငွေပဒေသာပင် အလှူရှင်များဖြစ်ကြသော ဦးကာစီ-ဒေါ်ခင်ဖုန်းမြင့် မိသားစုက ငွေကျပ်သိန်း ၁၀၀ကို ပူဇော်ပွဲ ဖြစ်မြောက်ရေးအဖွဲ့ထံ ပေးအပ်လှူဒါန်းသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ပူဇော်ပွဲအခမ်းအနားကို ကျင်းပရာ ကန်တော့ခံ အဘိုး၊ အဘွား ၅၀၂ဦးတို့အား အလှူငွေနှင့် ပစ္စည်းများဖြင့် လှူဒါန်းကန်တော့ကြရာ အဘိုး၊ အဘွားများ ကိုယ်စား နာယက ဦးသန်းမောင်နှင့် ဦးတင့်လွင်တို့က ဆုပေးစကားနှင့် ကန်တော့ရခြင်း အကျိုးတရားတို့ကို ပြောကြားသည်။

(၁၃၅)

ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ စပိန်မှ ပြန်လည်ရောက်ရှိ

နေပြည်တော် ဧပြီ ၂၃

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဧပြီ ၁၇ရက်နှင့် ၁၈ရက်တို့တွင် စပိန်နိုင်ငံ မက်ဒရစ်မြို့၌ ကျင်းပသည့် (၉)ကြိမ်မြောက် အာရှ-ဥရောပ ဘဏ္ဍာရေးဝန်ကြီးများအစည်းအဝေး (9th ASEM-FMM)သို့ တက်ရောက်ခဲ့ပြီးနောက် ဧပြီ ၂၁ရက်တွင် လေကြောင်းခရီးစဉ်ဖြင့် ပြန်လည်ရောက်ရှိလာသည်။

မူကြမ်းရေးဆွဲ

(၉)ကြိမ်မြောက် အာရှ-ဥရောပ ဘဏ္ဍာရေးဝန်ကြီးများအစည်းအဝေးကို ဧပြီ ၁၇ရက် နံနက်ပိုင်းတွင် စတင်ကျင်းပရာ အစည်းအဝေးအစီရင်ခံစာ မူကြမ်းရေးဆွဲခြင်း၊ သတင်းထုတ်ပြန်ခြင်းများ ပြုလုပ်ခဲ့ပြီး မွန်းလွဲပိုင်းတွင် Multilateral Organization and European Institutions က စီးပွားရေးနှင့် ငွေရေးကြေးရေးအခြေအနေ၊ လက်ရှိငွေရေးကြေးရေး အခြေအနေနှင့် ပြုပြင်ပြောင်းလဲမှုများဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ဆွေးနွေး

ဧပြီ ၁၈ရက် နံနက်ပိုင်းတွင် လက်ရှိကမ္ဘာ့စီးပွားရေး၊ ဒေသစီးပွားရေး အခြေအနေ၊ ကမ္ဘာ့ဘဏ္ဍာရေးနှင့် စီးပွားရေး အကျပ်အတည်းနောက်ပိုင်း စိန်ခေါ်မှုများဆိုင်ရာ ဘဏ္ဍာရေးနည်းဗျူဟာများနှင့် ပိုမိုခိုင်မာတည်ငြိမ်သော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် စိန်ခေါ်မှုများအား ဥရောပနှင့် အာရှနိုင်ငံတို့၏ အတွေ့အကြုံများကိုဖလှယ်ကာ ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် အာရှ-ဥရောပ ဘဏ္ဍာရေးဝန်ကြီးများ၏ မူဝါဒအကောင်အထည်ဖော်ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ဥရောပနှင့် အာရှဒေသအဖွဲ့အစည်းများက ဆွေးနွေးကြသည်။

ထုတ်ပြန်

ထို့နောက် အာရှ-ဥရောပဘဏ္ဍာရေးဝန်ကြီးများ၏ သတင်းထုတ်ပြန်ချက်ကို ထုတ်ပြန်ခဲ့သည်။

ဒုတိယဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးနေအေးလည်း ပြန်လည်လိုက်ပါလာကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြန်လည်သက်ဝင်လှုပ်ရှားလာတော့မည့် MNL ပြိုင်ပွဲ
ပရိသတ်များကို အမြင့်ဆုံးဖမ်းစားမည့် ရတနာပုံနှင့် ရန်ကုန်ပွဲ

သုံးသပ်ရေးသားသူ ➤ စိုးမိုး(IBC)၊ စာမျက်နှာဖွဲ့စည်းမှု ➤ လဲ့လဲ့ဝင်း(မြန်မာ့အလင်း)

မန္တလေး ဧပြီ ၂၃ (ဖက်စ်)

မြန်မာနှစ်သစ်ကူး သင်္ကြန်ကာလအတွင်း ခေတ္တရပ်နားထားခဲ့သော MNL အမှတ်ပေး ဘောလုံး ပြိုင်ပွဲကြီးသည် ယနေ့ (ဧပြီ ၂၄ရက်) ညနေဆိုလျှင် ပြန်လည်သက်ဝင်လှုပ်ရှားလာပေတော့မည်။

မြင့်မားသော ရည်မှန်းချက်ကိုယ်စီနှင့်

ပရော်ဖက်ရှင်နယ် ကလပ်အသင်း(၁၁)သင်း ပါဝင်ယှဉ်ပြိုင်လျက်ရှိသည့် MNL ဘောလုံးပြိုင်ပွဲ ကြီးဖြစ်ပြီး အသင်းတိုင်းက မြင့်မားသော ရည်မှန်းချက်ကိုယ်စီနှင့် ပြင်ဆင် ပြိုင်ပွဲဝင်နေကြခြင်းကြောင့် မည်သည့်အသင်းမှ လျှော့တွက်၍ မရသကဲ့သို့ ပွဲစဉ်တိုင်းမှာလည်း တစ်မျိုးစီ စိတ်လှုပ်ရှားစရာကောင်းနေတာ အမှန်ပင်။ ယခုမှ ပွဲစဉ်လေးပွဲစီသာ ကစားရသေးသောကြောင့် ယခုပြိုင်ပွဲတွင် မည်သည့်အသင်း ဖိုလ်စွဲမည်ကို ခန့်မှန်းရန် စောနေသေးပြီး အသင်းတိုင်းတွင် သူ့အနေ အထားနှင့်သူ မျှော်လင့် ချက်ရှိနေသေး၍ ပြိုင်ပွဲက အကြိတ်အနယ် ရှိနေဆဲဖြစ်သည်။

ပွဲတိုင်းနိုင်စံချိန်

ပွဲစဉ် လေးပွဲစီကစားပြီးချိန်တွင် စစ်ကိုင်းတိုင်းကိုယ်စားပြု ဇေယျာရွှေမြေအသင်းမှာ ထူးထူးခြားခြား လေးပွဲစလုံးနိုင်ထားသည်။ပွဲဦးထွက် လေးပွဲနိုင်ထား၍ ဇေယျာရွှေမြေအသင်း ဖိုလ်စွဲနိုင်ချေ အမြင့်ဆုံးဖြစ်နေပြီဟု မဆိုနိုင်သော်လည်း သူတို့နိုင်ခဲ့သည့်အသင်းအားလုံးက ထိပ်သီးအသင်းကြီးများ ဖြစ်နေခြင်းမှာ အံ့သြစရာ ဖြစ်နေသည်။ လက်ရှိ ချန်ပီယံ ရတနာပုံ၊ မကွေး၊ ရန်ကုန်ယူနိုက်တက်နှင့် ဒယ်လ်တာယူနိုက်တက်ကဲ့သို့ တောင့်တင်းသော ပြိုက်ဘက်ကောင်းကြီး လေးသင်းကို ပေးဂိုးလုံးဝမရှိဘဲ ဆက်တိုက်နိုင်လိုက်ခြင်းအတွက် ဇေယျာရွှေမြေအသင်းသားအားလုံး၏ စွမ်းဆောင်မှုကိုတော့ မဖြစ်မနေချီးကျူး အသိအမှတ်ပြုရမည်သာ။ လက်ရှိခြေစွမ်းနှင့်ရလဒ်ကောင်းများကို လက်ကျန်ပွဲအများစုတွင် ထပ်ဖြစ်အောင် ထိန်းထားနိုင်လျှင် ဇေယျာအသင်း၏ အနာဂတ်မှာ အလွန်ထွန်းတောက်သွားမည်မှာလည်း အမှန်ပင်။

တွန်းအားဖြစ်နေ

ဇေယျာရွှေမြေအသင်း၏ လက်ရှိအောင်မြင်မှုအနေအထားက ကျန်အသင်းများ အားကျ အတုယူချင်စရာလည်း ဖြစ်နေသည်။ သို့သော် ထိုအချက်ကိုကပင်ကျန်အသင်းများ၊ အထူးသဖြင့် ယခုပြိုင်ပွဲတွင်မြင့်မားသည့် အောင်မြင်မှုများရရှိရန် ပြင်ဆင်ထားကြသော သူတို့၏ မဟာပြိုင်ဘက်အသင်းကြီးများအား ယခုခြေစွမ်းနှင့် ကြိုးစားမှုထက် ပိုလာအောင် ပိုမိုအားထည့်ကြိုးစားရန် အချက်ပေးခေါင်းလောင်းထိုးထားသလိုပင်။ "သူတို့အသင်းတောင် ပွဲတိုင်းနိုင်တာပဲ၊ ငါတို့အသင်းလည်း ဘာလို့မလုပ်နိုင်ရမလဲ" ဆိုသော မခံချင်စိတ်များ ပိုမိုဖြစ်ပေါ်လာစေခဲ့သည်။ ကျန်အသင်းများအနေဖြင့်လည်း ယခုအပတ် ပွဲစဉ်အပြီး ရလဒ်ကောင်းများရရှိရန် ပိုမိုကြိုးစားပြင်ဆင်စေရေးအတွက် တွန်းအားများ ပေးလိုက်သလိုဖြစ်နေခဲ့သည်။

မန္တလေးတိုင်းကိုယ်စားပြု ရတနာပုံအသင်း။

ရန်ကုန်တိုင်းကိုယ်စားပြု ရန်ကုန်ယူနိုက်တက်အသင်း။

ပရိသတ်အကြိုက် တွေ့စေနိုင်

ထိုအချက်ကပင် ယခုအပတ်တွင် ပြန်လည်စတင်တော့မည့် MNL Grand Royal 2010 အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်တိုင်းမှာ တစ်မျိုးစီအကြိတ်အနယ်ရှိလာပြီး ပရိသတ်အကြိုက်ပွဲကောင်းများ ဖြစ်လာနိုင်စေသည်။ ပြီးခဲ့သည့်လေးပွဲက ရရှိခဲ့သော ရလဒ်ကောင်းများကို ဆက်ထိန်းနိုင်အောင် အစွမ်းကုန်ပြင်ဆင်ကြိုးစားမည့် အသင်းများရှိနေသကဲ့သို့ အကြောင်းကြောင်းကြောင့် ရလဒ်မကောင်းခဲ့သေးသောအသင်းများအနေဖြင့်လည်း သူတို့အသင်း၏ ဂုဏ်သိက္ခာ၊ အနာဂတ်ရည်မှန်းချက်နှင့် သူတို့အသင်း ပရိသတ်များအတွက် အတိုးချ ကြိုးစားနေကြလေပြီ။ ပူပြင်းသောနွေရာသီ ညနေဆောင်းများတွင် ချွေးတစ်လုံးလုံးနှင့် မောပန်းနွမ်းနယ်နေသည့်ကြားမှ မိမိအသင်းအတွက်၊ မိမိတို့အနာဂတ်အတွက် ပရိပီသစွာပြန်လည်ပေးဆပ်နိုင်ရန် လေ့ကျင့်နေကြသည်မှာလည်း အားရစရာကောင်းလှသည်။

ပွဲကောင်းကြီးများ ဆီးကြိုနေ

ပြိုင်ပွဲပြန်စသည့် ယခုအပတ်တွင် နာမည်ကြီး ထိပ်သီးများ အချင်းချင်း ထိပ်တိုက် တွေ့မည်ပွဲကြီးပွဲကောင်းများက ဆီးကြိုနေသည်။ အထူးသဖြင့် ယနေ့ ၂၄-၄-၂၀၁၀ရက် ညနေ ၄နာရီဆိုလျှင် မန္တလေးဗထူးကွင်း၌ လက်ရှိချန်ပီယံ ရတနာပုံအသင်းနှင့် မဟာပြိုင်ဘက် ရန်ကုန်ယူနိုက်တက်အသင်းတို့ ထိပ်တိုက်တွေ့မည်ဖြစ်သကဲ့သို့ ရန်ကုန်မြို့ သုဝဏ္ဏကွင်းတွင်လည်း မကွေးနှင့် ဒယ်လ်တာယူနိုက်တက်အသင်းကြီးများ ထိပ်တိုက်တွေ့မည်ဖြစ်၍ ပရိသတ်ရင်ခုန်စွာ စောင့်ကြည့်ရမည့်ပွဲကောင်းများဖြစ်နေသည်။

သေချာ ပြင်ဆင်ထား

အသင်းတိုင်းကလည်း ပြန်စသည့် ပွဲဦးထွက်တွင် တာထွက်လှအောင် ပြင်ဆင်ထားကြသကဲ့သို့ ဆိုင်ရာပရိသတ်များကလည်း သူတို့အသင်းများ ရလဒ်ကောင်းအောင် တစ်ခဲနက်အားပေးရန် အားခဲနေကြသောကြောင့် ပွဲတိုင်းက စိတ်လှုပ်ရှားစရာကောင်းနေသည်။ အထူးသဖြင့် ရတနာပုံနှင့် ရန်ကုန်အသင်းပွဲစဉ်မှာ ပရိသတ်အတွက် ဆွဲဆောင်မှု အပြည့်ပေးနိုင်မည့် ပွဲဖြစ်နေသည်။ ယင်းအသင်းတို့တွေ့တိုင်း ပြိုင်ဆိုင်မှု ပြင်းထန်ပြီး သူတင်ကိုယ်တင်ကစားရလေ့ရှိခဲ့သည့် အစဉ်အလာအတိုင်း ယနေ့ပွဲကလည်း အကြိတ်အနယ်ရှိသော ပွဲကြီးပွဲကောင်းဖြစ်မှာသေချာသည်။ လက်ရှိအနေအထားနှင့် အခြေအနေ အရပ်ရပ်အရလည်း နှစ်သင်းစလုံး ရမှတ်တူနေပြီး အနိုင်ရချင်စိတ်ပြင်းပြနေသည့်အပြင် ခြေစွမ်းပိုင်းနှင့် ကစားသမားအင်အားပိုင်းအရလည်း ကွာခြားမှုသိပ်မရှိဘဲ နှစ်သင်းစလုံး အမှားခံ၍ မဖြစ်မနေသေချာသည့်အချက်က ထိုပွဲမှာ ပရိသတ်စိတ်လှုပ်ရှားမည့်ပွဲကြီးဖြစ်သကဲ့သို့ နှစ်သင်းစလုံး ပွဲချိန်ပြည့်၊ အာရုံစူးစိုက်မှုအပြည့်နှင့် အားထည့်ကစားရမည့် ပွဲကျပ်ဖြစ်နေပြီး အမှားနည်းနည်းပိုလုပ်မိသော အသင်းက အမှတ်ဆုံးရှုံးရမည့်ပွဲပင်။ နှစ်ဖက်ပရိသတ်များ ကွင်းလုံးပြည့်လာကြည့်မှာ သေချာသော ပွဲလည်းဖြစ်သည်။

သုဝဏ္ဏကွင်းတွင် ထိပ်တိုက်တွေ့မည် မကွေးနှင့် ဒယ်လ်တာယူနိုက်တက်တို့ ထိပ်တိုက်တွေ့မည့်ပွဲကလည်း ပရိသတ်များကို စိတ်လှုပ်ရှားမှု အပြည့်ပေးမည့် ပွဲကောင်းပင်။ နှစ်သင်းစလုံးတွင် ထိပ်တန်းနည်းပြနှင့် ကစားသမားကောင်းများရှိနေသောကြောင့် ပွဲက အပြန်အလှန်ရှိနိုင်သည်။

ဘောလုံးရသ အပြည့်ခံစားခွင့်ရှိနေ

အချုပ်ကိုပြောရလျှင် ဧပြီ ၂၄ရက် ယနေ့ညနေတွင် ယှဉ်ပြိုင်ကစားမည့် ပွဲကြီးပွဲကောင်း နှစ်ပွဲစလုံးမှာ ပရိသတ်များမဖြစ်မနေစောင့်ကြည့်သင့် သော ပွဲများဖြစ်သည့်အပြင် ဘောလုံးရသအပြည့်ပေးစွမ်းမည့် ပွဲများဖြစ်နေသောကြောင့် ဘောလုံးဝါသနာရှင်များအနေဖြင့် ဘောလုံးရသကို စနစ်တကျ ကြည့်ရှုခံစားရင်း ရင်ခုန်ရတော့မည်မှာ သေချာနေပေတော့သည်။ အကြိတ်အနယ်ရှိသော ပွဲကြီး ပွဲကောင်းများတွင် လှပညက်ညောသော၊ ရင်သပ်ရှုမောဖွယ်ကောင်းသော ဘောလုံးကစားဟန်များကို ပူပြင်းသော နေရောင်ခြည်များအောက်တွင် ပရိသတ်များကား ငြိမ်းအေးစွာ ရင်ခုန်ခံစားကြရန်လည်း စောင့်ကြည့်နေကြမည် မဟုတ်ပါလား။ ။

(မြန်မာ့အလင်း)

ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးနေ့ အထိမ်းအမှတ် နွားဒေါင့်သန်းရောဂါ ကာကွယ်ဆေးထိုးနှံပေး

နေပြည်တော် ဧပြီ ၂၃

မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း ဥက္ကဋ္ဌ ဒေါက်တာအောင်ကြီး ဦးဆောင်၍ ညောင်ဦးခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာမောင်ကျန်နှင့် ဝန်ထမ်းများသည် ဧပြီ ၂၄ရက်တွင် ကျရောက်သည့် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးနေ့အထိမ်းအမှတ်အဖြစ် ဧပြီ ၁၈ရက်က ညောင်ဦးမြို့နယ် မြေနဲလေးကျေးရွာတွင် နွားများ၌ ဖြစ်ပွားပြီး ဆုံးရှုံးမှုများပြားစေသည့် ဒေါင့်သန်းရောဂါကာကွယ်ဆေးထိုးနှံမှုကို ဆောင်ရွက်ပေးခဲ့ကြသည်။

အထူးဦးစားပေး

ညောင်ဦးခရိုင်အတွင်း ဧပြီလဆန်းမှ စတင်၍ ဂန့်ဂါကျေးရွာ၊ ကြာအိုကျေးရွာ၊ ဒန်းတောင်ဘီကျေးရွာအုပ်စု၊ ဖွားစောကျေးရွာအုပ်စု၊ တောင်ဘကျေးရွာအုပ်စုနှင့် လက်ဝဲကျေးရွာအုပ်စုတို့မှ နွားကောင်ရေ ၃၄၅၀၊ သိုး ၄၂၅ကောင်နှင့် ဆိတ်ကောင်ရေ ၁၅၀၀တို့ကို ဒေါင့်သန်းရောဂါ ကာကွယ်ဆေးထိုးနှံပေးခဲ့ပြီး မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်းသည် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်တို့နှင့် ပူးပေါင်း၍ ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးနေ့ အထိမ်းအမှတ်အဖြစ် ဧပြီ ၂၃ရက်တွင် ပညာရပ်ဆိုင်ရာ စာတမ်းဖတ်ပွဲနှင့် ဓာတ်ပုံပြပွဲများ ခင်းကျင်းပြသခြင်း၊ ဧပြီ ၂၄ရက်တွင် တိရစ္ဆာန်ဆေးကုခန်းများ နေ့လုံးပေါက်ဖွင့်လှစ်ခြင်း၊ အင်းစိန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဆေးခန်းတွင် ကြက်ရောဂါ ကာကွယ်ဆေးများ အခမဲ့ထိုးနှံပေးခြင်း၊ ဧပြီ ၂၅ရက်တွင် မင်္ဂလာတောင်ညွန့်၊ လှိုင်သာယာနှင့် ကြည့်မြင်တိုင်မြို့နယ် ကြက်ဘဲဈေးများ၌ ပိုးသတ်ဆေးဖျန်းခြင်း၊ ပြည်နယ်နှင့် တိုင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဧပြီလအတွင်း တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ဆေးထိုးခြင်း၊ မော်ဘီနှင့်တိုက်ကြီးမြို့နယ်များရှိ ကျွဲ၊ နွားများ ခွာနာ လျှာနာရောဂါ သွေးဖောက်စစ်ဆေးသည့် လုပ်ငန်းများအား အထူးဦးစားပေးခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဓာတ်ဆီဖြည့်မှုသတိပြု

ပူပြင်းသော ရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီ လဲလှယ်ခြင်းများပြုလုပ်စဉ် ပွတ်တိုက်မှု (Friction)မှ သဘာဝတည်ငြိမ် လျှပ်စစ် (Static Electricity) တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတုပူပြင်းချိန်တွင် ပလတ်စတစ်ပုံးဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြုရှောင်ကြဉ်ကြပါရန်။

ကာကွယ်ဆေးထိုးနှံပေး

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဝန်ထမ်းများ ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးနေ့ အထိမ်းအမှတ် ညောင်ဦးမြို့နယ် မြေနဲလေးကျေးရွာတွင် နွားများအား ဒေါင့်သန်းရောဂါ ကာကွယ်ဆေးထိုးနှံပေးနေစဉ်။ (မွေး/ရေ)

ဆီမီး ၉၉၀၀ အဖွဲ့ သင်္ကြန်ကာလကုသိုလ်ပြု

ရန်ကုန် ဧပြီ ၂၃

ဆီမီး ၉၉၀၀ အဖွဲ့ (အင်းစိန်)မှ အဖွဲ့နာယက ဦးစိုးဝင်း (သတင်းထောက် စဉ့်ကူစိုးဝင်း)၊ ဥက္ကဋ္ဌဦးမြင့်စိုး(တရားရုံးချုပ်ရှေ့နေ)၊ အတွင်းရေးမှူး ဦးခင်မောင်ညွန့် (တရားရုံးချုပ်ရှေ့နေ) ဦးဆောင်၍ အမှုဆောင်များက ဧပြီ ၁၄ရက် သင်္ကြန်အကျနေ့မှ စပြီး ဧပြီ ၁၈ရက် (မြန်မာနှစ်ဆန်း၂ရက်)အထိ ငါးရက်တိုင်တိုင် နံနက်အရုဏ် စတုဒိသာ ထမင်းနှင့်ဟင်း ကျွေးမွေးလှူဒါန်းပွဲကို ညောင်ဦးမြို့နယ် စဉ့်ကူမြို့ မြို့ကုန်းရပ်ကွက် စေတီတော်ကြီးတန်ဆောင်း၌ ကျင်းပသည်။

လှူဒါန်း

နှစ်ဆန်းတစ်ရက်နေ့တွင် အာဟာရဆန်ပြုတ် စတုဒိသာ ကျွေးမွေးလှူဒါန်းပွဲကို ရပ်ကွက်လုံးကျွတ်သီးခြား အဆိုပါတန်ဆောင်း၌ ဆက်လက်ကျင်းပရာ လူငယ်များက ကျွေးမွေးကြသည်။ (၁၂၇)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့) နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၁၀ခုနှစ် ဧပြီလအတွက် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)

(၂၅-၄-၂၀၁၀)ရက်နေ့

၂၀၁၀ခုနှစ် မေလအတွက်

(၉-၅-၂၀၁၀)ရက် နှင့် (၃၀-၅-၂၀၁၀)ရက်နေ့

ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲ ဒုတိယအကျော့ပွဲကြို

မော်ရင်ဟိုနဲ့ ဂွါဒီယိုလာ ဘယ်သူ လက်မ ထောင်နိုင်မှာလဲ ဘိုင်ယန်တို့ကို ကံတရားက ဖေးမကူညီဦးမှာလား....

ထွန်းထွန်းဦး (လှိုင်) သုံးသပ်ရေးသားသည် — စာမျက်နှာဖွဲ့စည်းမှု - ခိုင်လွင် (မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၂၃

ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲ ပထမအကျော့မှာ အားလုံးမျှော်လင့်ခဲ့ကြတဲ့အတိုင်း ဖြစ်ခဲ့တယ်။ အိမ်ရှင် နှစ်သင်းစလုံး ပြိုင်ဘက်အသီးသီးကို အနိုင်ရခဲ့တယ်၊ ဒါပေမယ့် အင်တာမီလန်ကလွဲရင် ဘိုင်ယန်မြူးနစ်ရဲ့ ၁-၀နဲ့ ကပ်နိုင်လိုက်ခြင်းဟာ လီယွန်မြေပေါ်မှာတော့ ဂျာမန်တစ်မျိုးသားလုံးအတွက် စိတ်မအေးစရာပါပဲ။ ဘိုင်ယန်မြူးနစ်အဖို့တော့ အိမ်ကွင်းမှာရထားတဲ့ ရော့ဘင်ရဲ့ သွင်းဂိုးတစ်ဂိုးဟာ လီယွန်မြေမှာ ကစားတဲ့အခါ အထောက်အကူရအောင် ရှိနေမှာလား၊ ရစ်ဘာရီ မပါနိုင်တဲ့ ဘိုင်ယန်အနေနဲ့ လီယွန် မြေပေါ်မှာ အခက်တွေ့စရာတွေ ဆက်တိုက်ဖြစ်ပေါ်လာနိုင်တာကိုတော့ မေ့မထားသင့်ဘူး ထင်ပါတယ်။

ဘာစီလိုနာအနေနဲ့လည်း ပူယိုးလ်မပါတဲ့ နောက်တန်းနဲ့ ရှုနိုက်ဒါ ဦးဆောင်လာမယ့် အင်တာကို ဖြိုလွဲပြီး နောက်တစ်ဆင့်ရောက်အောင် သွားပြနိုင်မလားဆိုတာ စောင့်ကြည့်ချင်စရာပါ။ လက်ရှိချန်ပီယံအနေနဲ့လည်း ပြင်ဆင်စရာရှိတာတွေကို ပြင်ဆင်ပြီး အိမ်ကွင်းအားသာချက်နဲ့ အင်တာမီလန်ကို ရင်ဆိုင်

ဘာကာအတွက် ဂိုးသွင်းနိုင်ပါ့မလား မက်ဆီ။

ကစားပြီး ဗိုလ်လုပွဲရောက်အောင် ဂွါဒီယိုလာ ဘယ်လိုလုပ်ပြမလဲ။ ဂွါဒီယိုလာဟာ ပထမအကျော့မှာ မလုပ်သင့်တဲ့ အမှားတွေကို ကျူးလွန်ခဲ့ပြီး မော်ရင်ဟိုကို ရှုံ့နေသလိုဖြစ်ခဲ့လို့ ဘာစီလိုနာရဲ့ ကစားဟန်ဟာ ရေရှည်မှာ အင်တာရဲ့ ဖိအားပေးမှုအောက် ရောက်ခဲ့ရတာပါ။ ဒါကို ဂွါဒီယိုလာအနေနဲ့ ပြင်ဆင်ရပါတော့မယ်။ အိမ်ကွင်း နူးကမ့်မှာ မပြင်ဆင်နိုင်ရင် မလွယ်ဘူး၊ နှစ်ခါအမှားမခံဘဲ မော်ရင်ဟိုကို နူးကမ့်မှာ အနိုင်ရအောင် ကစားချင်တယ်ဆိုရင် ဂွါဒီယိုလာအနေနဲ့ အင်တာမီလန်လို ကျင့်ကြံမှသာ အဆင်ပြေမှာပါလို့ ပြောထားချင်တယ်။

လေ့လာကြည့်

အမှားခံလို့ မရတော့တဲ့ ကာလရောက်နေပြီဖြစ်တာကြောင့် လက်ကျန်ပွဲစဉ်မှာ လေးသင်းစလုံးအနေနဲ့ ဗိုလ်လုပွဲရောက်ဖို့ သေချာလေးအားစိုက်ပြီး ကစားရပါပြီ။ အားနည်းချက်တွေ မပေါ်အောင် ဘယ်လို နည်းဗျူဟာတွေ အသုံးချပြီးပြိုင်ဘက်အသင်းတွေ နောက်ကောက်ကျအောင် လုပ်ကြမလဲဆိုတာကတော့ မကြာခင်မှာ စောင့်ကြည့်ရမှာပါ။ လီယွန်ကလည်း မှတ်တမ်းသစ် ရေးထိုးနိုင်ဖို့ မရမက ကြိုးစားနေတဲ့ ကာလဖြစ်တာကြောင့် ဘိုင်ယန်မြူးနစ်ဟာ အဝေးကွင်းမှာ အသည်းပေါက်မတတ်ကစားရဖို့ရှိနေသလို ဘာစီလိုနာကလည်း ပေးထားရတဲ့ဂိုးတွေအတွက် နူးကမ့်မှာ ပရိသတ်အားနဲ့ ဘယ်လိုအနိုင်ပြန်ယူမလဲဆိုတာ သိချင်စရာဖြစ်လာတယ်။ ဒါကြောင့် ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲ ဒုတိယအကျော့မှာ ဘာတွေ ဖြစ်လာနိုင်တယ်ဆိုတာကို လက်လှမ်းမီသလောက် လေ့လာကြည့်လိုက်တဲ့အခါမှာ ဒီလိုဖြစ်တည်လာခဲ့တယ်။

ဘာစီလိုနာ - အင်တာမီလန်

ဘာစီလိုနာအနေနဲ့ အင်တာမီလန်ကို ထိပ်တိုက်တွေ့ဆုံမှုအရ အိမ်ကွင်းမှာ သုံးခါတွေ့ သုံးခါစလုံး အသာရအောင်လို့ ကစားထားတာ အစဉ်အလာတောင် ဖြစ်နေပါပြီ။ နောက်တစ်ချက်ကလည်း ပထမအကျော့မှာ ဂိုးပြတ်နဲ့ အရှုံးနိမ့်ထားရတဲ့အတွက် ဗိုလ်လုပွဲရောက်ဖို့ကို ဘာစီလိုနာဟာ ပြတ်သားစွာနဲ့ တိုက်စစ်သီးသန့်ဖွင့်ပြီး ကစားရပါတော့မယ်။ အင်တာမီလန်ရဲ့ ဗျူဟာပိုင်းဟာ ပထမအကျော့ကလို ကစားဖို့ ရှိနေပေမယ့် ပေးထားရတဲ့ဂိုးတွေ ပွဲပါမသွားအောင် ဂရုစိုက်ရမယ့် ကာလတစ်ခုကိုရောက်နေပြီဆိုတော့ နည်းပြမော်ရင်ဟိုဟာ ခံစစ်တစ်ဝက်၊ တိုက်စစ်တစ်ဝက်ဆိုတာထက် ခံစစ်လုံးလုံးပိတ်ထားဖို့ ရှိနေနိုင်ပါတယ်။ ခံစစ်နဲ့ ပိတ်ကစားပြီးမှ ဘာစီလိုနာတစ်သင်းလုံး တိုက်စစ် အလွန်အကျွံဖွင့်ကစားလို့ ပေါ်ပေါက်လာတဲ့ လွတ်ကွက်၊ ဟာကွက်ကို မီလီတိုနဲ့ အီတူးတို့ ဂိုးရအောင် လုပ်ဖို့ရှိပါတယ်။

ဒါပေမယ့် ဒီတစ်ခါတော့ ပူယိုးလ် မပါနိုင်တဲ့ ဘာစီလိုနာ နောက်တန်းကို အင်တာမီလန်အနေနဲ့ အခက်တွေ့အောင်၊ ထိုးဖောက်ဖို့မရနိုင်အောင် ဂွါဒီယိုလာက စီမံထားမှာပါ။ ပထမအကျော့မှာ မော်ရင်ဟိုရဲ့ ဘီလူးဆိုင်းတီးပြီး ကစားစေတဲ့ ထိုးဖောက်ဟန်ကို တွေ့ခဲ့ရပြီးပြီဖြစ်တာကြောင့် ဘောလုံးကို ကြာကြာ အချိန်ဆွဲကစားပြီး ဂိုးရအောင်အကွက်ဖော်တဲ့ နည်းစနစ်ကို မော်ရင်ဟိုမသိအောင် ဂွါဒီယိုလာ စွန့်လွှတ်ဖို့ရှိနေပါတယ်။ ဂွါဒီယိုလာဟာ မက်ဆီကို အသားပေးပြီး တိုက်စစ်ဖွင့်ကစားတာထက် ပီထရီနဲ့ အဲလ်ဗက်စ်တို့လို တိုက်စစ်သန်သူတွေသုံးပြီး ဂိုးရရေးကို ကြိုးစားရှာဖွေပါလိမ့်မယ်။ ဒီတစ်ခါတော့ မက်ဆီဟာ အယောင်ပြကစားသမားသာသာ ရှိနေတော့မှာပါ။ တကယ်တမ်း မရမက ထိုးဖောက်ဖို့ ကြိုးစားမှာက အီဗရာဟင်မိုဗစ်ပါ။ ပထမအကျော့မှာ ဒိုင်ရဲ့ မျက်နှာသာပေးမှု မသိမသာရထားတဲ့ အင်တာမီလန်အတွက်ကတော့ ဘာစီလိုနာရဲ့ ဖိအားပေးမှုကို ဘယ်လောက်ကြာကြာ ထိန်းချုပ်ပြထားမလဲ။ တန်ပြန်တိုက်စစ် အသက်ဝင်လာအောင်လုပ်ဖို့ကရော လွယ်နိုင်မှာတဲ့လား၊ ဘာစီလိုနာဟာ မော်ရင်ဟိုရဲ့ အင်တာမီလန်လိုပဲ တရစပ်တိုက်စစ်အသားပေးကစားဟန်ကို အပြည့်အဝ အသုံးချမှာပါ။ ခိုင်မာလှတဲ့ အင်တာနောက်တန်း

အင်တာတို့ အောင်ပွဲရရှိရေး မီလီတို ဘယ်လိုဂိုးသွင်းမှာလဲ။

ကိုလည်း ဂိုးရအောင်ဖောက်ထွက်ပြဖို့ ဘာစီလိုနာအသင်းက ကြိုးစားမှာဖြစ်နေတော့ ဒီပွဲမှာ ညှိသည်ထက် အိမ်ရှင်ဟာ ဘာပဲပြောပြော ထိုးဖောက်ခွင့်ကတော့ ရနေဦးမှာပါ။ မော်ရင်ဟိုအနေနဲ့ အင်တာကို ပြီးပြီဆိုတော့ ရဲရဲဝံ့ဝံ့နဲ့ တိုက်စစ်ဆင်ကစားဖို့ကို လိုတာထက် ပိုစွန့်စားတာမျိုး ရှိမယ်မထင်ဘူး။ မော်ရင်ဟိုဟာ မက်ဆီကို လှုပ်ရှားခွင့်မရအောင် ဆမ်မြူရယ်နဲ့ လူစီယိုတို့နှစ်ဦးကို တာဝန်ပေးထားတာ ပထမအကျော့မှာ တွေ့ခဲ့ပြီးပြီ၊ တာဝန်ကျရာဇုန်ထဲ မက်ဆီရောက်တာနဲ့ ဘောလုံးမထွက်သွားအောင် တားဆီးခဲ့ကြတဲ့ ဒီကစားသမားနှစ်ဦးဟာ အခုပွဲမှာလည်း ပထမအကျော့ကလို ခြေပေါ်အောင် ကစားနိုင်ပါ့မလား၊ ထိန်းချုပ်နိုင်ပါ့မလားဆိုတာ စောင့်ကြည့်ရပါလိမ့်မယ်။

လိုင်ယွန်ကိုကယ်တင်ဖို့ ဂိုးသွင်းပေးမှာလား လိုပက်ဇ်။

မက်ဆီ၊ အီဗရာဟင်မိုဗစ်နဲ့ ဇာဗီတို့ဟာ ဂိုးရရေးကို ကြိုးစားအနာခံ ကစားပြီး တရစပ်ထိုးစစ်ဖွင့်ရင်တော့ အင်တာမီလန် နောက်တန်းဟာ ဖရိုဖရဲ ဖြစ်သွားနိုင်ပါသေးတယ်။ နောက်တစ်ချက်က အင်တာမီလန်ကစားသလို ဘာစီလိုနာကလည်း ဘောလုံးမကိုင်ဘဲ တစ်ချက်ထိ အမြန်ပေးကစားရင်း အင်တာမီလန် ဘောလုံးကိုင်ကစားခွင့်မရအောင် လုပ်ထားရင်တော့ မော်ရင်ဟိုဟာ ပေးရမယ့်ဂိုးတွေ မများမိဖို့ ဆုံးဖြတ်ချက်တစ်ခုကို မြန်ဆန်စွာ ချမှတ်ထားရမှာပါ၊ ဒီလိုမှ မလုပ်နိုင်ခဲ့ရင်တော့ မိနစ် ၉၀ အတွင်းမှာပဲ အင်တာမီလန်ဟာ ဘာစီလိုနာကို ဆန်စီရိုမှာ သူတို့အနိုင်ယူခဲ့သလိုမျိုးအဖြစ်နဲ့ တိုးရမှာမလွဲနိုင်ပါဘူးလို့ ပြောထားချင်ပါတယ်။

လီယွန် - ဘိုင်ယန်မြူးနစ်

လီယွန်ဟာ ဒီပွဲကို ဖောင်ဖျက်ပြီး တိုက်စစ်သီးသန့် ကစားပြရတော့မှာပါ။ ပထမအကျော့က ၁-၀ နဲ့ အရှုံးနိမ့်ထားတဲ့အတွက် ပေးလိုက်ရတဲ့ဂိုးကို ပြန်လည်ချေပဖို့ လီယွန်ဟာ ဘိုင်ယန်ကို တိုက်စစ်ပြီးတိုက်စစ်ဆိုတဲ့ဟန်ကို သုံးဖို့ရှိပါတယ်။ ကစားသမားတွေထဲမှာ နောက်ခံလူတချို့ ဒဏ်ရာကြောင့် ပွဲမကစားနိုင်တာမျိုးက လွဲရင် အားလုံးလူစုံတယ်။ ဒါကြောင့် လီယွန်အနေနဲ့ အိမ်ကွင်းမှာ တိုက်စစ်အားသန်သူတွေကို အဓိကအသုံးချကစားပြီး ညှိသည်ကို ဂိုးရအောင် ဖိအားပေးသွင်းယူဖို့ လုပ်ပါလိမ့်မယ်။ တစ်ခုပဲရှိတယ်။ လီယွန်နောက်တန်းမှာ တူလာလန် မပါနိုင်တာကြောင့် အားနည်းနိုင်တဲ့အချက်ပါ၊ ဒါကို ဖြည့်ဆည်းပေးနိုင်မယ့် နောက်ခံကစားသမား ရထားရင်တော့ ဘိုင်ယန်ရဲ့ တန်ပြန်တိုက်စစ်တွေကို ထိန်းချုပ်ထားနိုင်ဖို့ အခွင့်အရေးရမှာပါ။ ဘိုင်ယန်ကလည်း အဝေးကွင်းမှာ အခက်တွေ့ပြီး ပြိုင်ပွဲကနေ မထွက်ခွာရအောင် စီမံထားရမယ့်ပွဲလိုဖြစ်နေပြန်တော့ ဒီပွဲမှာ သူတို့ဟာ ရစ်ဘာရီမရှိတာတောင် အဆင်ပြေစေမယ့် နည်းလမ်းကောင်းတစ်ခုကို ရှာကြံထားမှာပါ။ အဓိကကတော့ ရစ်ဘာရီ နေရာဝင်မယ့် အယ်လ်တန်တော့နဲ့ ရော့ဘင်ပါ၊ ဒီနှစ်ဦးရဲ့ ကစားအားကလည်း မသေးဘူး။ ဒါကြောင့် လီယွန်ရဲ့ တိုက်စစ်ဖွင့်တာလွန်ပြီး နောက်တန်း ပေါက်ထွက်သွားရင် ဘိုင်ယန်ကို ဂိုးပေးရဖို့ဆိုတာ ရှိလာနိုင်ပါသေးတယ်။ အိုလစ်၊ မူလာ၊ ရှဝိန်းစတိုက်ဂါနဲ့ ပရန်ဂျစ်တို့ဆိုတာဟာ ကစားအားကောင်းကောင်းနဲ့ ကစားနိုင်စွမ်းရှိတဲ့ သူတွေဆိုတော့ လီယွန် အမှားတစ်ခါထက်ပိုပြီး မှားလိုက်ပြီဆိုတာနဲ့ ဘိုင်ယန်က အခွင့်အရေးယူပြသွားမှာ သေချာပါတယ်။ ဒါကြောင့် ဒီပွဲဟာ လီယွန်အသာရဖို့ ရှိနေပေမယ့် ဂိုးသွင်းရတာ မချောင်လည်လှတာကြောင့် နောက်ဆုံးမှာ အကြိတ်အနယ်ကစားပြီး ဘိုင်ယန်ကို သရေလောက်သာ ကစားနိုင်ဖို့ ရှိနေတဲ့ပွဲပါ။ ဒါတောင်ကြားမှာမထင်မှတ်ဘဲ အဖွင့်ဂိုး စပေးလိုက်ရပြီဆိုရင်တော့

ဘိုင်ယန်တောင်ပံတိုက်စစ်မှ ရော့ဘင် ဂိုးသွင်း ခြေစွမ်းပြဦးမှာလား....။

လီယွန်ဟာ အိမ်ကွင်းမှာ အရှုံးနိမ့်ဖို့ ရှိလာနိုင်တဲ့ အနေအထားမျိုးတောင် တွက်ဆမိပါတယ်။ ။

(မြန်မာ့အလင်း)

လီယွန်ကလည်း မှတ်တမ်းသစ်ရေးထိုးနိုင်ဖို့ မရမက ကြိုးစားနေတဲ့ကာလဖြစ်တာကြောင့် ဘိုင်ယန်မြူးနစ်ဟာ အဝေးကွင်းမှာ အသည်းပေါက်မတတ် ကစားရဖို့ ရှိနေသလို ဘာစီလိုနာကလည်း ပေးထားရတဲ့ ဂိုးတွေအတွက် နူးကမ့်မှာ ပရိသတ်အားနဲ့ ဘယ်လို အနိုင်ပြန်ယူမလဲဆိုတာ သိချင်စရာ....။

ကျိုက်ထိုမြို့နယ်လုံးကျွတ် စာကြည့်တိုက်များဖွင့်လှစ်ပြီးအထိမ်းအမှတ်

စာအုပ်နှင့် ငွေပဒေသာပင်လှူဒါန်း

ကျိုက်ထို ဧပြီ ၂၃

ကျိုက်ထိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြို့နယ်လုံးကျွတ် ကျေးရွာစာကြည့်တိုက်များ ဖွင့်လှစ်ပြီးအထိမ်းအမှတ် မီဒီယာပစ္စည်း၊ စာအုပ်၊ စာစောင်နှင့်ငွေပဒေသာပင်လှူဒါန်းပွဲ အခမ်းအနားကို ဧပြီ ၇ရက် နံနက် ၁၀နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်အောင်ဝင်းက အမှာစကားပြောကြားပြီး ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းအောင်က စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေး လုပ်ငန်း(၅)ရပ်ကိုလည်းကောင်း၊ အလှူရှင်များကိုယ်စား တိုင်းရေနံရောင်းဝယ်ရေး အရာရှိ(ငြိမ်း) ဦးစိန်မြင့်က လှူဒါန်းရခြင်း ရည်ရွယ်ချက်ကိုလည်းကောင်း ပြောကြားကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် လှူဒါန်းပွဲကို ဆက်လက်ကျင်းပရာ ဦးစိန်မြင့်(တိုင်းရေနံရောင်းဝယ်ရေး အရာရှိ-ငြိမ်း)က လှူဒါန်းငွေကျပ် ၁၀၀၀၀၀၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က စာအုပ်၊ စာစောင် ၁၄၂စောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၁လက်မ ရုပ်မြင်သံကြားပြစက်တစ်လုံး(**အပေါ်ပုံ**)နှင့် အလှူငွေကျပ် ၁၀၀၀၀၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ စုပေါင်း လှူဒါန်းငွေကျပ် ၂၄၆၀၀၀၊ တောင်တက်မော်တော်ယာဉ်အသင်းက အလှူငွေကျပ် ၅၀၀၀၀၊ ဇီဇဝါကုမ္ပဏီက အလှူငွေကျပ် ၅၀၀၀၀၊ ဦးရဲထွန်း (သစ်လုပ်ငန်း)က အလှူငွေကျပ် ၂၀၀၀၀၊ ဦးဝိတင်မိသားစုက အလှူငွေကျပ် ၁၀၀၀၀၊ ဦးခင်တိုး မိသားစုက အလှူငွေကျပ် ၁၀၀၀၀၊ ဗိုလ်ကြီးတင်ဝင်းထွဋ်မိသားစုက အလှူငွေကျပ် ၁၀၀၀၀၊ ဦးခွန်ဖေမြ (ရွှေနဂါး)က စာစောင်၂၈၀၊ မအိအိထွန်း(တောင်ပိုင်း)က စာစောင် ၄၀၊ သတင်းစာ ၄၀၃စောင်၊ မင်းမဟော် (ပုံနှိပ်တိုက်)က စာအုပ် ၁၄အုပ်၊ ဦးမြင့်လွင် (လွင်ပရိဘောဂမိသားစု)က ငွေကျပ် ၁၂၀၀၀၀ တန်ဖိုးရှိ စားပွဲထိုင်ခုံ သုံးစုံနှင့် စာစောင် ၁၀၀၊ ကိုမင်းဇော် (ဖွဲ့ရွှေဆိုင်မိသားစု)က မဂ္ဂဇင်းအုပ် ၆၀၊ ဦးဝမ်ကြည်မိသားစု (ကော့ဘိန်း)က ရေဒီယိုကက်ဆက် တစ်လုံး၊ ရပ်ကွက်/ ကျေးရွာများက အလှူငွေကျပ် ၆၂၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူကြသည်။

(မြို့နယ် ပြန်/ဆက်)

ဒိုချက်ကင်ဆောင်ရွက်ထားမှုနှင့် မြေရိုင်းဖော်ထုတ်မှု အခမ်းအနား

မိုးမောက် ခုံဆင့်သစ်ကျေးရွာ၌ကျင်းပ

မိုးမောက် ဧပြီ ၂၃

ကချင်ပြည်နယ်သည် စတုတ္ထစပါးကျီ ဖြစ်ရမည်ဟူသော ဆောင်ပုဒ်နှင့်အညီ ၂၀၁၀ခုနှစ်သည် ဒိုချက်ကင်နှစ်အဖြစ် သတ်မှတ်၍ မိုးမောက်မြို့နယ် ခုံဆင့်သစ်ကျေးရွာတွင် ရွာလုံးကျွတ်ဒိုချက်ကင် ဓာတ်မြေဩဇာဆောင်ရွက်ထားရှိမှုနှင့် မြေရိုင်းဖော်ထုတ်ခြင်း အခမ်းအနားကို မတ် ၇ရက် နံနက် ၈နာရီက ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်စိန်က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးတာဝန်ခံ ဦးသောက်ထွန်းက ဒိုချက်ကင်ဓာတ်မြေဩဇာအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်မြေစာရင်းဦးစီးမှူး ဦးမျိုးတင့်က မြေရိုင်းဖော်ထုတ်ခြင်းနှင့် ပတ်သက်၍ နည်းလမ်းများ ရှင်းလင်းပြောကြားသည်။

လက်ခံယူ

ဆက်လက်၍ အခမ်းအနားသို့တက်ရောက်လာကြသော ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မိုးမောက်မြို့နယ်အတွင်းရှိ ကျေးရွာဥက္ကဋ္ဌများက ခုံဆင့်သစ်ကျေးရွာအတွက် ဂုဏ်ပြုငွေကျပ် ၁၁၈၀၀၀နှင့် တိုင်ကပ်နာရီနှစ်လုံး၊ ဓာတ်ဘူးနှစ်လုံး တို့ကိုလည်းကောင်း၊ ကြေးမုံပြင်စာကြည့်တိုက်အတွက် စာအုပ်၊ စာစောင် ၅၀နှင့် ငွေပဒေသာပင် ကျပ်၁၀၀၀၀တို့ကိုလည်းကောင်း ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံယူကြသည်။

ထို့နောက် တက်ရောက်လာကြသူ ၁၅၀တို့က ခုံဆင့်သစ်ကျေးရွာ ဒိုချက်ကင်ဓာတ်မြေဩဇာ ဆောင်ရွက်ထားမှုနှင့် မြေရိုင်းဖော်ထုတ်မှုများကို သွားရောက်ကြည့်ရှုကြသည်။

(မြို့နယ် ပြန်/ဆက်)

ကြီးငယ်မဟူ သတိမူ ရန်သူမီးကိုသာ

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ် ၁၉၊ ဇော်ဂျီလမ်းနေ
(ဦးစိန်)-ဒေါ်နှင်းရွှေတို့၏သားလတ်၊
မောင်ထွန်းအောင်-မခင်သီတာထိုက်တို့၏ညီ၊
မောင်ဘဟန်(ခေတ္တ-U.S.A)၊ မောင်သက်လွင်မြင့်တို့၏အစ်ကို
မောင်ဇော်ဝင်း
B.A(Geography)(ခေတ္တ-U.S.A)
နှင့်
ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အမှတ် ၃၈၊ နိဗ္ဗာန်လမ်းနေ
ဦးတင်စိန်(သတင်းတပ်ဖွဲ့-ငြိမ်း)-ဒေါ်သန်းသန်းရီတို့၏သမီးငယ်၊
မမေသဥ္စာဦး B.A(Business Management) ၏ညီမ
မရည်မွန်ထိုက်
B.A(Eco), Dip in Gem(YU)(ခေတ္တ-U.S.A)
တို့သည် ၃၁-၃-၂၀၁၀ရက် (ဗုဒ္ဓဟူးနေ့)တွင် နှစ်ဖက်သော မိဘဆွေမျိုးများရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဇော်ဝင်း-မရည်မွန်ထိုက်။

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့နေ ဒေါက်တာတင်အောင်-
ဒေါ်ညိုညိုလွင်တို့၏သားကြီး
မောင်သန့်သွင်
M.B.,B.S(Yangon)
D.T.M & H., M.P.H.M(Mahidol)
နှင့်
မန္တလေးမြို့နေ ဒေါက်တာရဲမြင့်-
ဒေါ်သက်သက်ခိုင်တို့၏သမီးငယ်
မမြသွဲ့နှင်း
B.C.Tech.,B.Med.Tech.,B.A(English)
M.P.H(Mahidol)
တို့သည် ၉-၄-၂၀၁၀ရက်တွင် မန္တလေးမြို့၌ နှစ်ဖက်သော မိဘဆွေမျိုးများနှင့် မန္တလေးတိုင်းတရားသူကြီး ဦးလှဝင်း၏ ရှေ့မှောက်တွင် လက်မှတ်ရေးထိုးလက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်သန့်သွင်-မမြသွဲ့နှင်း။

သမီးအဖြစ်မှ စွန့်လွှတ်ခြင်း

ကျွန်တော်၏သမီးဖြစ်သူ မယုယုခိုင် ၁၂/ ရပသ(နိုင်)၀၇၁၅၄၈ သည် မိဘများအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်လုပ်ပြီး ထွက်သွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း၊ ၄င်းနှင့်ပတ်သက်သမျှကို တာဝန်ယူဖြေရှင်းမည်မဟုတ်ကြောင်း။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)** **ဦးအုန်းကျော်**
၁၂/ဥကတ(နိုင်) ၁၁၃၇၁၁။

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

တောင်ကြီးမြို့၊ ကန်ရှေ့ရပ်ကွက်၊ ဓမ္မရက္ခိတလမ်းနေ ကျွန်တော်၊ ကျွန်မတို့၏သားဖြစ်သူ စိုင်းနော်ခမ်းဦး(ခ)စိုင်းပြူး ၁၃/တကန(နိုင်) ၂၀၈၆၂၉ သည် မိဘများ၏ဆိုဆုံးမမှုကို နားမထောင်ဘဲ မိမိသဘောအတိုင်း ပြုမူဆောင်ရွက်သွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၄င်းနှင့် ပတ်သက်သော ကိစ္စများအား လုံးဝတာဝန်မယူပါကြောင်း သိစေအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

ဦးစိုင်းအွမ်(ခ)လှဝင်း-ဒေါ်နန်းခင်ဝင်း။

ပျော်ဘွယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ လုပ်ငန်းဆိုင်ရာအစည်းအဝေးကျင်းပ

ပျော်ဘွယ် ဧပြီ ၂၃

ပျော်ဘွယ်မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ လုပ်ငန်းဆိုင်ရာအစည်းအဝေးကို မတ်၂၉ရက် မွန်းလွဲ ၁နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်မေသစ္စာအောင်က အမှာစကားပြောကြားပြီး စာပေနှင့်စာနယ်ဇင်းအဖွဲ့အတွင်းရေးမှူး ဦးမြင့်သိန်း(မြင့်သိန်း၊ ရွှေတောင်ချည်စက်)က လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

စာအုပ်စာဆောင်လှူဒါန်း

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူးက ပျော်ဘွယ်ချည်မျှင်စက်ရုံစာကြည့်တိုက်အတွက် စာအုပ်စာစောင်များပေးအပ်လှူဒါန်းရာ အတွင်းရေးမှူး ဦးမြင့်သိန်းက လက်ခံယူသည်။ (၀၈၅)

ကော့သောင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ သွေးလွန် တုပ်ကွေးရောဂါကာ ကွယ်ရေးအတွက် အေးရိပ်ငြိမ်ရပ်ကွက်၌ အဖွဲ့ဝင်ထမ်း များနှင့်ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို ဧပြီ ၁ရက်က ဦးစီးအရာရှိ ဦးဘဝွမ် ကွင်းဆင်းဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

သားအဖြစ်မှ စွန့်လွှတ်ခြင်း

မောင်ဘိုဘိုသော်ဇင် ၁၂/ဗဟန(နိုင်) ၁၀၀၄၈၆ သည် မိဘများအား စိတ်ဆင်းရဲအောင်ပြုလုပ်၍ မိမိ၏သဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်သည်။ နောက်နောင် ၄င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စမျှ တာဝန်မယူပါ။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

မိဘများ ဖခင်- ဦးဆန်းနေဝင်း ၁၂/ဗဟန(နိုင်)၀၈၀၃၉၃
မိခင်-ဒေါ်မြင့်မြင့်ခိုင် ၁၂/ဗဟန(နိုင်)၀၄၁၄၉၇

ဝေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့မဈေးမီးဘေးအန္တရာယ်ကင်းဝေးစေရေးအတွက် ဧပြီ ၂ရက်က အမှုဆောင်အရာရှိ ဦးစောရွှေ၊ မြို့နယ်မီးသတ်စခန်းတာဝန်ခံ ဦးလှမြင့်နှင့် ဈေးအကျိုးတော်ဆောင် အဖွဲ့ဝင်များပူးပေါင်း၍ ဈေးအတွင်း မီးဖိုသုံးစွဲခြင်း ရှိ မရှိ ကြပ်မတ်စစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

တိုင်းရင်းဆေးပညာသင်တန်း မြင်းမူ၌ဖွင့်လှစ်

မြင်းမူ ဧပြီ ၂၃

မြင်းမူမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးဖွင့်လှစ်သည့် တိုင်းရင်းဆေးပညာသင်တန်း ဖွင့်ပွဲအခမ်းအနားကို မတ် ၁၅ရက် နံနက် ၁၀နာရီက မြင်းမူမြို့နယ် ရွှေပြည်သစ်ခန်းမ၌ ကျင်းပသည်။ ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သောင်းက အမှာစကားပြောကြားပြီး မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌဒေါ်မညိုက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့် လုပ်ငန်းတာဝန်များကိုလည်းကောင်း၊ မြို့နယ်တိုင်းရင်းဆေးကုဌာန ဒုတိယတိုင်းရင်းဆေးမှူး ဒေါ်စန္ဒာအောင်က ဆေးဖက်ဝင်တိုင်းရင်းဆေးသစ်ပင်များအကြောင်းနှင့် ကုသခြင်းများအကြောင်းကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

အခြေခံရှေးဦးသူနာပြုသင်တန်းဆင်းပွဲ ဆားလင်းကြီး၌ကျင်းပ

ဆားလင်းကြီး ဧပြီ ၂၃

ဆားလင်းကြီးမြို့နယ် အခြေခံရှေးဦးသူနာပြုသင်တန်း(၁/၂၀၁၀)ကို မတ် ၂၉ရက်မှ ဧပြီ ၄ရက်အထိ ဆားလင်းကြီးမြို့(အထက)ကျောင်း၌ဖွင့်လှစ်ရာ မြို့ပေါ်သုံးရပ်ကွက်မှ သင်တန်းသား သင်တန်းသူ ၈၅ ဦး တက်ရောက်ခဲ့သည်။ အဆိုပါသင်တန်းကို မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် ကြက်ခြေနီအသင်းတို့ကလည်းကောင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ကလည်းကောင်း အသီးသီး သင်တန်းပို့ချကြသည်။

ဆုများပေးအပ်

အဆိုပါ သင်တန်းဆင်းပွဲကို ဧပြီ ၄ရက်က(အထက) ပန်းမြတ်သဇင်ခန်းမ၌ကျင်းပရာ သင်တန်းတွင် ပထမဆုရ မဖြူဖြူသွယ်အား မြို့နယ်ဥက္ကဋ္ဌ ဦးဇော်မင်းဟန်ကလည်းကောင်း၊ ဒုတိယဆုရ မခင်စောဝင်းအား ဒေါက်တာခင်ခင်ထွန်းက လည်းကောင်း၊ တတိယဆုရ မတွယ်တာနှင်းဖိုလ်အား မြို့နယ်ပညာရေးမှူး ဦးခင်မောင်အေးကလည်းကောင်း၊ စစ်ရေးပြ(ကျား)ထူးချွန်ဆုရ မောင်အေးချမ်းကိုကို၊ စစ်ရေးပြ(မ)ထူးချွန်ဆုရ မအိချယ်သဲထွေးအားလည်းကောင်း သင်တန်းဆရာ ဂုဏ်ပြုဆု အထူးဆုနှင့် သင်တန်းဆင်း လက်မှတ်များကို သက်ဆိုင်ရာတို့က ဆုများပေးအပ်ကြသည်။

(မြို့နယ် ပြန်/ဆက်)

အိပ်ပျော်နေစဉ် မီးလောင်မှုဖြစ်၍ မီးခိုးအန္တရာယ်နှင့်ကြုံတွေ့ရလျှင်သတိပြုရန်

(က) စိတ်ကိုတည်ငြိမ်စွာထား၍ ကြမ်းပြင်ပေါ်သို့ လျင်မြန်စွာမှောက်ချလိုက်ပါ။ မီးခိုးသည် လေထက်ပေါ့သဖြင့် အခန်း၏အပေါ်ပိုင်း၌ တည်ရှိနေသောကြောင့် ကြမ်းပြင်တွင်မီးခိုးလျော့ပါးကာ အသက်ရှူနိုင်မည့် အခွင့်အလမ်း အများဆုံးရှိမည်၊ ထိုအချိန်တွင် မတ်တပ်ရပ်၍ သွားလာခြင်းမပြုရန်။
(ခ) မိသားစုဝင်အားလုံးကို အရေးပေါ်ဖြစ်နေကြောင်းနှင့် ကြမ်းပြင်ပေါ်သို့မှောက်ချရန် အော်ဟစ်သတိပေးပါ၊ အကြောင်းကြားပါ၊ အားလုံးသိရှိ ထွက်ခွာမည့်အကြောင်းကို အသံဖြင့်အသိပေးပါ။
(ဂ) ယင်းအခြေအနေတွင် မည်သည့်ပစ္စည်းတစ်စုံတစ်ရာကိုမှ သွားရောက်ယူခြင်း မပြုပါနှင့်၊ သွားရောက်ယူမိပါက အသက်ရှူကျပ်၍ လမ်းခုလတ်တွင် လဲကျသေဆုံးသွားနိုင်သည်။
(ဃ) ထိုအချိန်တွင် အသက်ရှင်လွတ်မြောက်ရေးသည်သာ အရေးအကြီးဆုံးဖြစ်သည်။
(င) ကြမ်းပြင်ပေါ်တွင် လေးဖက်ထောက် သို့မဟုတ် မိကျောင်းတက် အနေအထားဖြင့် တံခါးဆီသို့ အမြန်ဆုံးသွားကာ တံခါးဖွင့်ပြီး အပြင်သို့ထွက်လိုက်ပါ။ အပြင်သို့ရောက်လျှင် တံခါးပြန်ပိတ်ပါ၊ တံခါးဖွင့်လာလျှင် ပြင်ပမှ အောက်ဆီဂျင်များ အခန်းအတွင်းသို့ ဝင်ရောက်သွားပြီး မီးလောင်မှု ပိုမိုမြန်ဆန်ကြီးထွားလာနိုင်သည်။

အခွန်ထမ်းပြည်သူများအား လုပ်ငန်းစီမံချက်ရှင်းလင်း

ညောင်ရွှေ ဧပြီ ၂၃

တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ်အတွင်း ရောင်းချနေသည့် အခွန်ထမ်းဆိုင်များ အခွန်ပေးဆောင်စေ၍ အခွန်အမှတ်တံဆိပ်များကပ်နှိပ်ပြီး တရားဝင်ရောင်းချစေရန်အတွက် လုပ်ငန်းရှင်အခွန်ထမ်းပြည်သူများအား လုပ်ငန်းစီမံချက်နှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပွဲကို မတ် ၅ရက် မွန်းလွဲ ၁နာရီက မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးထွန်းသိန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အတွင်းရှိ ဟိုတယ်၊ အင်း၊ တည်းခိုခန်း၊ စားသောက်ဆိုင်၊ စတိုးဆိုင်လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးနေလင်းက လုပ်ငန်းစီမံချက်နှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

လှိုင်မြို့နယ် နွေရာသီယဉ်ကျေးလိမ္မာသင်တန်း ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဧပြီ ဖရက်က သင်တန်းခန်းမ၌ကျင်းပရာ နွေရာသီယဉ်ကျေးလိမ္မာ ပညာရည်ချွန်ဒုတိယဆုရရှိသူ ကျောင်းသူတစ်ဦးအား မြို့နယ်ပညာရေးမှူးဒေါ်မြင့်ရီ ဆုချီးမြှင့်စဉ်။ (မြို့နယ် ပြန်/ဆက်)

ကော့သောင်းအမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း အဆင့်မြင့် စက်ချုပ်သင်တန်းနှင့် အခြေခံအိမ်တွင်းမှု သင်တန်းများဆင်း

ကော့သောင်း ဧပြီ ၂၀

နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၏ ကော့သောင်းမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၏ အဆင့်မြင့် စက်ချုပ်သင်တန်းကျောင်းတွင် သင်တန်း အမှတ်စဉ် ၂၅/၂၀၀၉နှင့် အခြေခံ အိမ်တွင်းမှု သင်တန်းအမှတ်စဉ် ၅၄/၂၀၀၉ သင်တန်းဆင်းပွဲအခမ်းအနားကို မတ် ၂၆ရက် နံနက်က ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ နယ်မြေခံ တပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးခင်လတ်ကြီးနှင့် ဇနီး ဒေါ်စန်းစန်းပွား၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအုံ့မော်နှင့် ဇနီးဒေါ်ဘောက်နန်၊ ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ကြည့်ရှုအားပေး

အခမ်းအနားတွင် ခရိုင်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအုံ့မော်က အဖွင့်အမှာစကားပြောကြားပြီး အိမ်တွင်းမှု သင်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ထွန်းလှက သင်တန်းဆိုင်ရာများ ရှင်းလင်းပြောကြားသည်။ ထို့နောက် သင်တန်းတွင် ထူးချွန်ဆုရရှိသည့် ကျောင်းသူ တစ်ဦးအား စစ်ဗျူဟာမှူး၏ဇနီး ဒေါ်စန်းစန်းပွားက ဆုချီးမြှင့်ပြီး သင်တန်းဆင်းလက်မှတ်များကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ထွန်းလှက သင်တန်းသူ တစ်ဦးအား ပေးအပ်သည်။ **(အောက်ပုံ)** အခမ်းအနား အပြီးတွင် တက်ရောက်လာကြသူများက သင်တန်းသူများ၏ လက်ရာများကို ကြည့်ရှုအားပေးကြသည်။

(ခရိုင် ပြန်/ဆက်)

ကျောက်တန်းဘိုးဘွားရိပ်သာသို့ ငွေလှူဒါန်း

ကျောက်တန်း ဧပြီ ၁၈

ကျောက်တန်းဘိုးဘွားရိပ်သာသို့ အလှူငွေပေးအပ်ပွဲကို ဧပြီ ၁၃ရက် နံနက်က ကျင်းပရာ ဘိုးဘွားရိပ်သာဥက္ကဋ္ဌ ဦးထွန်းလှရွှေနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များ တက်ရောက်ကြသည်။

ပေးအပ်

ရှေးဦးစွာ မိဘများဖြစ်ကြသော ဦးကျော်မြင့်-ဒေါ်ညွန့်ရွှေတို့ကို ရည်စူး၍ သား ကိုဇော်နိုင်၊ သမီး မဥမ္မာကျော်၊ မဇင်မာကျော် (ဒေါ်ညွန့်ဆန်ဆိုင်) မိသားစုတို့က ဘိုးဘွား ရိပ်သာသို့ အလှူငွေကျပ်ခုနစ်သိန်း ပေးအပ်လှူဒါန်းရာ ကျောက်တန်းဘိုးဘွားရိပ်သာ ဥက္ကဋ္ဌ ဦးထွန်းလှရွှေနှင့် ဒုတိယဥက္ကဋ္ဌ ဦးချစ်ရွှေတို့က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ **(အပေါ်ပုံ)**

(၁၁၅)

မြို့နယ်သတင်း ထွေတလာ

စာကြည့်တိုက်ရေရှည်တည်တံ့ရေးနှင့် စာအုပ်လှူဒါန်းပွဲ ကော့သောင်းတွင်ကျင်းပ

ကော့သောင်း ဧပြီ ၂၀

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်) နေပြည်တော်မှ ညွှန်ကြားရေးမှူး (စီမံ) ဦးမောင်ဖေ၊ တနင်္သာရီတိုင်း လက်ထောက်ညွှန်ကြားရေးမှူးဦးတင်ထွန်း၊ ကော့သောင်းမြို့နယ် ဦးစီးမှူး ဒေါ်မေဇင်ဦး၊ ခမောက်ကြီး မြို့နယ်ဦးစီးမှူး ဦးကျော်သက်ဦးနှင့် အဖွဲ့သည် ဧပြီ ၆ရက်က ကော့သောင်းမြို့နယ် ၂၂မိုင်ကျေးရွာနှင့် မလိဝမ်းကျေးရွာများသို့ စာကြည့်တိုက် ရေရှည် တည်တံ့ရေး ကွင်းဆင်းစစ်ဆေးသည်။

ကွင်းဆင်းစစ်ဆေး

ရှေးဦးစွာ နိုင်ငံတော် မတည်ငွေဖြင့် တည်ဆောက်နေသော ၂၂မိုင်ကျေးရွာ အလင်းတန်းကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မလိဝမ်းကျေးရွာ ခေတ်ကြေးမုံ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကို ဆက်လက်စစ်ဆေးရာ စာအုပ်စာစောင်များ တိုးပွားမှု၊ စနစ်တကျထားရှိမှု၊ အသင်းဝင် ဦးရေအခြေအနေနှင့် စာငှားကတ်စနစ် ကျင့်သုံးနေမှုတို့ကို ကွင်းဆင်းစစ်ဆေးသည်။

လက်ခံယူ

ထို့နောက် ညွှန်ကြားရေးမှူး (စီမံ) ဦးမောင်ဖေက ခေတ်ကြေးမုံကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ရေရှည်တည်တံ့ရေးကို ဆွေးနွေးမှာကြားပြီး အဆိုပါ စာကြည့်တိုက်သို့ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းရာ တွဲဖက်စာကြည့်တိုက်မှူး ဦးသိန်းထွန်းက လက်ခံယူသည်။ **(ဝဲပုံ)**

(မြို့နယ် ပြန်/ဆက်)

မြစ်ကြီးနား၌ လူကုန်ကူးမှု တားဆီးကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

မြစ်ကြီးနား ဧပြီ ၁၅

လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့ (ဗဟို)မှ ထုတ်ပြန်သော လူကုန်ကူးမှု တားဆီးကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များကို ယာဉ်မောင်းများ၊ ယာဉ်နောက်လိုက်များ၊ မော်တော်ယာဉ်အသင်းဂိတ်မှူးများ၊ မော်တော်ယာဉ် လိုင်းပေါင်းစုံ စည်းကမ်းထိန်းသိမ်းရေး အဖွဲ့ဝင်များနှင့် ခရီးသည်များအား ဖြန့်ဝေခြင်းအခမ်းအနားကို ဧပြီ ၁ရက်က မြစ်ကြီးနားမြို့ အဝေးပြေးယာဉ်ရပ်နားစခန်းရှိ ငြိမ်းချမ်းမြေမော်တော်ယာဉ် အသင်းခန်းမ၌ ကျင်းပသည်။

ဖြန့်ဝေပေး

ခရိုင် လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥက္ကဋ္ဌ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းလွင်**(အောက်ပုံ)** က အဖွင့်အမှာစကားပြောကြားပြီး ခရိုင် ရဲတပ်ဖွဲ့မှူးက လူကုန်ကူးမှု တားဆီး ကာကွယ်ရေးအတွက် မော်တော်ယာဉ်မောင်းများ၊ ယာဉ်နောက်လိုက်များနှင့် မော်တော်ယာဉ်အသင်းများတွင် မည်သို့ တာဝန်ရှိသည်ကို ရှင်းလင်းပြောကြားပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။ **(ခရိုင် ပြန်/ဆက်)**

မီးဘေးကြိုတင် ကာကွယ်ရေး သရုပ်ပြ

မတ် ၂၇ရက်က ကြို့ပင်ကောက် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မ ဈေးကြီးအတွင်း မီးသတ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ကွင်းဆင်းစစ်ဆေးရာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ဈေးအရန်မီးသတ် တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများပူးပေါင်း၍ မီးဘေးကြိုတင် ကာကွယ်ရေး သရုပ်ပြဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက် (၁)

ယခုအခါ နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီ ဖြစ်သည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှုများပြားသည်။ ထိုသို့ဆုံးရှုံးမှုကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်း နွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့ အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်သည်။

သို့ဖြစ်၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက် ၁၀နာရီမှ ညနေ ၅နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ်စသည်တို့တွင် ရေချိုးခြင်းမှရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင်နေပါ။

(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။

(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။

(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။

(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။

(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။

(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။

(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆား ဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။

(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။

(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင် လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။

(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။

(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာကျန်းမာရေးဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန

ညနေပိုင်း ထမင်း/ဟင်းချက်ချိန်၊ မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်း၊ ဟင်းချက်ပြုတ်ခြင်းမပြုစေရန်။

(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ် ထားရန်။

(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင်ရန်သူဖြစ်၍ ပေါ့ဆမှုမဖြစ်စေဘဲ အထူးသတိပြုသုံးစွဲရန်။

အပူဒဏ်ကာကွယ်ရေး နှိုးဆော်ချက် (၂)

ဆေးရုံသို့အမြန်ပြသပါ

အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်လျှင် ဆေးရုံအရောက် နောက်ကျပါက အသက်ဆုံးရှုံးနိုင်သဖြင့် ဆေးရုံသို့ အမြန်ဆုံးပြသကြရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ဇီဝိတဒါန စုပေါင်းငါးလွှတ်ပွဲ၊ လှေလှော်ပြိုင်ပွဲ ဖွင့်ပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနား တိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုး တက်ရောက်

နေပြည်တော် ဧပြီ ၂၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဇီဝိတဒါန စုပေါင်းငါးလွှတ်ပွဲ အခမ်းအနားကို ဧပြီ ၁၇ရက် နံနက်ပိုင်းက ကျိုင်းတုံမြို့နယ် ယန်းလော ကျေးရွာ၌ ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုး၊ တပ်မတော်အရာရှိကြီးများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ တိုင်းမှူးနှင့် အခမ်းအနား တက်ရောက်လာကြသူများက ဇီဝိတဒါန စုပေါင်းငါးလွှတ်ကြပြီးနောက် အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တက်ရောက်

ဆက်လက်၍ တိုင်းမှူးသည် နောင်တုံကန်၌ ကျင်းပသည့် မြန်မာ့ရိုးရာ လှေလှော်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားသို့ တက်ရောက်သည်။

အစီအစဉ်အရ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး မြန်မာ့ရိုးရာ လှေလှော်ပြိုင်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင် လှေလှော်အသင်းများ၏ ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဆုရရှိကြသူများကို ဆုများ အသီးသီးပေးအပ်ချီးမြှင့်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆုတောင်းမေတ္တာပို့သပေး

ထို့နောက် တိုင်းမှူးသည် သာသနာ့ဗိမာန်၌ ကျင်းပသည့် သက်ကြီး ပူဇော်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အစီအစဉ်အရ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သက်ကြီး ဘိုးဘွားများအား ရှိခိုးကန်တော့ကြပြီး အဘိုးတစ်ဦးက ဆုတောင်းမေတ္တာ ပို့သပေးသည်။

ဖြည့်ဆည်းပေး

ဆက်လက်၍ သက်ကြီးဘိုးဘွားများအား တိုင်းမှူးနှင့် တာဝန်ရှိသူတို့က ထောက်ပံ့ငွေများ၊ အသုံးအဆောင်ပစ္စည်းများနှင့် အာဟာရဖြည့် စားသောက်ဖွယ်ရာများ လှူဒါန်းကြပြီး အာဟာရဖြည့် အစားအစာများဖြင့် ဧည့်ခံကျွေးမွေးကြကာ ကျန်းမာရေး စမ်းသပ်စစ်ဆေးပေးခြင်းများနှင့် လိုအပ်သော ဆေးဝါးဖြင့်ကုသပေးခြင်းများ ဆောင်ရွက်ပေးကြသည်။ ထို့နောက် တိုင်းမှူးက အဘိုးအဘွားများအား ပါဝါမျက်မှန်များ တပ်ဆင်ပေး၍ လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွာသစ်ကျေးရွာကိုယ့်အားကိုယ်ကိုးတံတား မောက်မယ်မြို့နယ်၌ဖွင့်

မောက်မယ် ဧပြီ ၁၂

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ် ရွာသစ်ကျေးရွာ ကိုယ့်အားကိုယ်ကိုး တံတားဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၈ရက် နံနက်က အဆိုပါ တံတားမုခ်ဦး၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးဇော်ဝင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသက်ဦးဆွေနှင့် ကျေးရွာဥက္ကဋ္ဌ ဦးဘောဂတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ဖွင့်ပွဲအခမ်းအနားသို့ မြို့နယ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကျေးရွာပြည်သူများ တက်ရောက်ကြပြီး အဆိုပါတံတားမှာ အရှည်ပေ ၂၀၀ ၊ အကျယ် ၁၂ပေ၊ အမြင့် ၂၄ပေ သစ်သားတံတားဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ကွန်ကရစ်တံတား ဆောက်လုပ်

ဆားလင်းကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဆားလင်းကြီး-ကျားတက်-ဇီးပနီကျေးလက်လမ်းပေါ်ရှိ ကွန်ကရစ်တံတား ဆောက်လုပ်နေမှုကို အမှုဆောင်အရာရှိ ဦးသောင်းမြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ကြည်စိုးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲ လင်းခေးခရိုင်ရုံး၌ ကျင်းပ

လင်းခေး ဧပြီ ၁၆

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေး ခရိုင်ရုံး စာကြည့်တိုက်ခန်းမ၌ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို မတ် ၂၄ရက် နံနက်က ကျင်းပသည်။

ယင်းအခမ်းအနားတွင် လင်းခေးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးစိုးမြင့်ထံသို့ (အင်ကြင်း) ရေးသားသည့်အလင်းနှစ်သွယ်နှင့် ရသဝတ္ထုစာတိုများ စာအုပ် ၅၀နှင့် ချစ်ခြင်းအလှဆိုတာများရယ်စရာ စာအုပ် ၂၈အုပ် စုစုပေါင်း ၇၈အုပ်ကို လှူဒါန်းရာ ခရိုင်ဦးစီးအရာရှိ ဦးအယ်လ်စိုးတန်ထူးက လက်ခံသည်။ ဆက်လက်၍ စာရေးဆရာမသျှီ (အင်ကြင်း) က သုတ/ရသ စာအုပ်မျိုးစုံ ၂၅အုပ်ကို လှူဒါန်းရာ မြို့နယ်ဦးစီးမှူး ဒေါ်နန်းအေးခိုင်က လက်ခံယူသည်။ ထို့နောက် ခရိုင်ဦးစီးအရာရှိ ဦးအယ်လ်စိုးတန်ထူးက ကျေးဇူးတင်စကား ပြောကြားသည်။

(ခရိုင် ပြန်/ဆက်)

မြို့နယ်သတင်း ထွေတလာ



မြိတ်မြို့နယ် ရေမြစ်ကြီးကျေးရွာနှင့် ကင်းဆိုးကျေးရွာ ကျေးရွာချင်းဆက်လမ်းကို စက်ယန္တရားကြီးဖြင့် မြေသားတိုးချဲ့ ဆောင်ရွက်နေမှုကို မတ် ၅ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသက်ဦးရှိန်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးနေမျိုးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်၊ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးစောမြင့်ထွန်းနှင့် အဖွဲ့ဝန်ထမ်းများ မတ် ၂၅ရက်က နမ့်ခမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း ဈေးဆိုင်များ တည်ခင်းရောင်းချမှု စနစ်တကျရှိရေး၊ အသားဆိုင်များ ယင်လုံဆန်ခါများ တပ်ဆင်ရောင်းချရေးနှင့် လျှပ်စစ်မီးများ စနစ်တကျ သုံးစွဲမှုရှိရေးတို့ကို ကြည့်ရှုစစ်ဆေးစဉ်။ (၁၂၃)

လောင်းလုံး၌ စာကြည့်တိုက်များသို့ စာအုပ်များ လှူဒါန်း

လောင်းလုံး ဧပြီ ၁၈

မြန်မာ့ဂုဏ်ရည်မဂ္ဂဇင်း ၂၂အုပ်၊ ရွှေနိုင်ငံ၊ စိမ်းလဲ့ရွှေပြည်ဂျာနယ် အစောင် ၅၉၀၊ တန်ဖိုးငွေကျပ် ၁၄၀၀၀၀ တန်ဖိုးရှိ စာအုပ်စာစောင်များကို လောင်းလုံးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များသို့ ထပ်ဆင့်လှူဒါန်းပွဲကို မတ် ၃ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

(မြို့နယ် ပြန်/ဆက်)

လျှပ်စစ်ဓာတ်အားသုံးစွဲမှုသတိပြု

လျှပ်စစ်ဓာတ်အား သုံးစွဲရာတွင် လျှပ်စစ်ဝိုင်ယာရှော့ဖြစ်ခြင်း (Wire Shork)၊ လျှပ်စစ်ဓာတ်အား မြင့်တက်ခြင်း (Over Loading)၊ ချွတ်ယွင်း ပျက်စီးနေသော လျှပ်စစ်ပစ္စည်းများ အသုံးပြုခြင်း (Use of Defective Tools and Applian)၊ မီးအားထိန်းကိရိယာ (Safe Guard) ချွတ်ယွင်း၍ အလိုအလျောက် (Auto) ပြုတ်မကျခြင်းတို့ကြောင့် မီးလောင်မှုများ စတင် ဖြစ်ပွားနိုင်ပြီး မလိုလားအပ်သော ဆုံးရှုံးမှုများ ဖြစ်ပွားနိုင်သဖြင့် လျှပ်စစ်ဓာတ်အားအသုံးပြုရာတွင် ချွတ်ယွင်းပျက်စီးနေသော လျှပ်စစ်ပစ္စည်းများ၊ မီးကြိုးများ မသုံးစွဲကြရန်၊ စံချိန်စံညွှန်းနှင့်ကိုက်ညီသည့် လျှပ်စစ်ပစ္စည်း များကိုသာ သုံးစွဲကြရန်၊ လျှပ်စစ်ပစ္စည်းများကို မီးဒဏ်ခံနိုင်သော နေရာများတွင်သာ တပ်ဆင်၍ အနီးအနားတွင် မီးလောင်လွယ်သော ပစ္စည်းများမထားရှိစေရေး၊ သတိပေးနှိုးဆော်အပ်ပါသည်။

ငါး/ပုစွန်မွေးမြူသူများ လိုင်စင်လဲလှယ်ရန် သတိပေးနှိုးဆော်ချက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် မြန်မာနိုင်ငံအတွင်း ငါးမွေးမြူရေးလုပ်ငန်းများ စနစ်တကျဖြစ်စေရေးအတွက် ငါးမွေးမြူရေးဆိုင်ရာ ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီးဖြစ်သည်။

ငါးလုပ်ငန်းဦးစီးဌာနသည် အဆိုပါဥပဒေနှင့်အညီ ငါး/ပုစွန်မွေးမြူရေး လိုင်စင်၊ ငါး/ပုစွန်သားပေါက်ထုတ်လုပ်ခြင်းလိုင်စင်၊ အလှမွေးငါးမွေးမြူခြင်းလိုင်စင် စသည်များကို ထုတ်ပေးလျက်ရှိရာ ယခုအခါ လိုင်စင်ရရှိထားသူများသည် ၂၀၁၀-၂၀၁၁ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ဆက်လက်လုပ်ကိုင်ခွင့်ရရှိရန်အတွက် သက်ဆိုင်ရာ မြို့နယ်/ခရိုင် ငါးလုပ်ငန်းဦးစီးဌာနများ၌ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုင်စင်အသစ် လဲလှယ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက နှိုးဆော်ထားသည်။

ထို့အပြင် ငါး/ပုစွန်မွေးမြူခြင်းဆိုင်ရာ လုပ်ငန်းများကို စတင်လုပ်ကိုင်လိုသူများသည် သက်ဆိုင်ရာ မြို့နယ်/ခရိုင် ငါးလုပ်ငန်းဦးစီးဌာနများ၌ လိုင်စင်လျှောက်ထားရယူပြီးမှသာ လုပ်ကိုင်ကြရမည်ဖြစ်ပြီး ငါးမွေးမြူခြင်းလိုင်စင်မရှိဘဲ ငါး/ပုစွန်မွေးမြူရေး လုပ်ငန်းများကို လုပ်ကိုင်နေကြောင်း စစ်ဆေးတွေ့ရှိရပါက ငါးမွေးမြူခြင်းဆိုင်ရာ ဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

ငါးလုပ်ငန်းဦးစီးဌာန
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

ပညာပေးနှိုးဆော်ချက်အမှတ်-၁ ငါးရစ်ငါးသန်ဘေးမဲ့ချန်၊ ပုံမှန်စားသုံး မျိုးမသုဉ်း

မိုးဖြိုင်ဖြိုင်ရွာသော မေလနှောင်းပိုင်းနှင့် ဇွန်၊ ဇူလိုင်လများတွင် မြစ်၊ ချောင်း၊ အင်းအိုင်အနှံ့အပြား၌ မျိုးရည်ပြည့်ဝသော ငါးထီးကြီးများနှင့် ဥများဖြင့် ပြည့်နေသော ငါးမကြီးများသည် ဥချရန် နေရာရှာဖွေ၍ ငါးရစ်တက်ကြသည်။

ထိုငါးရစ်တက်ငါးများကို ဖမ်းဆီးလိုက်ပါက ပေါက်ဖွားလာမည့် သန်းပေါင်းများစွာသော ငါးသားပေါက်လေးများသည်လည်း သေကျေပျက်စီးကာ တစ်နိုင်ငံလုံး ဖူလုံစွာ စားသုံးမှုနှင့် အမျိုးသားစီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူမပြုနိုင်တော့ဘဲ ငါးမျိုးပြုန်းတီးသွားစေနိုင်သည်။

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာ အမှတ်(၂/၉၂)ဖြင့် ငါးရစ်၊ ငါးသန်ရာသီချိန်များတွင် ငါးလုပ်ငန်းဦးစီးဌာန၏ ခွင့်ပြုချက်မှတစ်ပါး ငါးများဖမ်းဆီးခြင်းမပြုရန် တားမြစ်ထားသည်။ အဆိုပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ(၄၅)အရ ဖမ်းဆီးတရားစွဲဆို အပြစ်ပေးနိုင်ရန် ပြဋ္ဌာန်းထားသည်။

သို့ပါ၍ ငါးရစ်တက်ချိန်နှင့် ငါးသားပေါက်သော မိုးရာသီအချိန်များတွင် လွတ်လပ်စွာ ဥချသားပေါက်နိုင်ရန် ဖမ်းဆီးခြင်းမပြုဘဲ ဘေးမဲ့ပေးကြပါရန် နှိုးဆော်အပ်ပါသည်။

ငါးလုပ်ငန်းဦးစီးဌာန
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

ကချင်ပြည်နယ်ရွှေကူမြို့ အထက(၁) တတိယအကြိမ် မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းတွင် ပညာသင်ကြားခဲ့သည့် ကျောင်းသား ကျောင်းသူ ဟောင်းများ၏ တတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ကန်တော့ပွဲကို မေ ၂၅ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် အထက(၁) ပညာ့ဂုဏ်ရည် ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အသက်(၆၀)ပြည့် အငြိမ်းစားယူသွားကြသော ဆရာကြီး ဆရာမကြီး များသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အပူဇော်ခံတက်ရောက် ကြပါရန်နှင့် ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့် ပူဇော်ကန်တော့ ပွဲသို့ မပျက်မကွက်တက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားသည်။

အလှူငွေများကို ဦးကျော်ဝင်း(ကျောင်းအုပ်ဆရာကြီး၊ အထက-၁) ဖုန်း-၀၇၄-၅၂၀၂၈၊ ဦးဝင်းမောင်သိန်း ဖုန်း-၀၇၄-၅၂၀၅၆၊ ဦးအောင်နိုင် ဖုန်း-၀၇၄-၅၂၁၁၉၊ ဦးအုန်းမြင့် ဖုန်း-၀၇၄-၅၂၀၆၆၊ ဦးကျော်စိုးနိုင် ဖုန်း-၀၉-၂၇၀၁၇၂၂၀၊ ဒေါ်ဝါဝါကို (အထက-၁)ဖုန်း-၀၇၄-၅၂၀၃၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ် ၇၇၆၊ စာဂ(၁၈)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ် ၄၊ လူနေရပ်ကွက် ၄၊ မြေကွက်အမှတ် ၇၇၆၊ ဧရိယာပေ(၄၀×၆၀) နှစ် ၆၀ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေယာစီမံခန့်ခွဲမှုဌာနတွင် ဦးချစ်သာ-ဒေါ်စန်းအမည်ပေါက် ပိုင်ဆိုင်ပြီး ဦးချစ်သာမှာ ၂၅-၃-၂၀၀၃ရက်တွင် ကွယ်လွန်ပြီးနောက် အမွေဆက်ခံပိုင် ခွင့်ရှိသူ ဇနီးဒေါ်စန်း ၁၁/စတန(နိုင်)၀၀၉၆၅၀ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့် ကွက်လိုသူများသည် ဖော်ပြပါမြေအိမ်နှင့်ပတ်သက်၍ ကြော်ငြာသည့်ရက်မှ စပြီး ခုနစ်ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိလျှင် အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်၍စာချုပ်ပြုလုပ် ချုပ်ဆိုသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်တင်တင်လှိုင်(တရားရုံးချုပ်ရှေ့နေ)
အမှတ် ၁၆၁၊ အီး၊ မြေညီထပ်၊ ကျိုက္ကဆံလမ်း၊ တာမွေမြို့နယ်၊ရန်ကုန်မြို့၊ ဖုန်း-၅၄၈၈၇၅။

ဦးခင်မောင် ၁/မကန(နိုင်) ၀၂၈၁၀၉ နှင့် အများသိစေရန်

ကျွန်ုပ်မ၏ မိတ်ဆွေများဖြစ်သော မောင်ဝီလီခင်မောင်နှင့် မောင်ချာလီခင်မောင် တို့၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

လူကြီးမင်း၏ ၁၆-၄-၂၀၁၀ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ ကြေညာ ချက်အရ သားများအဖြစ် အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာချက်မှာ စွန့်ပစ် အစ္စလာမ်ဘာသာဝင်များဖြစ်ကြသော လူကြီးမင်းနှင့်သားများအကြား တရားမဝင် ကြောင်း ပြန်လည်ရှင်းလင်း ကြေညာအပ်ပါသည်။

မိခင်ဖြစ်သူ ဒေါ်မိမိမာကွယ်လွန်ပြီးနောက် အောက်စာရင်းပါပစ္စည်းများ ကျန်ခဲ့ပါသည်။

၁။ အိမ်အမှတ် (၂၅၃)၊မြို့သစ်ရပ်၊မြစ်ကြီးနားမြို့ဟုခေါ်တွင်သော ပေ၈၀× ပေ၆၀ခန့် အကျယ်အဝန်းရှိ မြေကွက်ပေါ်ရှိ အဆောက်အအုံနှင့် Snow Water အမည်ရှိ ရေသန့်လုပ်ငန်းနှင့် ဆက်စပ်ပစ္စည်းများအားလုံး။

၂။ ယုဇနကွက်သစ် မြစ်ကြီးနားမြို့ဟုခေါ်တွင်သော ပေ၈၀×ပေ၆၀ခန့် အကျယ်အဝန်းရှိ မြေကွက်နှစ်ကွက်နှင့်ပူးတွဲပါ သွပ်မိုးထရံကာ အိမ်ငယ်တစ်လုံး။

၃။ မြစ်ကြီးနားခရိုင်၊ ဝိုင်းမော်မြို့နယ်၊နောင်တာလောကျေးရွာအုပ်စု၊ ဟိုးလော် ကျေးရွာရှိ ၁ဒသမ၅ဧကခန့်ရှိ မြေကွက်။

၄။ မြစ်ကြီးနားမြို့နယ်၊ မြေမြင့်ရပ်ကွက်၊ မိုင်တဲကွေ့ရှိ ပေ၅၀×ပေ၆၀ခန့် အကျယ်အဝန်းရှိ မြေကွက်။

၅။ အမှတ်(၃၁)၊ လေးလွှာ(ဝဲ)၊မြေနုလမ်း၊ မြေနီကုန်းမြောက်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်ရှိ တိုက်ခန်းတစ်ခန်း။

အမှတ်စဉ်(၅)မှာ သားငယ်ဖြစ်သူ ချာလီခင်မောင်လက်ရှိနေထိုင်ပြီး၊ အမှတ်စဉ် (၁)မှာ သားကြီးဖြစ်သူ ဝီလီခင်မောင်နှင့် ဇနီးဆုမြတ်ပိုင်တို့နေထိုင်၍ Snow Water ရေသန့်လုပ်ငန်းလုပ်ကိုင်နေပါသည်။

အဆိုပါပစ္စည်းများကို ကျွန်ုပ်မိတ်ဆွေများမသိဘဲ စွန့်လွှတ်၊ ပေးကမ်း၊ ပေါင်နှံ၊ ရောင်းချ၊ လွှဲပြောင်း၊ လှူဒါန်းခြင်းမပြုရန် အသိပေးတားမြစ်လိုက်ပါသည်။

လွှဲအပ်ညွှန်ကြားသူ-	**လွှဲအပ်ညွှန်ကြားချက်အရ-**	
ဝီလီခင်မောင်	**ဒေါ်ခင်သန်းအေး**	**ဒေါ်ဆုပြည့်စုံ**
၁/မကန(နိုင်)၁၀၁၉၇၃	**B.Com,H.G.P,R.L,**	**LL.B,DLP (WIPO-**
ချာလီခင်မောင်	**DLP(WIPO-Switzerland)**	**Switzerland)**
၁/မကန(နိုင်)၁၁၈၁၀၂	**တရားရုံးချုပ်ရှေ့နေ**	**အထက်တန်းရှေ့နေ**
	(စဉ်-၆၀၉၅)	**(စဉ်-၂၉၇၇၁)**

အမှတ်(၂၈)၊ငါးလွှာ၊ ၁၂၅လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

အဆင့်မြင့်လုံးချင်းအိမ်ပုံစံတိုက်ခန်းကျယ်ရောင်းမည် (ဦးရာလူရမည်)

လေးထပ်တိုက်အပေါ်ဆုံးထပ် (၃၅ပေ×၃၅ပေ)အခန်းကို အဆင့်မြင့်ပြင်ဆင်၊ ထပ်ခိုးပြည့်(ခေါင်းလွတ်)၊ အောက်ထပ်အမြင့် ကိုးပေ၊ ထပ်ခိုး(၇၀၀sqft)တွင်- ၃ပေ×၉ပေ ဝရန်တာနှစ်ခု၊ ဘုရားခန်း၊ စာကြည့်ခန်း၊ made အခန်း၊ ဘေစင်တစ်ခု၊ 5KVA မီးစက်တစ်လုံး၊ ပလတ်စတာဘုတ် မျက်နှာကျက်အတွင်း အပူဒဏ်ခံ ဂွမ်းလိပ်များ တပ်ဆင်ထားခြင်း၊ ကြွေပြားခင်း၊ စတီးလ်လှေကား… အောက်ထပ် (၁၂၅၀sqft)တွင်-ထမင်းစား ခန်း၊ ရေချိုးခန်းတွဲလျက် အဝတ်လဲခန်း(ရေပူရေအေး၊ Pressure Pump bathtap၊ ဘိုထိုင်) အများသုံးရေချိုးခန်း၊ မီးဖိုခုံပေါ် အောက်၊ ဧည့်စုပ်စက်၊ ဧည့်ခန်းနှစ်ခန်း၊ အိပ်ခန်းနှစ်ခန်း၊ ၃ပေ×၉ပေ ဝရန်တာနှစ်ခု၊ အဆင့်မြင့်တိုင်လုံး မျက်နှာကျက်ပြင်ဆင်ထား၊ စလောင်းနှစ်လိုင်း၊ Aircon လေးလုံး၊ ကားပါကင်သီးသန့်ပါ၊ ပါကေးသံပန်း ခြင်ဆန်ခါပြည့်၊ ရေမီးကိုယ်ပိုင်၊ အရှေ့လှည့်ထောင့်ခန်း၊ ခန်းတိုင်းပတ်လည်ပြတင်းပေါက်ကျယ်များပါရှိသဖြင့် တိုက်ခန်းနှင့် လုံးဝမတူခြင်း၊ ကပ်ရပ်တိုက်နှင့်ဝေးခြင်း၊ မျက်နှာချင်းဆိုင်တိုက်မြင့်မရှိ၊ ဈေးနှင့်နီးခြင်း…

လှိုင်မြို့နယ်၊ အေးရိပ်မွန်အိမ်ရာ၊ ချောင်းဝ-ဘူတာရုံမှတ်တိုင်အနီး…
ရောင်းဈေး-ကျပ်သိန်း၄၈၀၊ ဖုန်း-၀၉-၅၁၀၁၃၁၃၊ ၀၉-၅၀၄၈၂၄၃၊ ၅၃၀၀၀၃။



သိန်းနီမြို့ ပိန်းအွယ်ဓမ္မရိပ်သာကျောင်း သာသနာ့နွယ်ဝင်သီလရှင်အပါး(၅၀)ဝတ်ပွဲနှင့် အထူးတရားပွဲ

သိန်းနီမြို့ ပိန်းအွယ်ဓမ္မရိပ်သာကျောင်းဆရာတော် ဦးဥတ္တမခန္တီနှင့် နှစ်ဖက်မိဘများ အမှူး ထား၍ အလှူရှင် ဦးအောင်ကြီး-ဒေါ်နန်းတိုးတိုးရွှေ၊ (သား)မောင်တင်ထွန်းအောင် (အောင် စည်းဇိမ်ကျောက်မျက်ကုမ္ပဏီ) (ကျေးဇူးကြီးလှမိနှင့်ဖ)မိသားစုမှ ၄-၄-၂၀၁၀ရက်တွင် သိက္ခာ ထပ်၊ ရဟန်းခံ၊ ရှင် (၁၀၈)ပါး သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်ခြင်း အလှူတော်မင်္ဂလာ အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီဖြစ်ပါသည်။ ၅-၅-၂၀၁၀ရက်တွင်လည်း သီလရှင်အပါး(၅၀) ဝတ်ပွဲအလှူတော်ကို စည်ကားသိုက်မြိုက်စွာ ထပ်မံကျင်းပသွားမည်ဖြစ်ပြီး အထူးတရားပွဲများ ကိုလည်း အောက်ပါအတိုင်း ကျင်းပပြုလုပ်သွားမည် ဖြစ်ပါသည်။

၄-၅-၂၀၁၀ရက် - ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ (တိပိဋကပါဠိပါရဂူ၊ ရွှေရတုတိပိဋကဓရ-ဓမ္မဘဏ္ဍာဂါရိက)။

၅-၅-၂၀၁၀ရက်နှင့် ၆-၅-၂၀၁၀ရက်-ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ (ဗန်းမော်ဆရာတော်) အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက အကျိုးတော်ဆောင်ချုပ်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့။

၇-၅-၂၀၁၀ရက် - ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ (ရွှေရတုတိပိဋကဓရ-ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ)။

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၅၄တိုးချဲ့ရပ်ကွက်၊ နွယ်နီလမ်း၊ အမှတ် ၁၃၂၀နေ (ဦးအုန်းစိန်)-ဒေါ်သန်းသန်းဝင်းတို့၏သား မောင်သက်မျိုးဦး(ခ)မောင်ဝင်းသူသည် မိဘများ၏ ဆိုဆုံးမမှုများကို မနာခံဘဲ မိမိသဘော ဆန္ဒအတိုင်း ပြုမူသွားပါသဖြင့် ယနေ့မှ စ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ် လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စများကို လုံးဝတာဝန်မယူပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)
ဒေါ်သန်းသန်းဝင်း
၁၂/ကတန(နိုင်)၀၄၆၃၃၇။

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မူဆယ်မြို့နယ် ဈေးရပ်ကွက်နေ ဦးမောင်ပန်-ဒေါ်အေးခင်တို့၏သမီး နန်းကြည်ကြည်အေး ၁၃/မဆတ(နိုင်) ၀၄၂၉၀၄သည် မိဘ၏ဆိုဆုံးမမှုကို လုံးဝမနာခံဘဲ မိဘနှစ်ပါးအား စိတ်ဆင်းရဲအောင်ပြုလုပ်သဖြင့် ယနေ့မှစ၍ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအားလုံး တာဝန်မယူပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)
ဦးမောင်ပန် ၁၃/မဆတ(နိုင်)၀၀၂၀၇၈
ဒေါ်အေးခင် ၁၃/မဆတ(နိုင်)၀၀၂၁၀၆။

ရွှေဘုန်းပွင့်စေတီတော် ညောင်ရေသွန်းလောင်းပူဇော်ပွဲ

ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့် စေတီတော်မြတ်ကြီး တွင် ၁၃၇၂ခုနှစ် ကဆုန်လပြည့် (ဗုဒ္ဓနေ့) မေ ၂၇ရက်(အင်္ဂါနေ့) နံနက် ၅ နာရီတွင် စေတီတော်ကြီး၏ ဩဝါဒါစရိယဆရာတော်များ ဦးဆောင်၍ ဆရာတော်၊ သံဃာတော်အပါး ၅၀ကျော်နှင့် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့တို့က ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲနှင့် ဆွမ်းတော်ကြီး ကပ်လှူပွဲကို ဆောင်ရွက်တော်မူကြမည်ဖြစ်သည်။

ကဆုန်လပြည့်(ဗုဒ္ဓနေ့) အင်္ဂါနေ့တွင် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး သို့ လာရောက်ကြသော ဘုရားဖူးများ စိတ်ချမ်းမြေ့စွာ ညောင်ရေသွန်း လောင်း ပူဇော်နိုင်ရန် ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများက ညောင်ရေအိုး၊ အောင်သပြေ၊ အမွှေး နံ့သာများကို နံနက် ၆နာရီမှ ညနေ ၆နာရီအထိ စီစဉ်ပေးထားမည်ဖြစ်ပြီး စတုဒိသာအလှူရှင်များနှင့် လှူဒါန်းလိုသူများ ဂေါပကအဖွဲ့ရုံး ဖုန်း- ၂၉၀၄၂၅ သို့ ဆက်သွယ် လှူဒါန်းနိုင်ပါသည်။ **ဂေါပကအဖွဲ့။**



အမည်ပြောင်း

အဖဦးအောင်ကျော်၏သား အထက(၃)တာမွေ သတ္တမတန်း တွင် ပညာသင်ကြားနေသော မောင်ဟိန်းထက်စံအား ယနေ့မှစ၍ မောင်ဟိန်းထက်နိုင်ဟုခေါ်ပါရန်။

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မော်လမြိုင်မြို့၊ လှိုင်ရပ်ကွက်နယ်မြေ၊ လှည်းတန်းရပ်၊ သုတလမ်း၊ အိမ်အမှတ် (၅၉/အေ)နေ (ဦးလှသွင်)-ဒေါ်တင်မွေးတို့၏သမီး မခင်အေးချို(ခ)မချို ၁၀/မလမ(နိုင်)၀၄၁၁၀၁သည် မိခင်အား အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်ပါ သဖြင့် ယနေ့မှစ၍ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ် သက်သည့်ကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

လွှဲအပ်ညွှန်ကြားသူ-	**လွှဲအပ်ညွှန်ကြားချက်အရ-**
ဒေါ်တင်မွေး MMN - ၅၃၃၉၂၉	**ဦးတင်ထွန်း (အထက်တန်းရှေ့နေ)**
	(စဉ်-၂၃၁၃၄)

အမှတ် ၄၄၊ သုတလမ်း၊ ဒိုင်းဝန်ကွင်း၊ မော်လမြိုင်မြို့။

ဖားအောက်တရားပွဲ

ဖားအောက်တောရ ကမ္မဋ္ဌာနာစရိယ အရှင်ဉာဏဝံသသည် ၂၄-၄-၂၀၁၀ရက်မှ ၂၆-၄-၂၀၁၀ရက်အထိ ညစဉ်၇နာရီတွင် စမ်းချောင်းမြို့နယ် ကံမြင့်ကျောင်းတိုက်၌ နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားချီးမြှင့်ပါမည်။

သင့်သွေးဖြင့် အသက်ကယ်ပါ



မြဝတီမြို့ အမှတ် (၂)ရပ်ကွက် ကိုယ့်အားကိုယ်ကိုး ရွှေဒဂုံလမ်းတွင် ကတ္တရာခင်းနေမှုအခြေအနေကို အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးငွေစိုးတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းသစ် တက္ကသိုလ်ရိပ်မွန်အိမ်ရာ ခြံအမှတ် (E-6)နေ ဦးကျော်ဒွန်း-ဒေါ်ကျင်ရွှေတို့၏ (၅၇) နှစ်မြောက် မင်္ဂလာအလှူအဖြစ် ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ်သုံးသိန်းလှူဒါန်းရာ အတွင်းရေးမှူး ဦးထွန်းအေး လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

တောင်ကြီးမြို့တစ်ခွင် ခရီးသွားလိုပါလျှင် သင့်အတွက်ယာဉ်

သတင်းခရီးသည်-မောင်မောင်မြင့်ဆွေ ➤ ဓာတ်ပုံမှတ်တမ်း-လေးနွယ်(မင်္ဂလာဒုံ) ➤ စာမျက်နှာဖွဲ့စည်းမှု-မိုးမိုးအောင်(မြန်မာ့အလင်း)

တောင်ကြီး ဧပြီ ၂၃

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ကား ယခင်နှင့်မတူ တဖြည်းဖြည်း စည်ကားလာသည်။ မြို့ဧရိယာ ကျယ်ပြန့်လာသလို လူနေထိုင်မှုကလည်း ပိုမိုသိပ်သည်းလာသည်။ တောင်ကြီးမြို့နေရာတိုင်း၊ လမ်းတိုင်းတွင် သွားလာလှုပ်ရှားသူများကို ပျားပန်းခပ်မျှ မြင်တွေ့ရသည်။

စာမျက်နှာ ၇ ကော်လံ ၁ ●

တောင်ကြီးမြို့မဈေးအနီးဂိတ်တွင် ပြည်သူများ ခရီးသွားလာရေး အဆင်ပြေစေရန် ဤသို့ မော်တော်ယာဉ်များ အသင့်ထားရှိပေးထားသည်။

မြန်မာ့အလင်း ကမ္ဘာတစ်လွှားထူးခြားဆန်းပြား

ကမ္ဘာ့အကြီးဆုံး ရေခဲဟိုတယ်



ဆွီဒင်နိုင်ငံ ဂျူကာဂျာဗီမြို့တွင် ပြုလုပ်ထားသော ရေခဲဟိုတယ်ကြီးမှာ ကြမ်းခင်းဧရိယာ အကျယ်အဝန်း စတုရန်းပေ ၆၄၀၀၀ ရှိသဖြင့် ကမ္ဘာပေါ်ရှိ အကြီးဆုံး ရေခဲဟိုတယ်ကြီး ဖြစ်သည်။

အခန်းပါဝင်မှု

ယင်းရေခဲဟိုတယ်တွင် အခန်းကျယ် ၁၅ခန်းပါရှိပြီး ရေခဲဖြင့်ပြုလုပ်ထားသည့် အိပ်ခန်းပေါင်း ၈၀ ပါရှိသည်။ ရုပ်ရှင်ရုံခန်းမ၊ ရေခဲဖြင့်ပြုလုပ်ထားသော စားသောက်ခန်း၊ ရေခဲများဖြင့်ပြုလုပ်ထားသည့် အပန်းဖြေခန်းများ ပါရှိသည်။

နှစ်စဉ် နွေဦးရာသီနှင့် နွေရာသီများတွင် ဖွင့်လှစ်လျက်ရှိရာ လာရောက်တည်းခိုသည့်ဧည့်သည် များပြားနေသဖြင့် ကြိုတင်စာရင်းသွင်းသည့်စနစ်ကို အွန်လိုင်းဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။ ။

အင်တာနက်

ကိုသစ္စာ - ရေးသားသည်

ထူးခြားသည့်နေ့အပူချိန် ၂၃-၄-၂၀၁၀

မင်းဘူးမြို့	၄၄ ဒသမ ၂ ဒီဂရီစင်တီဂရိတ်
မြင်းခြံမြို့	၄၃ ဒသမ ၈ ဒီဂရီစင်တီဂရိတ်
မကွေးမြို့	၄၃ ဒီဂရီစင်တီဂရိတ်
မန္တလေးမြို့	၄၂ ဒသမ ၈ ဒီဂရီစင်တီဂရိတ်
ချောက်မြို့	၄၂ ဒသမ ၆ ဒီဂရီစင်တီဂရိတ်